# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် စနေနေ့၊ 28, Saturday May 2016 (၈၅၇၅)


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ-၁၉၄)



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်မှုနှင့် နိုင်ငံသားဟောင်းများ၏စွမ်းအားများပါဝင်လာစေရေး ဦးတည်ဆောင်ရွက်မည့် ရက် ၁၀၀


စာမျက်နှာ
၁၆
၁၇


# လွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်တစ်ဦးပါဝင်သည့် နိုင်ငံရေးပါတီများကိုသာ ငြိမ်းချမ်းရေးညီလာခံတွင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းမည့်မှုကို ကိုင်စွဲထားဟုဆို

နေပြည်တော် မေ ၂၇

**၂၁ ရာစု ပင်လုံညီလာခံကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အပေါ် အခြေခံ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ အခန်းကဏ္ဍသည် ဆက်ပြီးရှင်သန်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)




# တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် မေ ၂၇**

ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို ချိန်ခွင်လျှာညီမျှအောင် စီမံဆောင်ရွက်ရန်၊ တရားမျှတခြင်းကို ကရုဏာဖြင့် ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မှာကြားလိုက်သည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တွေ့ဆုံစဉ် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရအုပ်ချုပ်ရေးယန္တရားအသစ် စတင်ဆောင်ရွက်သည့်ကာလတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တွေ့ကြုံရသည့် အခက်အခဲများကို သိလိုပါကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အချိတ်အဆက်မိမှသာ အစိုးရအဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရတို့အကြား ဆက်သွယ်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၌ တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှာကြားသည်။

ယနေ့အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံသားများ၏ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို ချိန်ခွင်လျှာညီမျှအောင် စီမံဆောင်ရွက်ရန်၊ ပြည်သူများထံမှ မြေယာပြဿနာဆိုင်ရာတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ကြရာတွင် တရားမျှတခြင်းကို ကရုဏာဖြင့် တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ရန်၊ ဒုတိယသမ္မတဦးဆောင်သည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် မြေယာသိမ်းဆည်းမှုများရပ်ဆိုင်းထားရေး ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ အုပ်ချုပ်ရေးကိစ္စရပ်များဆောင်ရွက်ရာတွင် ဥပဒေအရာရှိချုပ်နှင့် ဥပဒေပညာရှင်များ၏ သဘောထားကို အလေးထားဆောင်ရွက်ကြရန်၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ လျော့နည်းပပျောက်စေရန်အတွက် အုပ်ချုပ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသာမက လူငယ်လူရွယ်များနှင့် ၎င်းတို့၏ မိဘများပါဝင်လာရေး အလေးထားဆောင်ရွက်ကြရန်၊ လူငယ်လူရွယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု တွင်ကျယ်နေခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစီအမံတစ်ခုချမှတ်ဆောင်ရွက်ရန်၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော်လည်း လုပ်ပိုင်ခွင့်ကျော်လွန်၍ ဆောင်ရွက်သည့် အနေအထားမျိုးမဖြစ်စေရေး သတိပြုဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများသွားလာမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပြည်ထောင်စုအစိုးရအကြား ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ❖ ရှေ့ဖုံးမှ

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပရာ UPDJC ၏ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"UPDJC ဖွဲ့စည်းပုံကိုတော့ ပြောင်းလဲရပါလိမ့်မယ်။ ဒါတွေကိုလည်း ဆက်ပြီးတော့ ဒီနေ့အစည်းအဝေးနဲ့ မနက်ဖြန်အစည်းအဝေးတွေမှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အပြောင်းအလဲဆိုတာကလည်း နိုင်ငံရေးအပြောင်းအလဲတွေနဲ့ ကိုက်ညီအောင်၊ နောက်ပြီး နောင်အနာဂတ်မှာ ကျွန်မတို့ လိုအပ်ချက်တွေနဲ့လည်း ကိုက်ညီအောင် ပြောင်းလဲသင့်တဲ့နေရာမှာ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲခြင်းအားဖြင့် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုပြီးအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်လို့ ပြောင်းလဲရတာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကိုယ်စားပြုတက်တာ မဟုတ်ပေမယ့်လည်း တောက်လျှောက်ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ဆက်သွယ်တဲ့အခါမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့ ညှိနှိုင်းဆွေးနွေးခဲ့တာ အများကြီးရှိပါတယ်။ အဲဒီအချိန်က ရပ်တည်ခဲ့တဲ့ မူဝါဒတွေအတိုင်း ဆက်လက်ပြီးရပ်တည်သွားမှာပါ။ ဘာဖြစ်လို့ပြောရသလဲဆိုတော့ အခုပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီကို ဖွဲ့စည်းတဲ့ကိစ္စတွေ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကနေ ခွင့်ပြုထားတဲ့ ပြုပြင်ပြောင်းလဲနိုင်တဲ့နေရာတွေမှာ ပြုပြင်ပြောင်းလဲမယ့်ကိစ္စတွေဟာ တစိုက်မတ်မတ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်ပြတဲ့မူတွေအရ လုပ်သွားမှာပါ။ အခုမှ ပြောင်းလဲပြီး လုပ်သွားမှာမဟုတ်ပါဘူး"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက် ပြောကြားသည်။

"ယခုအစည်းအဝေးရဲ့ အဓိကရည်ရွယ်ချက်က ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်လက်ပြီး ချောချောမွေ့မွေ့ဖြစ်စေဖို့ဖြစ်ပါတယ်။ MPC ကို ပြန်လည်ဖွဲ့စည်းရေးလည်းဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် ပြင်ဆင်ရေးဖြစ်ပါတယ်။ တချို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ ၂၁ ရာစု ပင်လုံညီလာခံကို တစ်ခုစီဖြစ်မှာလားလို့ မေးကြပါတယ်။ တစ်ခုတည်းပါ။ နာမည်တစ်ခုတည်းမဟုတ်ဘဲ နာမည်နှစ်ခုသုံးတယ်ဆိုတာက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံဆိုတာကလည်း အင်မတန်မှ တင့်တယ်ပြီး အများကနှစ်သက်တဲ့ နာမည်တစ်ခုဖြစ်သလို ၂၁ ရာစု ပင်လုံဆိုတာကလည်း အများနှစ်သက်တဲ့ဟာ ဖြစ်ပါတယ်။ နှစ်ခုစလုံးက အတူတူပါပဲ" ဟု ယနေ့အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အရင်နှစ်နိုဝင်ဘာလကရွေးကောက်ပွဲအောင်ပြီးတော့မှ တစ်မျိုးစိတ်ပြောင်းပြီး လုပ်တာတွေဘာမှမပါပါဘူး။ တစိုက်မတ်မတ်မူအရ ငြိမ်းချမ်းရေးအတွက် လိုအပ်တယ်ထင်ပြီး တင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ ကိုက်ညီစွာ ပြုပြင်ပြောင်းလဲဖို့သင့်တယ်လို့ ထင်တဲ့နေရာတွေမှာ ပြုပြင်ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒီမှာတက်လာတဲ့ UPDJC အဖွဲ့ဝင်တွေထဲမှာဆိုရင် တိုင်းရင်းသားတွေဘက်ကလည်း ပါပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေဘက်ကလည်း ပါပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေဘက်ကလည်း ပါပါတယ်။ အစိုးရဘက်ကလည်း ပါပါတယ်။ ဒီလိုအဘက်ဘက်က ပါလာတဲ့နေရာမှာ အစိုးရဘက်ဆိုရင်တော့ ပုဂ္ဂိုလ်တွေကပြောင်းသွားပါပြီ။ ထမ်းဆောင်တဲ့တာဝန်အရ ဆက်ပြီးပါတဲ့ပုဂ္ဂိုလ်တွေရှိပါတယ်။ အခုဝန်ကြီးတွေက အရင်ကဝန်ကြီးတွေ မဟုတ်ပေမယ့် အရင်ကပါဝင်လာခဲ့တဲ့ ဝန်ကြီးဌာနတွေကို ကိုယ်စားပြုပါတယ်"ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်တဲ့ သုံးယောက်ကတော့ အရင်ကတည်းက ပါဝင်ခဲ့တာပါ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေကလည်း အရင်ကတည်းက ပါဝင်ခဲ့တာဖြစ်ပါတယ်။ အခြားနိုင်ငံရေးပါတီများက ပါဝင်ခဲ့တဲ့အဖွဲ့အစည်းတွေကလည်း အခုဒီအချိန် ဒီအစည်းအဝေးမှာတော့ ပါဝင်နေပါတယ်။ ဒါတွေက အပြောင်းအလဲရှိမယ်ဆိုတာ ကျွန်မပြောလိုပါတယ်။ အပြောင်းအလဲရှိမယ်ဆိုတာ ရွေးကောက်ပွဲရလဒ်အရတင်မဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ မူအရလည်း ပြောင်းလဲသင့်တယ်လို့ ထင်တဲ့နေရာတွေမှာ ပြောင်းလဲမှာဖြစ်ပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ပတ်သက်လို့ရှိရင် မြန်မာနိုင်ငံမှာ လက်ရှိနိုင်ငံရေးအဖွဲ့အစည်း ၉၀ ကျော်ရှိပါတယ်။ ၉၀ ကျော်တဲ့ အဖွဲ့အစည်းတွေအားလုံးကို ငြိမ်းချမ်းရေးညီလာခံထဲမှာ ကိုယ်စားပြုရေး၊ မပြုရေးဆိုတာ တစ်ယောက်နဲ့တစ်ယောက် သဘောထားတူညီမှုတွေမရှိပါဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အရင်တုန်းကလည်း ပြောခဲ့ပါတယ်။

"အခုလည်း အဲဒီမူအတိုင်း ဆက်လက်ရပ်တည်သွားမှာပါ။ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ ပါဝင်မှုဟာ နိုင်ငံရေးအဖွဲ့အစည်းတွေက ပြည်သူလူထုကို လွှတ်တော်အသီးသီးမှာ ကိုယ်စားပြုမှုအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ရမယ်လို့ ယုံကြည်ပါတယ်။ ပြောချင်တာက ၉၀ ကျော်သော နိုင်ငံရေးပါတီအားလုံးမဟုတ်ဘဲနဲ့ လွှတ်တော်တစ်ခု သို့မဟုတ် တစ်ခုမှာ အနည်းဆုံး ကိုယ်စားလှယ်တစ်ဦးပါဝင်တဲ့ နိုင်ငံရေးပါတီတွေကိုသာ ငြိမ်းချမ်းရေးညီလာခံထဲမှာ ကိုယ်စားလှယ်အဖြစ်နဲ့ ထည့်ဖို့ဆိုတာကို ကိုင်စွဲထားပါတယ်။ ဒီလိုပြောခြင်းအားဖြင့် ကျန်တဲ့နိုင်ငံရေးပါတီတွေဟာ ငြိမ်းချမ်းရေးညီလာခံနဲ့ ဆက်စပ်မှုမရှိတော့ဘူးလားဆိုပြီးတော့ မေးခွန်းထုတ်နိုင်ပါတယ်။ ဆက်စပ်မှုရှိပါတယ်။ ဘာလို့လဲဆိုတော့ လူမှုအဖွဲ့အစည်း CSO တွေပေါ့။ CSO ရဲ့ကဏ္ဍနဲ့ပတ်သက်လို့လည်း တချို့ကမေးပါတယ်။ CSO ကဏ္ဍဆိုတာ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ သမိုင်းအရ ကျွန်မတို့ ကမ္ဘာကြီးရဲ့ ခေတ်သစ်သမိုင်းအရ အမျိုးမျိုးပုံစံတွေနဲ့ ပါဝင်ခဲ့ကြပါတယ်။ တချို့နိုင်ငံတွေမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲထဲမှာ ထည့်ပြီးတော့ လုပ်ဆောင်တာတွေလည်းရှိတယ်။ တချို့ကျတော့ မျဉ်းပြိုင်အနေနဲ့ ဖိုရမ်တစ်ခုအနေနဲ့ CSO တွေက ပါဝင်ပြီးတော့ ဆောင်ရွက်တာတွေလည်း ရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဒုတိယနည်းလမ်းကို သွားမယ်ဆိုပြီးတော့စဉ်းစားထားပြီးဖြစ်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသွားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌက "ကျွန်မတို့နိုင်ငံမှာ လူမှုအဖွဲ့အစည်း (CSO) တွေလည်း များလာပါပြီ။ CSO တွေကိုပါ ငြိမ်းချမ်းရေးညီလာခံထဲမှာ ထည့်လိုက်မယ်ဆိုရင် အင်မတန်မှ ဖောင်းပွသွားနိုင်ပါတယ်။ ညီလာခံရဲ့ အဓိကလိုအပ်ချက်တော့ ထိထိမိမိနဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် CSO ဖိုရမ်တစ်ခုထူထောင်မယ်လို့ မူအရ စဉ်းစားထားပြီး လုပ်သွားမှာဖြစ်ပါတယ်။ ဒီနေ့ အဓိကကတော့ UPDJC ကို ပြန်လည်ဖွဲ့စည်းရေးပဲဖြစ်ပါတယ်။ UPDJC ပြန်လည်ဖွဲ့စည်းတဲ့ကိစ္စတွေမှာ အခုလက်ရှိ UPDJC ထဲမှာ ပါနေတဲ့ အဖွဲ့ဝင်တွေအားလုံးရဲ့ အထင်အမြင်တွေကို သိချင်ပါတယ်။ အသစ်ပါဝင်လာတဲ့ အဖွဲ့ဝင်တွေရဲ့ အမြင်တွေကိုလည်း တင်ပြမှာဖြစ်ပါတယ်။

ဒီလိုအမြင်ချင်းဖလှယ်ပြီးတော့ နောက်ဆုံး ဆုံးဖြတ်ချက်ကိုချမှာပါ။ သိပ်ပြီးတော့ အချိန်ဆွဲလို့လည်း မရပါဘူး။ UPDJC ပြန်လည်ဖွဲ့စည်းရေးကို အမြန်ဆုံးပြီးအောင် လုပ်ရမယ်ဆိုတာဟာ ဒါကိုဖွဲ့စည်းပြီးမှ ငြိမ်းချမ်းရေးညီလာခံ အထူးပြင်ဆင်မှုတွေကို ဆက်လက်ပြီးတော့ လုပ်ကိုင်သွားနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ပြန်လည်ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ပြင်ဆင်ဖွဲ့စည်းမှု၊ ရှေ့လုပ်ငန်းစဉ်များ ပြန်လည်သတ်မှတ်မှုတို့ကို မေ ၂၈ ရက် အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ဇေယျာသီရိမြို့နယ်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးနည်းစနစ်ပညာပေးဆွေးနွေး

**နေပြည်တော် မေ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင်ကျင်းပသည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးနည်းစနစ် ပညာပေးဆွေးနွေးပွဲကိုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုကိုနှင့် ဦးလှမြင့်အောင်တို့က နည်းပညာပေးဆွေးနွေးဟောပြောသည်။

ထို့အပြင်ဇေယျာသီရိမြို့နယ်အတွင်း အထူးအထွက်တိုး စပါးမျိုးများကို မျိုးသန့်ရုံများအဖြစ် ပြုလုပ်ဆောင်ရွက်ပြီး မျိုးသန့်စံပြရွာများထူထောင်နိုင်ရေး၊ စိုက်နည်းစနစ်ကောင်းများ၊ စိုက်နည်းစနစ်အလေ့အကျင့်ကောင်းများကို လိုက်နာပြီး အရည်အသွေးကောင်းသီးနှံများ ထွက်ရှိလာရေးအတွက် ကြိုးစားဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည်။ နေပြည်တော်တိုင်းဦးစီးမှူး၊ ဒု-တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာသော တောင်သူများက အပြန်အလှန်ဆွေးနွေးကြသည်။ ထို့နောက် တောင်သူကိုယ်စားလှယ်ကြီးများအား တပ်ကုန်းမြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော ပဲတီစိမ်းခင်းများသို့ မျက်မြင်ကိုယ်တွေ့သိရှိနိုင်ရန် လေ့လာရေးခရီးပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းလက်ရှိဆောင်ရွက်နေမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၇**

ရန်ကုန်မြို့ရှိ အီတလီနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr. Pier Giorgo သည် ယနေ့နံနက် ၁၁ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အီတလီနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ချုပ်ဆိုထားပြီးဖြစ်သည့် နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာပါပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အီတလီနိုင်ငံနှင့် ယူနက်စကိုတို့ပူးပေါင်း၍ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများလက်ရှိဆောင်ရွက်နေမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆက်လက်အကူအညီပေးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# နိုင်ငံ့ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် မေ ၂၇**

ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ပြည်ထောင်စုရာထူးဝန်ရုံး၊



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ယနေ့ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ဟောပြောသူတာဝန်ကျယာဉ်ထိန်းရဲအရာရှိများက အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေး အမှတ်အသားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအမှား/အမှန် သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

## ❒ ရန်ကုန်မြို့မှ

လမ်းမကြီးတွေပေါ် ချထားတဲ့ လမ်းလယ်တုံးတွေကြောင့်နဲ့ လမ်းမကြီးတွေပေါ်မှာ စည်းကမ်းမဲ့ရပ်ချင်သလိုရပ်တဲ့ ယာဉ်တွေကြောင့် ယာဉ်ကြောပိတ်ဆို့တာတွေအဖြစ်များတာတွေ့ရပါတယ်”ဟု ရန်ကုန်မြို့ ဝန်ထမ်း ဦးမြင့်ဆွေက ပြောသည်။

“လမ်းလယ်တုံးတွေ၊ စည်းကမ်းမဲ့ရပ်တဲ့ယာဉ်တွေကြောင့် ကျွန်တော်တို့ ယာဉ်တွေသွားလာရတာခက်ပါတယ်။ လမ်းလယ်တုံးတွေက စည်းကမ်းဖောက်တဲ့ယာဉ်တွေ မဖောက်နိုင်အောင်ထားတာဖြစ်လို့ ဖယ်သင့်တာလောက် ဖယ်ရင်ရပါတယ်။ ယာဉ်မောင်းတဲ့သူတွေအများစုက စည်းကမ်းဖောက်ကြလို့ လိုအပ်သင့်သလောက်လိုအပ်ပါတယ်။ စည်းကမ်းဖောက်တဲ့ယာဉ်တွေကို အဓိကကျတဲ့ ယာဉ်ကြောတွေမှာ ပိုက်စိပ်တိုက်ရှာဖွေ၊ ချက်ချင်းဖမ်း၊ ချက်ချင်းအရေးယူ၊ အမြဲလုပ်သွားတဲ့စနစ်ကို ပြောင်းသွားရင်တော့ လမ်းလယ်တုံးတွေ ဘယ်နေရာမှမလိုတော့ပါဘူး”ဟု အငှားယာဉ်မောင်း ကိုဇော်ကိုသက်က ပြောသည်။

ယခုအခါ လမ်းလယ်တုံးများကို နေရာတိုင်းဖယ်ရှားခြင်းမပြုလုပ်သေးဘဲ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့ရှိ လမ်းလယ်တုံးများကို ဖယ်ရှားသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များကို ဖယ်ရှားအရေးယူလျက်ရှိပြီး အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းပေါ်ရှိ လမ်းလယ်တုံးများကို ဖယ်ရှားလျက်ရှိကြောင်းသိရသည်။

ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က “ကျွန်မတို့အနေနဲ့ကတော့ ယာဉ်ကြောပိတ်ဆို့မှုကို နည်းလမ်းပေါင်းစုံနဲ့ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ နိုင်ငံခြားပညာရှင်တွေဆီက နည်းလမ်းတွေကိုလည်း စမ်းသပ်ဖို့ကြိုးစားနေပါတယ်”ဟု ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့နိုင်ရေးအတွက် နေ့စဉ် ယာဉ်စီးရေ လေးသိန်းခန့်သွားလာနေသော ရန်ကုန်မြို့လမ်းများပေါ်မှ စည်းကမ်းမဲ့ယာဉ်များကို ဦးစားပေးအရေးယူလျက်ရှိပြီး မြို့ပတ်ရထားလမ်းများအဆင့်မြှင့်တင်ခြင်း၊ မီးပွိုင့်စနစ်များပြောင်းလဲခြင်း၊ လမ်းလယ်တုံးများဖယ်ရှားခြင်း၊ အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်များ တိုးချဲ့ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

■

## ၇၁

ထမင်းကျွေးမယ်
ဟင်းပေးမယ်
ဆာလောင်သူများ
ဝစေ့မယ်...
အမိုးမိုးမယ်
ကာပေးမယ်
မိုးလုံလေလုံ
ရှိစေ့မယ်...
မျက်ရည်သုတ်မယ်
နှစ်သိမ့်မယ်
ငိုနေသူတို့
ပျော်စေ့မယ်...
ငြိမ်းချမ်းစေမယ်
စစ်ရပ်မယ်
ညီအစ်ကိုချင်း
ချစ်စေ့မယ်...
စာတတ်စေမယ်
ကျောင်းဖွင့်မယ်
ကလေးမှန်သမျှ
တော်စေ့မယ်...
တရားစေမယ်
မှန်စေမယ်
ဥပဒေအတိုင်း
ဖြစ်စေ့မယ်...
စေတနာကို
ပညာဉာဏ်လောင်း
ခေါင်းဆောင်ကောင်းတွက်
ဆုတောင်းပျော်မွေ့
ချစ်သရွေ့လျှင်
မွေးနေ့လက်ဆောင်
ပို့ပါတယ်...
(မစုမွေးနေ့လက်ဆောင်)

**ကိုလေး(အင်းဝဂုဏ်ရည်)**

# ကနဦးမှတ်ပုံတင်လုပ်ငန်း အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၂၇**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပြည်သူများ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်ရှိ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်း(ထောက်ကြန့်)နှင့် တိုင်းဒေသကြီးရုံး(မန္တလေး)တို့တွင် မေ ၂၈ ရက် (စနေနေ့)နှင့် မေ ၂၉ ရက် (တနင်္ဂနွေ) နေ့တို့တွင် ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“ရုံးပိတ်ရက်မှာ ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်းတွေ ဆောင်ရွက်ပေးမယ်ဆိုတော့ အလွန်ကောင်းတယ်။ တစ်နေ့တစ်နေ့မှတ်ပုံတင်လုပ်ငန်းက များနေတော့ အချိန်ကုန်တယ်။ အခုလို ရုံးပိတ်ရက်မှာ ဆောင်ရွက်ပေးတာကို ကြိုဆိုတယ်။ နောက်ပိုင်းတွေလည်း ယာဉ်ကနဦးမှတ်ပုံတင်လုပ်တဲ့လူတွေများတဲ့အချိန် ရုံးပိတ်ရက် နှစ်ရက်မဟုတ်တောင်မှ တစ်ရက်လောက်ကို ဆောင်ရွက်ပေးမယ်ဆိုရင် ပိုကောင်းတယ်”ဟု ရန်ကုန်မြို့မှ ယာဉ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ကိုထွန်းထွန်းက ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်း (ထောက်ကြန့်)နှင့် တိုင်းဒေသကြီးရုံး မန္တလေးတို့တွင် ယခင်ပုံမှန်တစ်နေ့လျှင် ယာဉ်စီးရေ ၂၀၀ ခန့်ကို ဆောင်ရွက်ပေးနေရာမှ ယခုအခါ ယာဉ်စီးရေ ၁၀၀၀ ကျော်ခန့်ထိ လာရောက်ပြီး ကနဦး ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကနဦးယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကြောင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် ပြေလျော့စေရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် လုပ်ငန်းများ မြန်ဆန်ပြီးမြောက်စေရန် ရည်ရွယ်၍ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ဌာန ထောက်ကြန့်ရုံးကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မင်းသစ်(သတင်းစဉ်)**



# ဝါစိုက်တောင်သူများအား တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် သတ်မှတ်ထုတ်ချေးပေးခဲ့ရာ ထပ်မံတိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၇**

ချေးငွေထုတ်ချေးပေးရာတွင် နိုင်ငံတော်၏အဓိက စားသုံးသီးနှံဖြစ်သည့် စပါးသီးနှံအတွက် ဦးစားပေးထုတ်ချေးပေးခြင်းသာဖြစ်ပြီး ကျန်သီးနှံများအတွက် ချေးငွေထုတ်ချေးပေးရန် လုံလောက်မှုမရှိသဖြင့် လောလောဆယ် တိုးမြှင့်ထုတ်ချေးပေးရန်မရှိပါကြောင်း ဒေါက်တာထွန်းဝင်းက ဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ ဝါစိုက်တောင်သူများအား တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် သတ်မှတ်ထုတ်ချေးပေးခဲ့ရာ ယာစိုက်တောင်သူများမှာ အမှန်တကယ်ကုန်ကျမည့်စရိတ်နှင့် အဆပေါင်းများစွာ ကွာခြားနေသောကြောင့် ထပ်မံတိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တောင်သူလယ်သမားများအား ထုတ်ချေးပေးရန် စပါးသီးနှံတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းအတွက် ကျပ်သန်းပေါင်း(၁ ဒသမ ၆၄)သန်း၊ အခြားသီးနှံအတွက် ကျပ်သန်းပေါင်း (၁၁၀၀၀၀)၊ ချက်ကြံအတွက် ကျပ်သန်းပေါင်း(၁၅၀၀၀) စုစုပေါင်း ကျပ်သန်းပေါင်း (၁ ဒသမ ၈)သန်းခန့် လိုအပ်မည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

ယခုနှစ်အတွက် တောင်သူလယ်သမားများသို့ ထုတ်ချေးပေးရန် မြန်မာ့စီးပွားရေးဘဏ်နှင့် ဗဟိုဘဏ်တို့မှ ကျပ်သန်းပေါင်း (၁ ဒသမ ၇)သန်း ချေးယူခွင့်ရရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းဝင်း



မင်းဘူးမဲဆန္ဒနယ်မှ
ဦးဝင်းဝင်း

ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ ရသေ့တောင်မြို့နယ်တွင် ဆိပ်ကြီးဆည်နှင့် ရေပိုလွှဲတည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီးက ဆိပ်ကြီးချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်နိုင်ရန်ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ စူးစမ်းလေ့လာခဲ့ရာ မြေမျက်နှာသွင်ပြင် နိမ့်မြင့်အနေအထားအရ တမံရေဝပ်ဧရိယာနည်းပါးလွန်းခြင်းနှင့် တမံတည်ဆောက်မည့်နေရာ၏ အထက်ဘက်ရှိ ကျေးရွာအချို့နှင့် စိုက်ပျိုးမြေဧရိယာများ ရေနစ်မြုပ်နိုင်ခြင်း၊ တမံတည်ဆောက်မည့်နေရာအထိ ဒီရေအတက်အကျရှိခြင်းတို့ကြောင့် ရေလှောင်တမံတည်ဆောက်ရန် မသင့်လျော်သည်ကို တွေ့ရှိရကြောင်း။

ဆိပ်ကြီးချောင်းအတွင်းသို့ ပင်လယ်ဒီရေဖြစ်သည့် ဆားငန်ရေဝင်ရောက်မှုကြောင့် ချောင်းဘေးဝဲယာရှိ ရွာ ၁၄ ရွာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်ရန် ဆိပ်ကြီးချောင်းဝအနီးတွင် ရေထိန်းတံခါးနှင့် ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သည့် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက ခန့်မှန်းကုန်ကျငွေ တွက်ချက်တင်ပြ တောင်းခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များ ဒေသခံပြည်သူများ ကူးလူးဆက်သွယ်သွားလာရေးအတွက် ဆိပ်ကြီးချောင်းကူးတံတား တည်ဆောက်ပေးရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

■

# ပြည်တွင်း၌ ရောက်ရှိနေသည့် တရားမဝင်လိုင်စင်မဲ့ယာဉ်များကို ထိရောက်ဟန့်တားသည့်ပြစ်ဒဏ်များ ချမှတ်အရေးယူခြင်း ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၇**

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ရှောင်ကွင်းလမ်းကို ထပ်မံရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ ဒေသခံပြည်သူများ၏ သဘောတူညီမှုမရရှိသဖြင့် ကျောက်တော် - မြောက်ဦး ရထားလမ်းပိုင်းကို ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်း မရှိပါကြောင်း၊ ဒေသခံပြည်သူများ၏ သဘောတူညီချက်ရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံ၍ ခွင့်ပြုပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့အစည်းအဝေးတွင် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ်ရှိ ပျက်စီးနေသည့် ရထားလမ်းများအား



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

ပြုပြင်ပြေးဆွဲမည့်အချိန်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သဘာဝဘေးဒဏ်ကြောင့် ယိုးတရုတ် - ကျောက်တော် လမ်းပိုင်း၏ ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် စုစုပေါင်းဘဏ္ဍာငွေကျပ် ၅၄၈ ဒသမ ၂ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ - ၂၀၁၇ ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းလျာထားတောင်းခံ၍ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် လမ်းပိုင်းများကို ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၏ ပြည်သူအများ လက်ဝယ်၊ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသော တရားမဝင် မော်တော်ယာဉ်များအား သင့်တော်သည့် နည်းလမ်းတစ်မျိုးမျိုး



ကရင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်

ဖြင့် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်သူအများ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသည့် တရားမဝင်မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ထို့ပြင် တရားမဝင် လမ်းကြောင်းများမှ ယာဉ်များ ထပ်မံဝင်ရောက်ခြင်း မရှိစေရန်အတွက် ပြည်တွင်း၌ ရောက်ရှိနေသည့် တရားမဝင်လိုင်စင်မဲ့ယာဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် စီမံချက်များချမှတ်ပြီး ရှောင်တခင် စစ်ဆေးဖမ်းဆီး အရေးယူခြင်း၊ နယ်စပ်ဒေသဝင်ပေါက်များမှ ထပ်မံ၍ ဝင်ရောက်မလာနိုင်ရန် ဌာနစုံပူးပေါင်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေး၍ တင်းကျပ်စွာ တားမြစ်ပိတ်ဆို့ဖမ်းဆီးခြင်းနှင့် ဥပဒေကို ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ကျူးလွန်သူများကိုလည်း ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ ရသေ့တောင်မြို့နယ် အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သဘော်ဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရသေ့တောင်မြို့နယ် အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သဘော်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်း၌ ထည့်သွင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့် ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)နှင့် နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄) တို့ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းများအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ သဘောတူကြောင်း ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့လာပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို မေ ၃၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ် ဘီးယား ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

ဆွေးနွေးစဉ် ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယနေ့ခြေစမ်းမည်

**ရန်ကုန် မေ ၂၇**

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၊ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ Play-off အဆင့် ပြင်ဆင်နေသည့် မလေးရှားလက်ရွေးစင်အသင်းတို့မှာ မေ ၂၈ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ညနေပိုင်းက ကျင်းပသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဂတ်ဖရိုင်ဒရစ်က "ဒီပွဲကတော့ နှစ်သင်းစလုံးအတွက် စိန်ခေါ်မှုတွေရှိပါတယ်။ ပြိုင်ပွဲအတွက် ပြင်ဆင်ထားတာတွေနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ လုပ်ပြနိုင်မလဲဆိုတာကြည့်ရမှာပါ။ အဓိကကတော့ အဆုံးသတ်အားနည်းနေတဲ့ တိုက်စစ်ပိုင်းကို ဂိုးသွင်းနိုင်အောင် ပြင်ဆင်ထားပါတယ်။ မလေးရှားအသင်းကို လူငယ်အဆင့်မှာ တွေ့ဆုံခဲ့ဖူးပေမယ့် လက်ရွေးစင်အဆင့်မှာတော့ ပထမဆုံးကစားရမှာပါ။ ဘယ်လိုရလဒ်ထွက်မလဲဆိုတာ ကြိုမပြောချင်ပါဘူး။



ပွဲကျမှစောင့်ကြည့်ပါ" ဟုပြောကြားခဲ့သည်။

မလေးရှားလက်ရွေးစင်အသင်းနည်းပြချုပ် ကင်ဆွီးက "ကျွန်တော်တို့အသင်းက ဆူဇူကီးဖလားပြိုင်ပွဲအတွက် မပြင်ဆင်နိုင်သေးဘဲ အာရှဖလားခြေစစ်ပွဲ Play-off အဆင့်အတွက် ပြင်ဆင်နေတာပါ။ အခုခြေစမ်းပွဲမှာလည်း အတော့်တင်းဆုံး လူစာရင်းနဲ့ပဲ မြန်မာအသင်းကို ရင်ဆိုင်သွားမှာပါ။ မြန်မာအသင်းဟာ တိုးတက်မှုရှိလာတဲ့အသင်းကောင်းတစ်အသင်းပါ"ဟု ပြောကြားခဲ့သည်။ **(ရှိုင်းထက်ဇော်)**

# ဩစတြီးယားရွေးကောက်ပွဲ

မေနှင်းအေး

ဥရောပအလယ်ပိုင်းက ဩစတြီးယားနိုင်ငံငယ်လေးမှာ မေလ ၂၂ ရက်နေ့က ကျင်းပခဲ့တဲ့ သမ္မတရွေးကောက်ပွဲမှာ လက်ယာစွန်းပါတီ (FPO-Austrian Freedom Party)က နော်ဘတ်ဟော်ဖာ (Mr. Norbert Hofer) အနိုင်ရမယ်လို့ ထင်ထားရာက တစ်သီးပုဂ္ဂလ ဝင်ပြိုင်တဲ့ ဂရင်းပါတီခေါင်းဆောင်ဟောင်း ဗန်ဒါဘယ်လင် (Mr. Alexander Van der Bellen) အနိုင်ရသွားတာဟာ ဥရောပတစ်ခွင်မှာ အာရုံစိုက်စရာဖြစ်ခဲ့ပါတယ်။

ဩစတြီးယားနိုင်ငံရေးမှာ အနှစ်ငါးဆယ်လောက် ဆိုရှယ်ဒီမိုကရက် (SPO) နှင့် ကွန်ဆာဗေးတစ် ပြည်သူ့ပါတီ (OVP) တို့က ကြီးစိုးထားပြီး ဧပြီလ ၂၂ ရက်နေ့ ရွေးကောက်ပွဲ ပထမအချီမှာ စတုတ္ထနဲ့ ပဉ္စမအဆင့်သာ ရလိုက်တာဟာ တကယ်တော့ ဩစတြီးယားနိုင်ငံရေးမှာ ငလျင်လှုပ်သွားလိုက်ခြင်းပါပဲ။ အဓိကပါတီကြီးနှစ်ခု ပြုတ်ကျန်ခဲ့ပြီးတဲ့နောက် SPO ပါတီခေါင်းဆောင်ဝန်ကြီးချုပ် ဝါနာဖေးမန် (Mr. Werner Faymann) မေလ ၉ ရက်နေ့က နုတ်ထွက်ပေးလိုက်ရပြီး စီမံခန့်ခွဲမှုကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ခရစ်စတန်ကန်း (Mr. Christian Kern)ကို မေလ ၁၇ ရက်က ခန့်ထားခဲ့ပါတယ်။ SPO နှင့် OVP ညွန့်ပေါင်းအစိုးရဟာ ပါလီမန်ကို လွှမ်းမိုးထားနိုင်ဆဲဖြစ်လို့ သမ္မတအဖြစ် ဘယ်သူအရွေးချယ်ခံရသည်ဖြစ်စေ ညွန့်ပေါင်းအစိုးရကတော့ တည်မြဲနေဦးမှာ ဖြစ်ပါတယ်။

ဩစတြီးယားဟာ ယခုအခါမှာ ကြားနေနိုင်ငံဖြစ်ပြီး ကုလသမဂ္ဂရုံးခွဲလည်း လက်ခံဖွင့်လှစ်ထားပေမယ့် သမိုင်းကြောင်းမှာ ဟစ်တလာရဲ့ မွေးရာဇာတိဖြစ်ခဲ့ပြီး နာဇီပါတီနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးပါတယ်။ ယခင်ဩစတြီးယားနာဇီပါတီရဲ့ အဆက်အနွယ်တွေကပဲ ဖရီးဒမ်းပါတီဖြစ်လာတာကြောင့် ၁၉၉၀ ပြည့်လွန်နှစ်များမှာ ဂျော့ဟိုင်ဒါ (Joerg Haider)ဦးဆောင်မှုနဲ့ လူထုထောက်ခံမှု အများဆုံးရရှိဖူးတဲ့ အချိန်မှာ အီးယူကပါ စိုးရိမ်စိတ်တွေရှိခဲ့လို့ ၂၀၀၀ ပြည့်နှစ် ပါလီမန်ရွေးကောက်ပွဲမှာ ဂျော့ဟိုင်ဒါက ဝန်ကြီးချုပ်ဖြစ်နိုင်လောက်အောင် အနိုင်ရခဲ့သည့်တိုင် ညွန့်ပေါင်းဖွဲ့ပြီး အစိုးရအဖွဲ့မှာ ပါဝင်ခဲ့ဖူးပါတယ်။

ဒီသမိုင်းကြောင်း နောက်ခံကြောင့် လက်ယာစွန်း ဖရီးဒမ်းပါတီက နော်ဘတ်ဟော်ဖာ ပထမအချီမှာ အများဆုံးထောက်ခံမှုရပြီး ဒုတိယအချီကို တက်လာနိုင်ကတည်းက အီးယူနဲ့ အမေရိကန်တို့ဟာ အမျိုးသားရေးအစွန်းရောက် ပါတီက နိုင်သွားနိုင်ခြေကို စိုးရိမ်နေကြတာဖြစ်ပါတယ်။ နော်ဘတ်ဟော်ဖာက ဆင်ခြင်တုံတရားရဲ့အသံ (Voice of Reason) ဆိုပြီး ဒုက္ခသည်အရေးမှာ ဩစတြီး

**ကမ္ဘာစစ်ကို နှစ်ကြိမ်ကြုံခဲ့ပြီး စစ်အေးကာလတင်းမာမှုတွေရဲ့ဒဏ်ကိုလည်း ခံစားဖူးတဲ့ ဥရောပဟာ ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဆိုတာ ပြဿနာကို ရှောင်ဖယ်ထားလို့မရဘူး။ တစ်ဦးတစ်ဖွဲ့တစ်အုပ်စုကို ဖယ်ထားလို့မရဘူး။ အားလုံးပါဝင်စဉ်းစားသင့်တယ်ဆိုတာကို လက်ခံတယ်။ လူသားတွေရဲ့တန်ဖိုးကို အလေးထားတယ်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်နဲ့ နာဇီစနစ်ကို မုန်းတီးမှုရှိပြီး ဥရောပမြေမှာ ပြန်လည်ခေါင်းမထောင်လာစေရေလို့ ဆုံးဖြတ်ချက်ချထားသူများလည်း ရှိကြပါတယ်။**

ယားဥပဒေကို လိုက်နာပြီး တန်ဖိုးတွေကို နားလည်သူသာ လက်ခံမှာဖြစ်လို့ ဆန့်ကျင်သူတွေအတွက် ဩစတြီးယားမှာ နေစရာရှိမှာမဟုတ်ဘူးဟု အတိအလင်းပြောခဲ့ပါတယ်။ ဗန်ဒါဘယ်လင်ကတော့ ပွင့်လင်းဖော်ရွေသော ဥရောပနဲ့ ဥရောပအသိစိတ်ရှိတဲ့ ဩစတြီးယားဆိုတဲ့ ဆောင်ပုဒ်နဲ့ မဲဆွယ်ခဲ့ပါတယ်။

ဥရောပ အထူးသဖြင့် အီးယူမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံး ပြဿနာအဖြစ် ဒုက္ခသည် သန်းချီရောက်ရှိလာတဲ့အရေးနဲ့ အစိုးရကြွေးမြီကိစ္စဖြေရှင်းနေရတဲ့အချိန်မှာ အီးယူနိုင်ငံအသီးသီးမှာ နိုင်ငံသားအများစုဟာ ကူးပြောင်းရောက်ရှိလာတဲ့ ဒုက္ခသည်တွေကို မလိုလားမှုပိုမိုပြင်းထန်လာပါတယ်။ ဒီဒုက္ခသည်တွေကြောင့် အလုပ်အကိုင်ရှားပါးတယ်။ မှုခင်းတွေ ပေါလာတယ်။ အကြမ်းဖက်မှုတွေ ဆက်စပ်နေတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ အမျိုးသားရေးအစွန်းရောက်ပါတီတွေ ခေါင်းထောင်လာနိုင်ပြီး အီးယူပေါင်းစည်းခြင်းကိုလည်း ဆန့်ကျင်လာကြပါတယ်။

ဩစတြီးယားမှာဆို ပြီးခဲ့တဲ့ စက်တင်ဘာလက အသက် (၇၀) ကျော်အဘွားတစ်ယောက်ဟာ ခွေးနဲ့အတူ လမ်းလျှောက်သွားနေတုန်း မုဒိမ်းကျင့်ခံရပါတယ်။ တရားခံက ဒုက္ခသည်ထဲက ဖြစ်နေပါတယ်။ အသက်ငယ်သူဖြစ်လို့ ဥရောပဥပဒေအရ ကြီးမားတဲ့ ပြစ်ဒဏ်ချမရဘဲ လ(၂၀) ပဲ ထောင်ချခဲ့ပါတယ်။ အလားတူပဲ ပြစ်မှုကျူးလွန်သူတွေဟာ ကူးပြောင်းရောက်ရှိလာသူတွေများပြီး အီးယူရဲ့ လူ့အခွင့်အရေးစံတွေနဲ့ ကြည့်လိုက်တဲ့အခါ အသက်မပြည့်လို့၊ ဆွေမျိုးတွေက ဒီမှာ နေထိုင်နေလို့ ပြည်နှင်ဒဏ်ပေးမရတာ၊ ထိထိရောက်ရောက် အရေးမယူနိုင်တာတွေရှိလာပြီး အီးယူစည်းကမ်းတွေကို ဒုက္ခသည်တွေက လက်ခံဖို့ကိုပါ ဆန့်ကျင်လာကြတာဖြစ်ပါတယ်။ ဒီနှစ်ဖေဖော်ဝါရီလထဲမှာ ဩစတြီးယားဟာ အီးယူကန့်ကွက်တဲ့ကြားက တစ်နေ့ကို ဒုက္ခသည်လျှောက်လွှာ ၈၀ ပဲ လက်ခံမယ်လို့ ကန့်ကွက်ခဲ့တာ၊ အရှေ့ဥရောပက အီးယူအဖွဲ့ဝင် မဖြစ်သေးတဲ့နိုင်ငံတွေနဲ့ အစည်းအဝေးခေါ်ပြီး နယ်စပ်တွေ ပိတ်ထားဖို့လုပ်နေတာ၊ အီတလီနယ်စပ်က ဝင်ပေါက်မှာ ရှန်ဂန်စည်းကမ်းကို ဆန့်ကျင်ပြီး ဖြတ်ကျော်ဝင်ရောက်လာမယ့်သူတွေကို စိစစ်တားဆီးတာတွေ လုပ်ဖို့စီစဉ်နေတာ၊ လိုအပ်ရင် ရှန်ဂန်သဘောတူညီချက်ကိုတောင် ခေတ္တရပ်ဆိုင်းထားဖို့ အစီအစဉ်ရှိတာတွေဟာ ပြည်တွင်းက ဒုက္ခသည်ဆန့်ကျင်ရေး အင်အားစုတွေရဲ့ ဖိအားကြောင့် အစိုးရက ဆောင်ရွက်ပေးနေရတာ ဖြစ်ပါတယ်။

နိုင်ငံရေးသုံးသပ်သူတွေက ဒုက္ခသည်ကိစ္စသာမက လက်ရှိအင်အားကြီးနိုင်ငံရေးပါတီနှစ်ခု ညွန့်ပေါင်းအဖြစ် အုပ်ချုပ်နေတဲ့ကာလတစ်လျှောက် စီမံမှုအလွဲအမှားတွေကြောင့် လူထုထောက်ခံမှု ကျဆင်းတာ ဆိုသည့်တိုင် ဒုက္ခသည်ပြဿနာက အရင်းခံအနေနဲ့ ပါနေပါတယ်။ ဂျာမနီဆိုရင်လည်း အရင်က ဒုက္ခသည်တွေကို လိုလိုလားလားလက်ခံခဲ့ပေမယ့် အခုအခါမှာ အတော်ဆင်ခြင်လာရပြီး ပြည်တွင်းမှာ အမျိုးသားရေးအစွန်းရောက်ပါတီက ထောက်ခံမှုပိုလာနေတာရင်ဆိုင်နေရပါတယ်။ ဩစတြီးယားမှာ လွန်ခဲ့တဲ့သုံးနှစ်အတွင်း အလုပ်လက်မဲ့နှုန်း နှစ်ဆမြင့်တက်လာခဲ့ပြီး အမျိုးသားရေး အစွန်းရောက်လက်ယာစွန်းပါတီက သမ္မတရွေးကောက်ပွဲ ဒုတိယအဆင့်ထိ ဦးဆောင်နေနိုင်တာ ဖြစ်ပါတယ်။အလားတူပဲ ပြင်သစ်၊ ဗြိတိန်၊ အီတလီတို့မှာလည်း အမျိုးသားရေး အစွန်းရောက်တွေ အာဏာမရသေးပေမယ့် အဲဒီပါတီတွေ ထောက်ခံမှုပိုရနေတာကတော့ သိသာပါတယ်။

သို့သော်လည်း အီးယူမှာ ဒုက္ခသည်နဲ့ အကြမ်းဖက်မှုကို စိုးရိမ်ပူပန်မှုရှိတာက တစ်ပိုင်း၊ လူသားချင်း စာနာစောင့်ရှောက်တာဟာ အီးယူရဲ့တန်ဖိုးဖြစ်တယ်လို့ ကိုင်စွဲထားသူတွေက တစ်ပိုင်းရှိနေပါတယ်။ ဒါကြောင့် အီးယူကိုယ်တိုင်က ဒုက္ခသည်စံနှုန်းနဲ့ မကိုက်ညီသူတွေကို ပြန်ပို့ဖို့လုပ်နေရသလို လူ့အခွင့်အရေးအဖွဲ့တွေကလည်း စစ်ဖြစ်နေတဲ့ဒေသတွေကို ပြန်ပို့မယ့်ကိစ္စကန့်ကွက်နေရပါတယ်။ ဥရောပနဲ့ အမေရိကန်တို့ဟာ ဒီမိုကရေစီနိုင်ငံတွေဆိုသော်လည်း ဥရောပသားတွေကတော့ ဥရောပတန်ဖိုးတွေက အမေရိကန်ထက် ပိုမြင့်တယ်လို့ ခံယူထားကြသူတွေဖြစ်ပါတယ်။

ကမ္ဘာစစ်ကို နှစ်ကြိမ်ကြုံခဲ့ပြီး စစ်အေးကာလ တင်းမာမှုတွေရဲ့ဒဏ်ကိုလည်း ခံစားဖူးတဲ့ ဥရောပဟာ ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဆိုတာ ပြဿနာကို ရှောင်ဖယ်ထားလို့မရဘူး။ တစ်ဦးတစ်ဖွဲ့တစ်အုပ်စုကို ဖယ်ထားလို့မရဘူး။ အားလုံးပါဝင်စဉ်းစားသင့်တယ်ဆိုတာကို လက်ခံတယ်။ လူသားတွေရဲ့တန်ဖိုးကို အလေးထားတယ်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်နဲ့ နာဇီစနစ်ကို မုန်းတီးမှုရှိပြီး ဥရောပမြေမှာ ပြန်လည်ခေါင်းမထောင်လာစေရေလို့ ဆုံးဖြတ်ချက်ချထားသူများလည်း ရှိကြပါတယ်။

ဒါကြောင့် ဩစတြီးယားရဲ့ မေ ၂၂ ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူ ၆ ဒသမ ၄ သန်းရဲ့ ၇၁ ဒသမ ၈ ရာခိုင်နှုန်း မဲလာပေးခဲ့တယ်ဆိုတာကလည်း ဒီရွေးကောက်ပွဲဟာ အရေးကြီးတယ်ဆိုတဲ့အသိနဲ့ ပိုမိုစိတ်ဝင်တစား မဲပေးခဲ့ကြတာလို့ ဆိုနိုင်ပါတယ်။ မဲရလဒ်ကလည်း အပြတ်အသတ်မသာဘဲ ကနဦးစာရင်းအရ ဟော်ဖာ က ၅၁ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ဗန်ဒါဘယ်လင်က ၄၈ ဒသမ ၁ ရာခိုင်နှုန်းရရှိထားပြီး စာတိုက်ကတစ်ဆင့်ပေးတဲ့မဲတွေနဲ့ ပေါင်းတဲ့အချိန်ကျမှ ဗန်ဒါဘယ်လင်က မဲသုံးသောင်းတစ်ထောင်အသာ ၅၀ ဒသမ ၃ ရာခိုင်နှုန်းနဲ့ အနိုင်ရသွားတာဖြစ်ပါတယ်။ ဗန်ဒါဘယ်လင်ဟာ ရုရှားဖခင်နဲ့ အက်စတိုးနီးယန်းမိခင်တို့က စတင်လင်ခေတ်ကို ထွက်ပြေးပြီး ဩစတြီးယားအခြေချခဲ့သူမျိုးဆက်ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဂရင်းပါတီကို ဦးဆောင်စဉ်က လူထုထောက်ခံမှုမရခဲ့ဘဲ အခုအချိန်မှ လက်ယာစွန်းအမျိုးသားပါတီကို မနှစ်သက်သူတွေက သူ့ကို စုပုံမဲပေးကြလို့ နောက်ဆုံးမှာ နှာတစ်ဖျားအသာနဲ့ နိုင်သွားတယ်လို့ ဆိုနိုင်ပါတယ်။ အသက်အရွယ်အရ (၇၂) နှစ်ရှိသူဖြစ်ပြီး အီးယူလိုလားတဲ့မူဝါဒကြောင့် ဩစတြီးယားနိုင်ငံရဲ့ အကြီးအကဲအဖြစ် ပိုမိုသင့်လျော်တယ်လို့ ဆိုကြပါတယ်။

သို့သော်လည်း ဖရီးဒမ်းပါတီအနေနဲ့ ပါတီသမိုင်းမှာ မကြုံစဖူး အောင်မြင်မှုရခဲ့တာကြောင့် သမ္မတရွေးကောက်ပွဲမှာ ရှုံးခဲ့သည့်တိုင် လာမယ့် ၂၀၁၈ လွှတ်တော်ရွေးကောက်ပွဲများမှာ အခွင့်အရေးကောင်းရနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဩစတြီးယားသမ္မတဟာ နိုင်ငံအကြီးအကဲဖြစ်သော်လည်း စီမံခန့်ခွဲမှုအာဏာကို ဝန်ကြီးချုပ် Chancellor ကသာ ချုပ်ကိုင်ထားတာမို့ ၂၀၁၈ လွှတ်တော်ရွေးကောက်ပွဲများက ပိုမိုအရေးပါတယ်လို့လည်း ဆိုနိုင်ပါတယ်။ အင်အားကြီးပါတီများဖြစ်တဲ့ SOP နှင့် OVP တို့အနေနဲ့လည်း လာမယ့်(၂)နှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများ မလွဲမသွေပြုလုပ်ပြီး ပါတီကို ပြန်လည်ထူထောင်သွားရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

# စျေးနှုန်းနှင့် စျေးကွက်

စောနိုင်(အသုံးချဘောဂဗေဒ)

လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိလူတိုင်း နေ့စဉ်နှင့်အမျှ မဖြစ်မနေပတ်သက်နေရသောအရာတွင် စျေးနှုန်းဆိုသောအရာနှင့် စျေးကွက်ဆိုသောနေရာတို့ပါဝင်သည်။ စီးပွားရေးဆိုင်ရာများကို စိတ်ဝင်စားမှုမရှိသည့်သူသည်လည်း စီးပွားရေးဘာသာရပ်ဝေါဟာရဖြစ်သည့် စျေးနှုန်းနှင့်စျေးကွက်ဆိုသည်တို့နှင့် ထိတွေ့နေရမည်။ စျေးနှုန်းနှင့်စျေးကွက်သဘောသဘာဝတို့သည် စိတ်ဝင်စားဖွယ်ကောင်းသကဲ့သို့ စိတ်လှုပ်ရှားဖွယ်ကောင်းသည်ကို သတိထားခံစားကြည့်လျှင် သိနိုင်သည်။ သို့သော် နှလုံးသားဖြင့်မဟုတ်၊ ဦးနှောက်အသုံးပြုခံစားမှုဖြင့်ဖြစ်သည်။ စျေးနှုန်းနှင့်ပတ်သက်၍ အရှုံးနှင့် အမြတ်၊ စျေးကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်စသည်ဖြင့် အကျိုးစီးပွားအတွက် ခံစားမှုများမှာ ဦးနှောက်အသုံးပြုခံစားမှုများဖြစ်၏။

စျေးကွက်တစ်ခုတွင် ရောင်းသူများနှင့် ဝယ်သူများတွေ့ဆုံ၍ အခြေအနေတစ်ခုတွင် သဘောတူလက်ခံသည့် စျေးနှုန်းဖြင့် ရောင်းဝယ်ကြသည်။ ထိုစျေးနှုန်းကို အားမျှစျေးနှုန်းဟုခေါ်နိုင်သည်။ သီအိုရီအရ ဝယ်လိုအားနှင့် ရောင်းလိုအား တူညီနေသည်ဆိုသော အားမျှစျေးနှုန်းအခြေအနေသည် ကာလကြာမြင့်စွာ တည်တံ့နိုင်ခြင်းမရှိပေ။ အခြေအနေမျိုးစုံက ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို မတည်ငြိမ်ဖြစ်စေပြီး အားမျှစျေးနှုန်းဟုခေါ်နိုင်သည့် စျေးနှုန်းအခြေအနေကိုလည်း အပြောင်းအလဲများဖြစ်စေလျက်ရှိနေသည်။ ပြောင်းလဲဖြစ်ပေါ်နေသော စျေးနှုန်းအခြေအနေတစ်ရပ်သည် အားမျှစျေးနှုန်းအခြေအနေ၏ အထက်နှင့် အောက်တို့တွင် ရှိနေတတ်သည်။ ထိုအခြေအနေရှိ စျေးနှုန်းသည်ပင်လျှင် စျေးကွက်တွင်ဖြစ်ပေါ်နေသော စျေးကွက်ပေါက်စျေးဖြစ်သည်။

လက်တွေ့စျေးကွက်တွင်မူ ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေများမှာ နှစ်ဖက်အားမျှနေသည်ထက် ဝယ်လိုအား သို့မဟုတ် ရောင်းလိုအား၊ အင်အားစုတစ်စုကသာ စျေးနှုန်းပေါ်တွင် တစ်ဖက်သတ် ပိုမိုလွှမ်းမိုးနေတတ်သည်။ ရောင်းသူ၊ ဝယ်သူအားလုံး သတင်းအချက်အလက် ပြည့်စုံစွာမရရှိမှု(သတင်းအချက်အလက် ခေါက်ချိုးမညီမှု)၊ စျေးကစားသူများ၏ပယောဂစသည့် အခြေအနေများကြောင့် စျေးကွက်ထဲတွင် ဖြစ်သင့်သည့် စျေးနှုန်းထက်ကွာခြားနေသောစျေးနှုန်းများ ဖြစ်နေတတ်ကြသည်။

စျေးကွက်တစ်ခုတွင် ဖြစ်ပေါ်နိုင်သော စျေးနှုန်းအခြေအနေကို စျေးကွက်ပုံသဏ္ဍာန်အရ မှန်းဆနိုင်သည်။ ပြိုင်ဆိုင်မှုရှိသော စျေးကွက်တွင် ရောင်းသူနှင့် ဝယ်သူများစွာရှိနေပြီး စျေးနှုန်းအပေါ်တွင် မည်သူမှ လွှမ်းမိုးမှုမရှိနိုင်ပေ။ တစ်ဦး၊ တစ်ဖွဲ့၊ လုပ်ငန်းတစ်ခုတည်းမှ ထုတ်လုပ်ရောင်းဝယ်နေသည့် စျေးကွက်ထဲတွင်မူ စျေးနှုန်းသည် အပြည့်အဝ ထိန်းချုပ်ခြင်းကို ခံနေရမည်။ လူတစ်စု၊ လုပ်ငန်းစုတစ်စုကသာ လက်ဝါးကြီးအုပ်ခွင့်ရထားသော စျေးကွက်တွင်လည်း ထိုလူစု သို့မဟုတ် ထိုလုပ်ငန်းများကသာ အချင်းချင်းညှိနှိုင်း၍ စျေးနှုန်းကို ထိန်းချုပ်ထားခြင်းမျိုး ရှိတတ်သည်။

ဖော်ပြခဲ့သည့် အခြေအနေများသည် သီအိုရီမှန်ကန်ချက်များဖြစ်ကြသည်။ လက်တွေ့စဉ်းစား လုပ်ဆောင်ကြရာတွင် စျေးကွက်တည်ရှိသည့် နေရာဒေသ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ ဆက်စပ်မှုရှိသော စျေးကွက်များနှင့် ဒေသတွင်း၊ နိုင်ငံတကာအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားလာကြရသည်။ ယနေ့ကာလ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ထဲတွင် သဘောတရားများ၊ သီအိုရီများအပြင် မှန်းဆရပိုမိုခက်ခဲလာသော စီးပွားရေးသတ္တဝါ လူသားတို့၏ အပြုအမူ၊ စိတ်ကူးစိတ်သန်းများကြောင့် စျေးကွက်တည်ရှိမှုများ၊ စျေးနှုန်းအပြောင်းအလဲများလေ့လာရာ၌ ယခင်ကထက် ပိုမိုရှုပ်ထွေးလျက်ရှိနေလေတော့သည်။

**အခြေအနေမျိုးစုံက ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို မတည်ငြိမ်ဖြစ်စေပြီး အားမျှစျေးနှုန်းဟုခေါ်နိုင်သည့် စျေးနှုန်းအခြေအနေကိုလည်း အပြောင်းအလဲများဖြစ်စေလျက်ရှိနေသည်။ ပြောင်းလဲဖြစ်ပေါ်နေသော စျေးနှုန်းအခြေအနေတစ်ရပ်သည် အားမျှစျေးနှုန်းအခြေအနေ၏ အထက်နှင့်အောက်တို့တွင် ရှိနေတတ်သည်။ ထိုအခြေအနေရှိ စျေးနှုန်းသည်ပင်လျှင် စျေးကွက်တွင်ဖြစ်ပေါ်နေသော စျေးကွက်ပေါက်စျေးဖြစ်သည်။**

# မန္တလေးက ပျောက်ကွယ်တော့မယ့် ဈေးချိုညဈေးတန်း

ဆူးငှက်

ဒီရက်ပိုင်း ရန်ကုန်မှာ ညဈေးတန်းဖွင့်လှစ်ဖို့ကိစ္စကို တာဝန်ရှိသူတွေ ဆွေးနွေးနေကြတယ်ဆိုတဲ့ သတင်းတွေ ကြားနေရတယ်။ မြို့ကြီးပြကြီးတစ်ခုရဲ့ အဆင်တန်ဆာမှာ ညဈေးတန်းဟာ အဲဒီမြို့ရဲ့ ဂုဏ်သရေနဲ့အတူ ဧည့်သည်တွေကို ဆွဲဆောင်ရာမှာ အဓိကအခန်းကဏ္ဍတစ်ခုဖြစ်တယ်။ ဒါကြောင့် စီးပွားရေးမြို့တော်ကြီး ရန်ကုန်မှာ အစိုးရသစ်ရဲ့ ရက် ၁၀၀ အတွင်း စီစဉ်ကြပုံပေါ်ပါတယ်။ ရန်ကုန်မှာ ညဈေးတန်းတစ်ခုက လူမှုရေး၊ စီးပွားရေးအတွက် လိုအပ်ချက်မို့ ပုံဖော်ဖို့ ကြိုးစားနေစဉ် သက်တမ်း ၆၀ နီးပါးရှိပြီး ကမ္ဘာကျော်ခဲ့တဲ့ မန္တလေး ဈေးချိုညဈေးတန်းကတော့ အာဏာပိုင်အဆက်ဆက် မျက်ကွယ်ပြုထားခဲ့ကြလို့ အသက်ငင်သေဆုံး ပျောက်ကွယ်တော့ပါမယ်။

မန္တလေးဈေးချိုတော်ဆိုတာ မြန်မာမင်းများလက်ထက်ကတည်းက တည်ရှိခဲ့ပါတယ်။ တကယ်တမ်း ထင်ရှားလာတာကတော့ ကိုလိုနီခေတ်ရောက်မှပါ။ မန္တလေးရဲ့ ခေတ်ရထားလမ်းတွေကလည်း ဈေးချိုတော်ကိုပဲ ဦးတည်ကြ၊ ဖြတ်သန်းကြတယ်။ မန္တလေးဈေးကွက်ရဲ့ အဓိကလိုအပ်တဲ့ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်တွေကိုလည်း မတ္တရာနယ်တစ်ဝိုက်က အဓိကတင်ပို့နေရလေတော့ ဘိုးတော်ဘုရားလက်ထက်ကတည်းက ဖောက်လုပ်ခဲ့တဲ့ ရွှေတချောင်းမြောင်းကနေ ဈေးချို အနောက်ဒုတ်ဒုတ်ထိ လှေသမ္ဗန်တွေနဲ့ တင်ပို့နိုင်တယ်။ ဒါတင်မက ဈေးချိုနှင့် မတ္တရာကိုလည်း မီးရထားလမ်းသီးသန့်ဖောက်ပြီး ခရီးသည်နဲ့ ကုန်ပစ္စည်းတွေ သယ်ပို့ပေးခဲ့တယ်။ ဈေးချိုဆိုတာလည်း နှစ်ပြ (ပေ ၁၂၀၀ နီးပါး) ပတ်လည် အကျယ်အဝန်းအတွင်းမှာ အုတ်ကာ၊ သွပ်မိုး ဈေးရုံကြီး ၁၂ ရုံကို ပင်မထားဖွဲ့စည်းထားတာအပြင် ပတ်လည်မှာလည်း သံဖြူတန်း၊ ထိုးမုန့်တန်း၊ မွေ့ရာတန်း၊ မုန့်စုံတန်း၊ လင်းရောင်ခြည်ဈေးတန်း၊ အောင်ဈေးတန်း၊ ဝက်သားရုံ၊ ဆိတ်သားရုံ၊ ငါးတန်း၊ ပန်းတန်း၊ ထီးတိုင်ဈေး၊ ကိုင်းတန်းဈေး၊ မန်းသီရိဈေး စတဲ့ဈေးတန်း၊ ဈေးရုံတွေကလည်း တစ်ဆက်တစ်စပ်တည်း ဝန်းရံထားသေးတာကိုး။ ဒီတော့ အထက်မြန်မာပြည်သာမက မြန်မာတစ်ပြည်လုံးရဲ့ အရောင်းအဝယ်ဆိုင်ရာ ပင်မဈေးကွက် အချက်အချာဒေသကြီးဖြစ်ခဲ့တာပေါ့။

အနယ်နယ်အရပ်ရပ်က လာကြတဲ့ဧည့်သည်တွေက ဈေးချိုအနီးအနားက ပွဲရုံကြီးတွေမှာ၊ ဘုန်းကြီးကျောင်းကြီးတွေမှာ တည်းခိုကြပြီး ဈေးဝယ်ကြတယ်။ ဒီလို ဝယ်ခြမ်းကြရတာ အများအားဖြင့် တစ်နေ့နဲ့မပြီးဘူး။ မစုံလင်ဘူး။ ဒီတော့ ညပိုင်းမှာလည်း ဝယ်ချင် ခြမ်းချင်တာတွေရှိတယ်။ မြို့ပေါ်ပရိသတ်ကလည်း အလှူမင်္ဂလာပွဲလမ်းအတွက်၊ ဘုရားသွားကျောင်းတက်အတွက် အဝတ်အထည်၊ အလှကုန်ပစ္စည်းကအစ အိမ်သုံးကုန်၊ လူသုံးကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ စုစုစည်းစည်းဝယ်ချင်တယ်။ အဲဒီနေရာမှာပဲ အပန်းဖြေကာ စားသောက်ဖွယ်ရာတွေ စားသောက်ချင်တယ်။ ဒါကြောင့် လွတ်လပ်ရေးရပြီးနောက် ၁၀ နှစ်ကျော်ကာလ ၁၉၅၉ ခုနှစ်မှာ ညဈေးတန်းကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အတိအကျပြောရရင် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့တာပါ။ နေရာက ဈေးချိုတော်ရုံကြီး ၁၂ ရုံ မျက်နှာစာနဲ့ ဈေးချိုတိုက်တန်းကြီးတွေကြား ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်မှာပါ။ 'ဈေးချိုတော်ညဈေးတန်း'လို့ သုံးနှုန်းခေါ်ဆိုကြတယ်။ ညဈေးတန်းရဲ့မြောက်ထိပ်မှာ ဈေးချိုနာရီစင်ကြီးက မားမားစွင့်စွင့် ငုံ့ကြည့်နေတယ်။ တစ်နေ့လုံး ပျားပန်းခပ်မျှ စည်ကားလှတဲ့ ဈေးချိုတော်ကြီးနဲ့ မြင်းရထား၊ ဆိုက်ကား၊ စက်ဘီး၊ မော်တော်ကား၊ ခြေကျင်ပရိသတ်တွေနဲ့ စည်ကားလှတဲ့ လမ်းမကြီးတို့ မြင်ကွင်းဟာ ညနေစောင်းတာနဲ့ ချက်ချင်းပြောင်းလဲသွားတယ်။



ပြည်တွင်းသာမက ပြည်ပဧည့်သည်များအထိ "ဈေးချိုညဈေးတန်း"ရဲ့ ထူးခြားတဲ့မြင်ကွင်းနဲ့ ရောင်းဝယ်မှုပုံစံကို ထူးခြားမှုတစ်ခုအနေနဲ့ မှတ်တမ်းတင်ကြတယ်။ ပြည်ပဧည့်သည်များရဲ့ ပြည်တွင်းအလည်အပတ်ခရီးစဉ်မှာ "ဈေးချိုညဈေးတန်း" ဟာ မပါမဖြစ်နေရာ တစ်နေရာပါပဲ။ မြန်မာပြည်အကြောင်းရေးတဲ့ နိုင်ငံခြားမဂ္ဂဇင်းတိုင်းမှာ "ဈေးချိုညဈေးတန်း"က မပါမဖြစ်။

ဈေးချိုရုံကြီး ၁၂ ရုံနဲ့ တိုက်တန်းကြီး၊ တိုက်တန်းလေးပေါ်က ဆိုင်ခန်းတွေ၊ ဈေးရုံဈေးတန်းက ဆိုင်ခန်းတွေ ပိတ်သိမ်းလိုက်တာနဲ့ လမ်းမကြီးပေါ်က ယာဉ်ရထား အသွားအလာတွေ ရပ်နားသွားပြီး လမ်းမကြီးပေါ်မှာ ဈေးဆိုင်ဈေးတန်းတွေ ချက်ချင်းခင်းကျင်းကြတယ်။ နေ့အလင်းရောင်ပျောက်တာနဲ့ ဆိုင်ပေါက်စေ့ အောက်လင်းဓာတ်မီးတွေ ထွန်းညှိကြတယ်။ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ ညဈေးတန်းကိုစဖွင့်တော့ အစားအသောက်ဆိုင်က အိန္ဒိယလူမျိုးပိုင် ၃၁ ဆိုင်၊ တရုတ်ပိုင် ၃၁ ဆိုင်၊ ဂေါ်ရင်ဂျီဆိုင် နှစ်ဆိုင်၊ မြန်မာဆိုင် ၈၅ ဆိုင် အပါအဝင် အဝတ်အထည်၊ လူသုံးကုန်အလှကုန်နဲ့ အထွေထွေကုန်ပစ္စည်းရောင်းချတဲ့ဆိုင်ပေါင်း ၅၃၄ ဆိုင် ဖွင့်လှစ်ပါသတဲ့။ ဆိုင်ခန်းတစ်ခန်းချင်းစီရဲ့ အကျယ်အဝန်းက ၆ ပေ x ၈ ပေရှိတယ်။ ဖွင့်ပွဲမှာ ၂၆ ဘီလမ်း (အာဇာနည်လမ်း) ပေါ်က ဟုတ်စွန်စတိုး(ယခု အင်းဝဘဏ်နေရာ)နှင့် တိုက်တန်းကြီးကို သွယ်တန်းထားတဲ့ ဖဲကြိုးကို မန္တလေးမြူနီစီပယ် ဥက္ကဋ္ဌ မင်းဘူးဦးမောင်မောင်ကဖြတ်ပြီး ဖွင့်လှစ်ပေးခဲ့တယ်။ ဒီညဈေးတန်းဟာ တစ်လျှောက်လုံး စည်ကားခဲ့တယ်။ ပြည်တွင်းသာမက ပြည်ပဧည့်သည်များအထိ 'ဈေးချိုညဈေးတန်း'ရဲ့ ထူးခြားတဲ့မြင်ကွင်းနဲ့ ရောင်းဝယ်မှုပုံစံကို ထူးခြားမှုတစ်ခုအနေနဲ့ မှတ်တမ်းတင်ကြတယ်။ ပြည်ပဧည့်သည်များရဲ့ ပြည်တွင်းအလည်အပတ်ခရီးစဉ်မှာ 'ဈေးချိုညဈေးတန်း'ဟာ မပါမဖြစ်နေရာ တစ်နေရာပါပဲ။ မြန်မာပြည်အကြောင်းရေးတဲ့ နိုင်ငံခြားမဂ္ဂဇင်းတိုင်းမှာ 'ဈေးချိုညဈေးတန်း'က မပါမဖြစ်။

၁၉၆၂ ခုနှစ်နောက်ပိုင်း စီမံကိန်းစီးပွားရေးစနစ်အောက်မှာ ညဈေးတန်းကလည်း အခြားဈေးများနည်းတူ 'မှောင်ခိုပစ္စည်း'ဆိုတဲ့ ကန့်သတ်မှုအောက် အလူးအလဲခံရပြန်တယ်။ ဒါပေမယ့် မှောင်ခိုပစ္စည်းမှ မရောင်းမဝယ်ရင်လည်း စားစရာ၊ နေစရာ၊ ဝတ်စရာ၊ သုံးစွဲစရာမရှိလေတော့ ဒီလိုပဲ "ဒီကွေ့ ဒီတက်နဲ့လှော်၊ ဟိုကွေ့ ဟိုတက်နဲ့လှော်" တဲ့ပုံစံနဲ့ပဲ ညဈေးတန်းက စည်ကားမြဲပါပဲ။ နေ့ခင်းမှာ ရောင်းချတဲ့ပစ္စည်းတွေကိုပဲ "ပစ္စည်းမှန်၊ ဈေးမှန်"နဲ့ ညဈေးတန်းမှာ ဝယ်ယူနိုင်ကြတယ်။ လမ်းဘေးမှာပဲ မတ်တတ်ရပ်သောက်ရတဲ့ သုံးမတ်(၇၅ ပြား)တန် လက်ဖက်ရည်ကနေ စားပွဲနှင့်ကုလားထိုင်နှင့်သောက်ရတဲ့ သုံးကျပ်တန် ဖာလူဒါအထိ ညဈေးတန်းမှာရတယ်။ မလိုင်ကွတ်ကီးရတယ်။ မုန့်တွန်ဇန်၊ အကြော်၊ကောက်ညှင်းပေါင်းရတယ်။ အလင်းထိဖွင့်တဲ့ လက်ဖက်ရည်ဆိုင်ရှိတယ်။ ခေါက်ဆွဲ၊ ဆန်ပြားခေါက်ဆွဲရတယ်။ ဆန်ပတ်၊ ကြာဆံဟင်းရတယ်။ (အဲဒီကာလက ဝက်သားတုတ်ထိုးတို့၊ အကင်စုံတို့တော့ မရှိသေးဘူး။) သစ်သီးစုံရတယ်။ အိန္ဒိယဖြစ်၊ ထိုင်းဖြစ်၊ တရုတ်ဖြစ် ပစ္စည်းစုံရတယ်။ နာရီစင်အောက်မှာ စားသောက်ရင်း "အကိုင်းရီကော်ဒါ"ကြီး တွေကဖွင့်တဲ့ လားရှိုးသိန်းအောင်တို့၊ မင်းမင်းလတ်တို့၊ ပုလဲတို့ရဲ့ ခေတ်ပေါ်သီချင်းတွေ နားထောင်နိုင်တယ်။ အအေးမသောက်ချင်ရင်လည်း ခန်းမ ၂ အောက် လမ်းဘေးဝရန်တာမှာထိုင်ရင်း နားထောင်နိုင်တယ်။ (တောင်ပြုန်းပွဲကာလရောက်ရင် ရွှေမန်းတင်မောင်ရဲ့ တောင်ပြုန်းမင်းညီနောင်ကို ဖွင့်တယ်။)

ကျွန်တော်တို့လူငယ်တွေအဖို့ ညဈေးတန်းမှာ စွဲမက်စရာတစ်ခုက ထိုးမုန့်ဆိုင်တွေပါပဲ။ ၂၈ လမ်းဘက်အဝင်နဲ့ ၂၆ ဘီလမ်းပေါ် ညဈေးတန်းအဆုံးတွေမှာ ထိုးမုန့်ဆိုင်တွေရှိတယ်။ ရောင်းချကြတာ ဈေးချိုသူအပျိုဖြန်းလေးတွေ၊ လှလှပပယဉ်ယဉ်ကျေးကျေးလေးတွေ၊ ညဈေးတန်းလာသူတွေကို ချိုသာတဲ့အပြုံး၊ ဖွယ်ရာတဲ့စကားလုံးတွေနဲ့ "ထိုးမုန့်လေးများ လက်ဆောင်ဝယ်ကြပါဦးရှင်. . .၊ ထိုးမုန့်အမြည်းလေးလည်း သုံးဆောင်ကြပါရှင့် . .၊မဝယ်ပေမယ့်လည်း အမြည်းလေးများ သုံးဆောင်ကြပါဦးရှင်. . ."စတဲ့ စကားလုံးတွေ၊ အပြုံးတွေနဲ့ ဖိတ်ခေါ်တယ်။ လူငယ်တွေကလည်း ယဉ်ယဉ်ကျေးကျေးနှင့် ထိုးမုန့်အမြည်းဝင်စားကြတယ်။ ထိုးမုန့်ဝယ်ကြတယ်။

နောက်လူငယ်တွေ ညဈေးတန်းမှာ စွဲမက်တာကတော့ စာအုပ်ဈေးတန်းပါပဲ။ ရွှေမြို့တော်၊ ဒေါင်းအိုးဝေ၊ သုံးရောင်ခြယ်စတဲ့ စာအုပ်ဆိုင်တွေနဲ့ အခြားအခြား စာအုပ်ဆိုင်များပါပဲ။ လစဉ်ထုတ်မဂ္ဂဇင်းတွေ၊ စာအုပ်အသစ်တွေ၊ ဂန္ထဝင်စာဟောင်းစာကောင်းတွေ အစုံအလင်ပါပဲ။ စာအုပ်ဆိုင်တွေမှာ စာအုပ်ချစ်သူ၊ ဝယ်သူတွေ အမြဲလိုစည်ကားနေတတ်တယ်။ ဈေးချိုညဈေးတန်းက ဗိုလ်ချုပ်အောင်ဆန်းလမ်း (၈၄ လမ်း)တစ်လျှောက်၊ ၂၈ လမ်းက ၂၆ လမ်းအထိ တောင်မြောက်နဲ့ အာဇာနည်လမ်း(၂၆ ဘီလမ်း) တစ်လျှောက်၊ ၈၃ လမ်းကနေ ၈၆ လမ်းအထိ အရှေ့အနောက်ရှိပါတယ်။

ဒီလိုစည်ကားတဲ့ ညဈေးတန်းက ၁၉၈၁ ဆိုင်းတန်းမီးကြီးနဲ့ ၁၉၈၄ ဦးကျားကြီးဝင်း မီးဘေးတွေအပြီး မီးသတ်ကားအဝင်အထွက် ရှင်းဖို့လိုတာနဲ့ ဖျက်သိမ်းလိုက်တယ်။ ဘူတာကြီး အနောက်ဘက် ၇၉ လမ်းပေါ် ၂၉ လမ်းက ၃၄ လမ်းအကြား ပြောင်းရွှေ့လိုက်တယ်။ အဲဒီကတည်းက ဈေးချိုညဈေးတန်းရဲ့ သန္ဓေပျက်သွားတာပါပဲ။ ၁၉၉၀ ကျော်ကာလမှာ ၇၉ လမ်းက ညဈေးတန်းကို မူလနေရာပြန်ရွှေ့ပေမယ့် ပြောင်းလဲသွားတဲ့ ဈေးကွက်အခြေအနေရော၊ ဈေးချိုတော်ကြီး ဖျက်သိမ်းလိုက်တာရော လူမှုစနစ်အပြောင်းအလဲတွေကြောင့်ပါ ပျက်စီးဆုံးရှုံးသွားပါပြီ။

နှစ်ပေါင်း ၅၀ ကျော် ၆၀ အတွင်း ကမ္ဘာသိထင်ရှားခဲ့တဲ့ ဈေးချိုညဈေးတန်းက လောကဓံအမျိုးမျိုးကြောင့် ကျိုးနဲ့ဖုတ်ဖုတ်ဖြစ်နေချိန် ၃၄ လမ်း ဒိုင်းမွန်းပလာဇာ အနီးက "တရုတ်ညဈေး"ကတော့ အခု လေး၊ ငါး၊ ခြောက်နှစ်အတွင်း တစ်ဟုန်ထိုးထင်ရှားစည်ကားလာလေရဲ့။

အဲဒီ "တရုတ်ညဈေးတန်း"မှာ တရုတ်အစားအသောက်၊ တရုတ်ကြိုက် အသီးအနှံ၊ တရုတ်ကြိုက် အသုံးအဆောင် ပစ္စည်းတွေရောင်းချတာ။ ။



# အခွင့်အလမ်းများကို အမိအရမဆုပ်ကိုင်နိုင်ပါက လက်ရှိအခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးရသည့်အနေအထားနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများတွေ့ကြုံလာနိုင်




**နေပြည်တော် မေ ၂၇**
နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သကဲ့သို့ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို အမိအရမဆုပ်ကိုင်နိုင်ပါက မိမိတို့ လက်ရှိအခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးရသည့်အနေအထားနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများ တွေ့ကြုံလာနိုင်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော စီးပွားရေးဈေးကွက်နှင့်အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်ဌာန/စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများ အချိုးကျကျဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (National Skills Development Forum) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC–2)၌ ကျင်းပစဉ် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC)တွင် အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေးပေါင်းစပ်မှုနှင့်အတူ "ဘုံ" အလုပ်သမားဈေးကွက် ဖြစ်ပေါ်စေရန် ဦးတည်ပြီး ဝန်ဆောင်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြင့် ယှဉ်ပြိုင်နိုင်မှုများ တိုးတက်ကောင်းမွန်ရန် အဓိပ္ပာယ်နှင့် စည်းမျဉ်းသတ်မှတ်မှုအစီအစဉ်များ တစ်ပြေးညီဖြစ်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်နေသည်။ ယင်းတို့မှာ ဘဝတစ်သက်တာပညာသင်ယူမှု (Lifelong Learning) ချောမွေ့စေခြင်း၊ အရည်အသွေးအသိအမှတ်ပြုမှု (Recognition of Qualification) တိုးတက်လာစေခြင်း၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့ပညာသင်ကြားနိုင်သော Credit Transfer စနစ်ကို အားပေးရန်နှင့် တိုးမြှင့်ခြင်း၊ လုပ်သားများ ခေတ္တရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု (Worker Mobility) တိုးမြှင့်ခြင်းနှင့် အမျိုးသားအဆင့် အရည်အသွေးမူဘောင် (National Qualification Framework-NQF) ထူထောင်ခြင်း စသည့် မူဝါဒများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက အလုပ်ရှင်များအား မေတ္တာရပ်ခံလိုသည်မှာ အလုပ်သမားများလုပ်ငန်းခွင်ကျွမ်းကျင်မှုရှိလာသည်နှင့်အမျှ မိမိတို့၏ လုပ်ငန်းတိုးတက်လာမည်ဖြစ်သည့်အတွက် အလုပ်သမားများကို လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေး အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံလူဦးရေ ၅၁ ဒသမ ၄ သန်းခန့်အနက် အလုပ်လုပ်နိုင်သောလူဦးရေ ၃၂ သန်းခန့်ရှိသည့်အတွက် အလုပ်လုပ်နိုင်သော လုပ်သားအင်အား ပါဝင်မှုနှုန်း ၆၇ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်အကုန်မှစ၍ ဝင်ရောက်လာသော ASEAN Economic Community-AEC တွင် အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်သည့်အခါ မိမိတို့နိုင်ငံသားများ Skilled worker များဖြစ်ရန်အတွက် Vocational Training Centre အပြင် Testing Centre များလည်း တည်ထောင်ပြီး အမျိုးသားအဆင့် ကျွမ်းကျင်မှုအဆင့်အတန်းများ စိစစ်အကဲဖြတ်ပေး၍ မြန်မာလုပ်သားများအား အမျိုးသားအဆင့်ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလုပ်သမားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဝင်များ၊ အသင်းချုပ်၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ NGO၊ INGO များမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပရသည့် အကြောင်းရင်းနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်နိုင်ရေး၊ ကျွမ်းကျင်မှု "စံ"သတ်မှတ်ခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေးတို့ကို တင်ပြဆွေးနွေးပြီး နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၂၇**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# လယ်ယာမြေပြဿနာများ အမြန်ဆုံးပြီးပြတ်စေရေးနှင့် စွန့်လွှတ်မြေများကို အမှန်တကယ်သက်ဆိုင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရေး အမြန်ဆုံး မှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်

**နေပြည်တော် မေ ၂၇**

လယ်ယာမြေပြဿနာများ အမြန်ဆုံးပြီးပြတ်စေရေးနှင့် စွန့်လွှတ်မြေများကို အမှန်တကယ် သက်ဆိုင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရေး အမြန်ဆုံး မှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးသွားကြရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။



တိုင်းဒေသကြီး/ပြည်နယ်အလိုက် အငြင်းပွားမှုပြဿနာများကို သိမ်းဆည်းထားသည့် မြေပမာဏ၊ သိမ်းဆည်းမှုကြောင့် သက်ရောက်မှုရှိစေသည့် တောင်သူလယ်သမားဦးရေနှင့် စီးပွားရေးထိခိုက်နစ်နာမှု ပမာဏများအပေါ် မူတည်ပြီး ဦးစားပေးအဆင့်သတ်မှတ်ကာ အထူးအဖွဲ့ခွဲများဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေးရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌက ပြောသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နိုင်ငံတော်သမ္မတရုံး၊ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပစဉ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံအတွင်း မြို့ပြဆိုင်ရာအခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာ အထူးစီမံကိန်းနယ်မြေများ သတ်မှတ်ခြင်း၊ စီးပွားရေးဆိုင်ရာ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များတည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းများအတွက် ဌာနဆိုင်ရာ/ပုဂ္ဂလိကကုမ္ပဏီများကို မြေနေရာချထားပေးခြင်းများကြောင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

မြေပြဿနာအငြင်းပွားမှု ဖြစ်ပွားရခြင်းမှာ မြေယာစီမံခန့်ခွဲသည့်ဌာနများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို စီမံခန့်ခွဲသည့် အစိုးရ၊ ပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူများအကြား လုပ်ကိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် အငြင်းပွားခြင်း၊ မြေမဲ့ယာမဲ့နှင့် မြေကျူးကျော်မှုများ ဖြစ်ပွားခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် အဆိုပါပြဿနာများကို ပြည်သူများ မနစ်နာစေရန် စေတနာထားကာ ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသော မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ကာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မိမိတို့ဒေသအတွင်း မြေသိမ်းဆည်းမှု ပြဿနာများကို ပြန်လည်စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသာမက သက်ဆိုင်ရာ နယ်မြေအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ လယ်ယာမြေဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းသွားမည်ဟု သိရသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးအတွက် အဆင့်ဆင့် လုပ်ငန်းဖွဲ့စည်းဆောင်ရွက်မှုတို့ကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများနှင့်ပတ်သက်ပြီး ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ လယ်ယာမြေများနှင့် အခြားမြေသိမ်းဆည်းခံရမှုများအား ပြန်လည်ပေးအပ်နိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ အခက်အခဲများလည်း ရှိနိုင်ကြောင်း၊ တချို့လယ်ယာမြေကိစ္စများသည် မှန်ကန်မှုရှိသလို တချို့မှာ မမှန်မကန်ရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ မည်သို့ပင်ဖြစ်စေ၊ စိတ်စေတနာသန့်သန့်ဖြင့် စေတနာထားပြီး မှန်မှန်ကန်ကန် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်မြင်သံကြားနှင့် အသံလွှင့်ဥပဒေသည် ရုပ်သံလုပ်ငန်းများ ညီညွတ်မျှတစွာ လုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ယခုဥပဒေကို ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ရုပ်သံကျွမ်းကျင်သူများဖြင့် ညှိနှိုင်းကာ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ယခုဥပဒေနှင့်ပတ်သက်ပြီး ဘာတွေပြင်ဆင်မည်ကို ဆွေးနွေးမည်ဖြစ်ကြောင်း။




ယခု ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ သို့သော် ဥပဒေပုဒ်မ ၁၀၃ တွင် ဥပဒေပြဋ္ဌာန်းသည့်ရက်မှ ခြောက်လအတွင်း ကောင်စီဖွဲ့စည်းရမည်ဟု ထည့်သွင်းထားသော်လည်း ယနေ့အထိ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ဥပဒေနောက်ဆုံးပိုင်းဖြစ်သော ပုဒ်မ ၁၀၆ တွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဟု ပါရှိကြောင်း၊ ၎င်းသည် ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

ရုပ်သံလုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့များ ယနေ့တွင် များပြားလာသည့်အတွက် တန်းတူလုပ်ကိုင်လိုလာကြကြောင်း၊ အခွင့်အလမ်းတန်းတူရရှိရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းရှာရန် ယနေ့ အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် The Centre for Law and Democracy မှ Executive director ဖြစ်သူ Mr. Toby Mendalနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ DVB၊ မြစ်မခ၊ မဇ္ဈိမ၊ Forever Group ၊ Eleven မီဒီယာ၊ Myanmar Cable Network ၊ ကမာရွတ် မီဒီယာ၊ DW Academy တို့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ Article ၁၉အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တို့က ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ သတင်းဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲ ပထမပိုင်းရလဒ်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ဥပဒေတွင် ပြင်ဆင်သင့်သည်များ ပြင်ဆင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီဝင်များ၊ မီဒီယာဖွံ့ဖြိုးရေးမိတ်ဖက်များမှ အကြံပြုသည့် နိုင်ငံတကာမီဒီယာဥပဒေ ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ဖြင့် ဆောင်ရွက်သွားရန်၊ တစ်ချိန်တည်းတွင် နည်းဥပဒေရေးဆွဲရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး Broadcast Council ဖွဲ့စည်းရေးအတွက်လည်း အဆိုပါအဖွဲ့က အထောက်အကူပြုသွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဒုတိယပိုင်းရလဒ်အဖြစ် ယခုကဲ့သို့ ဥပဒေပြင်ဆင်ဆဲကာလတွင် လုပ်ကိုင်နိုင်စွမ်းရှိသည့် လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သူများ ပေါ်ထွန်းလာရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရှိပြီးအခြေခံအဆောက်အအုံများကို အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများကို ဖိတ်ခေါ်၍ ဒုတိယအကြိမ်တွေ့ဆုံပြီး အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ကိန်းဂဏန်းအချက်အလက်များကို ထည့်သွင်းအသုံးပြုရသည့် Data Journalism အသုံးပြုခြင်းသည် သတင်းပုံရိပ်ကို ပိုမိုထင်ဟပ်လာစေနိုင်

သတင်း– ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ–ဖိုးထောင်

**ရန်ကုန် မေ ၂၇**
သတင်းအချက်အလက်များဖြန့်ဖြူးရာတွင် ကိန်းဂဏန်းအချက်အလက်များကို ထည့်သွင်းအသုံးပြုရသည့် သတင်းစာပညာ (Data Journalism) ကဏ္ဍအားကောင်းလာစေရန်အတွက် "Seminar on Data Journalism:Sharing the Wealth of Census Data" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ မေ ၂၆ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။**(ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံယဉ်ကျေးမှုဆိုင်ရာအဖွဲ့ ( UNESCO)၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)နှင့် မြန်မာသတင်းပညာသိပ္ပံ (MJI) တို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲ ပထမပိုင်းတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ကိန်းဂဏန်းအချက်အလက်များကို ထည့်သွင်းအသုံးပြုရသည့် Data Journalism အကြောင်းပြောရာတွင် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များအား အသုံးပြု၍ အချက်အလက်များပါဝင်သည့် သတင်းများရေးသားနိုင်ကြောင်း ပြောကြားသည်။

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က “Data Journalism ဟာ နိုင်ငံတကာမှာတော့ အရေးပါတယ်။ ၂၀၁၄ ခုနှစ်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကောက်ယူထားတဲ့ သန်းခေါင်စာရင်းမှာ သတင်းအချက်အလက်တွေ အများကြီးပါတယ်။ ဥပမာ- လူတွေရဲ့နေထိုင်မှု၊ လူဦးရေစတာတွေပါ။ နိုင်ငံရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာကိစ္စတွေကို ဆန်းစစ်လေ့လာတဲ့အခါမှာလည်း ဘယ်အရာကိုစပြီး သုတေသနစလုပ်ဖို့ လိုတယ်ဆိုတာကို ဒီအချက်အလက်တွေကနေ တစ်ဆင့်သိနိုင်တယ်။ သန်းခေါင်စာရင်းအချက်အလက်တွေက မိခင်နဲ့ကလေးကျန်းမာရေး၊ လူနေမှုအဆင့်အတန်း၊ အလုပ်သမားနဲ့ အလုပ်လုပ်နိုင်တဲ့လူဦးရေလုပ်သားအင်အားနဲ့ဆိုင်တဲ့ အချက်အလက်တွေ၊ ဘယ်လိုအလုပ်အကိုင်တွေမှာ လုပ်ကိုင်နေရတယ်ဆိုတဲ့ သတင်းအချက်အလက်တွေကို ရေးထားတယ်။ ဒါဟာ ဘယ်လိုမူဘောင်တွေ ရေးဆွဲရမလဲဆိုတာကို စဉ်းစားရာမှာ အထောက်အကူပြုတယ်။ သန်းခေါင်စာရင်းက ယုံကြည်လက်ခံနိုင်လောက်တယ်” ဟု ပြောသည်။

မြန်မာသတင်းပညာသိပ္ပံ (MJI)နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) တို့သည် မေ ၉ ရက်မှ ၂၇ ရက်အထိ Data Journalism ဆရာဖြစ်သင်တန်းကို ရန်ကုန်မြို့တွင် သုံးပတ်ကြာပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ သင်တန်းတွင် ကမ္ဘာတစ်ဝန်း အထူးသဖြင့် အာဖရိကတွင် သင်တန်းပို့ချခဲ့သည့် အတွေ့အကြုံရှိသူ D3-Media ၏ အတိုင်ပင်ခံနှင့် သင်တန်းနည်းပြဖြစ်သူ Mr. Peter Verweij က ပို့ချခဲ့သည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ၌ Data Journalism ဆရာဖြစ်သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသားအချို့က ရန်ကုန်မြို့၏ အားနည်းချက်များဖြစ်သည့် အိမ်ရာပြဿနာ၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ရေဖြန့်ဝေရေးစနစ်တို့နှင့် သက်ဆိုင်သည့် သတင်းဆောင်းပါးများအား ကိန်းဂဏန်းအချက်အလက်များနှင့် ရေးသားခဲ့သည်ကို ရှင်းလင်းသည်။ အဆိုပါဆောင်းပါးများ၏ ကိန်းဂဏန်းအချက်အလက်အများစုသည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး ရေးသားခဲ့ခြင်းဖြစ်ကြောင်း Data Journalism ဆရာဖြစ်သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသားများထံမှ သိရသည်။

မီဒီယာသမားများသည် သတင်းအချက်အလက်များကို သုံးစွဲခြင်းကြောင့် ပြည်သူများအတွက် အမှန်တရားကို ဖော်ထုတ်ရန် အထောက်အကူပြုနိုင်ပြီး ပြဿနာတစ်ခု၏ အကြောင်းရင်းခံများကို ဖြေရှင်းပြောင်းလဲပေးနိုင်သည်။ မီဒီယာသမားများအနေဖြင့် ရေးသားသည့် သတင်းများသည် Data Journalism ကို အသုံးပြုရေးသားခြင်းဖြင့် အချက်အလက်များက သတင်းအပေါ် ထောက်ပံ့ပေးထားမှုကြောင့် သတင်းပုံရိပ်ကို ပိုမိုထင်ဟပ်လာစေမည်ဖြစ်သည်ဟု ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် Data Journalism ၏ လက်ရှိအခြေအနေနှင့် စပ်လျဉ်းပြီး Mr. Peter Verweij အားမြန်မာ့သတင်းစဉ်မှ မေးမြန်းခဲ့သည်။

**မေး။ ။ မြန်မာနိုင်ငံမှာ ကိန်းဂဏန်းအချက်အလက်သုံးပြီးရေးတဲ့ပုံစံက နည်းနေသေးတယ်။ ဒီတော့ Data Journalism နဲ့ ပတ်သက်ပြီး ဘယ်လိုတွေ သင်ကြားခဲ့ပါသလဲ။**

ဖြေ။ ။ UNFPA ကတော့ အချက်အလက်တွေအနေနဲ့ သန်းခေါင်စာရင်းကို အချက်အလက်အဖြစ် စုစည်းပေးတယ်။ မီဒီယာကိုပေးတယ်။ ဒီလောက်နဲ့ မရပါဘူး။ ရရှိထားတဲ့အချက်အလက်တွေကို သုတေသနပြန်လုပ်ပြီး Journalism မှာ ဘယ်လိုမျိုးပြန်သုံးရမလဲဆိုတာ ရှာဖွေရမယ်။ Journalism မှာ အသစ်ဖွံ့ဖြိုးလာနေတာကတော့ Data Journalism ပဲဖြစ်ပါတယ်။ မြန်မာပြည်မှာ Data Journalism က စိန်ခေါ်မှုအသစ်ဖြစ်နေတယ်။ မနေ့ကပြီးဆုံးခဲ့တဲ့သင်တန်းမှာ သန်းခေါင်စာရင်းက အချက်အလက်တွေကို ဘယ်လိုနားလည်အောင် ဖတ်ရမလဲဆိုတာကို သင်ကြားခဲ့တယ်။ Bar နဲ့ Infographic တွေကို Data တွေသုံးပြီး ဘယ်လိုအသုံးပြုရလဲ သင်ကြားတယ်။ သန်းခေါင်စာရင်း Data ကို Research လုပ်တယ်။ ဒီအပေါ်မှာ သတင်းပြန်ရေးရတယ်။ ဂဏန်းသင်္ချာကို သုံးရတယ်။ ဂျာနယ်လစ်တွေဟာ ကိန်းဂဏန်းတွေနဲ့ အလုပ်လုပ်ရတာ မနှစ်သက်ဘူး။ Excel က ဘယ်လိုသုံးရမလဲ သူတို့သေချာမသိကြပေမယ့် သူတို့အလုပ်လုပ်သွားတာကတော့ အထင်ကြီးစရာ ကောင်းပါတယ်။ ရန်ကုန်မှာ ရေဖြန့်ဝေမှု၊ အလုပ်လက်မဲ့ပြဿနာနဲ့ အိမ်ရာပိုင်ဆိုင်မှုကို ဖော်ပြသွားမယ်။ နောက်ကွယ်မှာရှိနေတဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ခဲ့ကြတယ်။



**မေး။ ။ ဘာကြောင့် Data Journalism ကမ္ဘာမှာ ပိုမိုအသုံးပြုလာကြပါသလဲ။**

ဖြေ။ ။ မီဒီယာဟာ သတင်းတွေကိုနောက်ကွယ်ကနေ ဆန်းစစ်မှုတွေ ပြုလုပ်ပြီးမှ ရေးသားရပါတယ်။ အမေရိကန်မှာ သတင်းစာဖတ်သူဦးရေ ကျဆင်းနေပါတယ်။ လူငယ်တွေဟာ သတင်းစာကို မဖတ်တော့သလောက်ပါပဲ။ နယ်သာလန်မှာဆိုရင် နှစ်နှစ်အတွင်းမှာ စာဖတ်သူ လျော့ကျကုန်တာ အံ့မခန်းပါ။ သတင်းစာစောင်ရေတွေ ကျလာတယ်။ သတင်းထောက်တွေ အလုပ်ပြုတ်လာတယ်။ မိုဘိုင်းနဲ့အင်တာနက်မှာ သတင်းအချက်အလက်တွေကို အခမဲ့ရလာတယ်။ မီဒီယာတိုက်တွေ ပိတ်လာရတော့မယ်။ ဒါဆို ဘာဆက်လုပ်ကြမလဲ။ မီဒီယာက အကျပ်အတည်းနဲ့ ရင်ဆိုင်လာနေတယ်။ သတင်းစာပညာဟာ သေဆုံးသွားတော့မလား။ မီဒီယာလုပ်ငန်းဟာအကျပ်အတည်းနဲ့ ရင်ဆိုင်လာနေရပြီ။ EU နဲ့ US မှာတော့ နောက်ခံအကြောင်းအရာနဲ့ အချက်အလက်တွေကို သုံးသပ်ဆန်းစစ်ပြီး သတင်းတင်ဆက်နေတဲ့ ပုံစံအသစ်ကို တီထွင်လာကြတယ်။ နောက်ကွယ်က အချက်အလက်တွေကို ဖော်ထုတ်ကြတယ်။ ဒီဆက်စပ်မှုတွေက ဘာတွေကိုဖော်ပြနေသလဲ။ ဒီသတင်းကို ရေးသားပြီးတဲ့အခါမှာလည်း အွန်လိုင်းကနေဖတ်နိုင်အောင် ကြိုးစားရတယ်။

မြန်မာကတော့ သတင်းစာလုပ်ငန်းဟာ တခြားကမ္ဘာနဲ့ဆန့်ကျင်နေတယ်။ အခြေအနေကောင်းနေသေးတယ်။ အနောက်မှာ သတင်းစာဖတ်တဲ့အရေအတွက်တွေ ကျနေတယ်။ မြန်မာမှာက သတင်းစာနဲ့ဂျာနယ်ကို ခုထိဖတ်နေကြသေးတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ အရေအတွက် ကျလာနိုင်တယ်။ သတင်းစာရဲ့ နောက်ဆုံးစာမျက်နှာမှာကြော်ငြာတွေ တွေ့နေရသေးတယ်။ ဒီတော့ သတင်းစာဟာ ကြော်ငြာတွေအတွက် အသုံးဝင်နေသေးတယ်ဆိုတာကို ပြနေတယ်။ အနောက်မှာက ဒီလိုကြော်ငြာတွေ မရတော့ဘူး။ အွန်လိုင်းမှာ ရှာလို့ရနေသေးတယ်။ ICT Development ဟာ သတင်းစာပညာနဲ့ ဒီမိုကရေစီဖွံ့ဖြိုးမှုကိုပါ သက်ရောက်မှုတွေ ပေးနေတယ်။ သမားရိုးကျသတင်းစာပညာနဲ့ကိုပဲ မြန်မာနိုင်ငံမှာ အသားကျ အသုံးပြုနေတာ တွေ့ရတယ်။ ဒါဟာ မြန်မာနဲ့ နိုင်ငံတကာရဲ့ ကွာဟမှုပဲ။ အချက်အလက်တွေသုံးပြီး ပြည်သူတွေကို ပြန်ချပြဖို့ လိုအပ်နေတယ်။ သတင်းမီဒီယာရဲ့တာဝန်ဟာ ဒီကွာဟနေတဲ့ အခြေအနေကို ဖြည့်ဆည်းပေးဖို့ဖြစ်ပါတယ်။ ဒါဟာ သတင်းပညာဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်လာစေမယ်။

**မေး။ ။ UNFPA နဲ့အတူ မြန်မာနိုင်ငံမှာ Data Journalism သင်တန်း လာရောက်သင်ကြားဖြစ်ပုံလေး သိချင်ပါတယ်။**

ဖြေ။ ။လွန်ခဲ့တဲ့ နှစ်လက မြန်မာမှာ သင်တန်းပေးဖို့ ဖိတ်ခေါ်ခံရတယ်။ များသောအားဖြင့် ကျွန်တော်က ရေဒီယိုနဲ့အဖွဲ့အစည်းတွေမှာ သင်ကြားပေးရလေ့ရှိတယ်။ ဒါဟာ UN အတွက် ကျွန်တော် ပထမဆုံးပေးတဲ့ သင်တန်းပါ။ ဒါကြောင့် ရှိသမျှအစီအစဉ်တွေကို ဖျက်ပြီး ဒီကိုလာခဲ့တာပါ။ UNFPA က မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းနဲ့ အိမ်အကြောင်းအရာ အချက်အလက်တွေအတွက် အကူအညီပေးနေတဲ့ အဖွဲ့အစည်းဖြစ်လို့ ဒီကိုလာဖို့ ရွေးချယ်ခဲ့တာဖြစ်တယ်။

(ကျေးဇူးတင်ပါတယ်။)

## မေလကုန်တွင်ကျင်းပမည့် 100 Plus အငယ်တန်းချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အခမဲ့စာရင်းပေးသွင်းနိုင်

**ရန်ကုန် မေ ၂၇**
မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် Junior Golf Myanmar နှင့် Myanmar Sports Management တို့ ပူးပေါင်းစီစဉ်ပြီး 100 Plus မှ တာဝန်ယူကျင်းပသော 100 Plus အငယ်တန်းချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)တွင် မေ ၃၁ ရက်မှ ဇွန် ၁ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး အသက် (၈) နှစ်မှ (၁၁) နှစ်၊ အသက် (၁၂)နှစ်မှ (၁၅) နှစ်အထိနှင့် အသက်(၁၆) နှစ်မှ (၁၈) နှစ်အတွင်း ဂေါက်သီးရိုက်အားကစားဝါသနာပါသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် (၁၂) နှစ်မှ (၁၈)နှစ်အတွင်း ပြိုင်ပွဲမှ အကောင်းဆုံးဆုရရှိသူ ကစားသမား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ရွေးချယ်ပြီး ဩဂုတ်လတွင် မလေးရှားနိုင်ငံ ပီနံဂေါက်ကွင်း၌ ကျင်းပမည့် 100 Plus Malaysian Junior Open အငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ရွေးချယ်ခံကစားသမားနှစ်ဦးအတွက် မလေးရှားပြိုင်ပွဲခရီးစရိတ်နှင့် ကုန်ကျစရိတ်များအား 100Plus မှ တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ယခု ကျင်းပမည့် အငယ်တန်းချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မည့်သူများ အနေဖြင့် ဦးမြင့်အောင် ဥက္ကဋ္ဌ (Junior Golf Myanmar) ဖုန်း- ၀၉ ၅၁၀၉၅၅၂ နှင့် မနှင်းသာဖြူ (Myanmar Sports Management) ဖုန်း- ၀၉ ၂၆၃၃၁၁၁၄ တို့ထံ မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ အခမဲ့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

## ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်း ကျန်းမာရေးနေ့ ကျင်းပ

**မန္တလေး မေ ၂၇**
ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်း ဆေးကုဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး)တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်း ကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲကို မေ ၂၆ ရက် နံနက် ၈နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက အဖွင့်အမှာစကားပြောကြားပြီး အစာအိမ်နှင့် အူလမ်းကြောင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာနွယ်နီက ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်း ကျန်းမာရေးနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန(မန္တလေး)ညွှန်ကြားရေးမှူး ဒေါက်တာ ဇင်ဇင်နွယ်က အစားအသောက်များတွင် ဆိုးဆေးများ အသုံးပြုမှုကြောင့် အစာအိမ်ကင်ဆာအပါအဝင် ကင်ဆာရောဂါများဖြစ်ပွားခြင်းကို လည်းကောင်း၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာကျော်လှက အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများ ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း ပညာပေးဟောပြောသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(မန္တလေး)မှ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော စားသောက်ကုန်များနှင့် ဆိုးဆေးပါ စားသောက်ကုန်များအား ဈေးကွက်အတွင်းမှ တွေ့ရှိ၍ ရောင်းချခြင်း မပြုရန် ဆောင်ရွက်မှုများအား ပညာပေးပြသထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် ဂျီ-၇ ကတိပြု

**ရှီးမား မေ ၂၇**

စက်မှုအင်အားကြီး ခုနစ်နိုင်ငံ အုပ်စု (ဂျီ-၇) ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို ဂျပန်နိုင်ငံ အလယ်ပိုင်း အိုက်ဇီရှီးမား အပန်းဖြေစခန်းမြို့၌ ဒုတိယမြောက်နေ့အဖြစ် မေ ၂၇ ရက်က ဆက်လက်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာ့စီးပွားရေးကိစ္စရပ်သည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မိမိတို့၏ နှေးကွေးလာနေသော စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် မူဝါဒရေးရာ တိုးတက်စေလျက် နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်သွားကြရန် ဂျီ-၇ ခေါင်းဆောင်များက ကတိကဝတ်ပြုကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေးသည် ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာရဖွယ် ရှိနေသဖြင့် မိမိတို့နိုင်ငံများအတူတကွ လက်တွဲကာ ရင်ဆိုင်သွားကြရမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

ကမ္ဘာ့စီးပွားရေး ကျုံ့လာနေခြင်းမှာ ကိုယ်တွေ့မျက်မြင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများသည် လည်ပတ်ငွေ ပမာဏလျှော့ချခြင်း (ငွေကျုံ့ခြင်း) ဆိုင်ရာ ဖိအားပေးမှုကို ရင်ဆိုင်နေရပြီး စီးပွားရေးထွန်းသစ်စ နိုင်ငံများမှာမူ စီးပွားရေးတိုးတက်မှု အရှိန်လျှော့ကျလာမှုနှင့် တွေ့ကြုံလာကြရကြောင်း နှစ်ရက်ကြာ ကျင်းပခဲ့သော ထိပ်သီးဆွေးနွေးပွဲအပြီး ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

တွေ့ကြုံလာနိုင်သော စီးပွားရေးဘေးအန္တရာယ်များကို သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ် ဖြေရှင်းနိုင်ခြင်း မရှိပါက စီးပွားရေးကပ်ဆိုက်မှုကာလ ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက သတိပေးသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို အပြည့်အဝ လေးစားလိုက်နာကာ နျူကလီးယား စမ်းသပ်မှုများ အဆုံးသတ်ရန်လည်း ဂျီ-၇ အုပ်စုက တိုက်တွန်းသည်။ ရုရှားနိုင်ငံသည် ယခင်ရရှိခဲ့သော နိုင်ငံတကာ သဘောတူညီချက်များကို အကောင်အထည်ဖော်ပြီး ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားမည်ဆိုပါက ပိတ်ဆို့မှုများကို ပြန်လည် ရုပ်သိမ်း ပေးနိုင်ကြောင်း ဂျီ-၇ ၏ ကြေညာချက်တွင် ဖော်ပြထား သည်။

**ရိုက်တာ။**




# ဟီရိုရှီးမားသို့ သမ္မတအိုဘားမားရောက်ရှိ၊ နျူလက်နက်ဖျက်သိမ်းရေး ကြိုးပမ်းရန်တိုက်တွန်း

**ဟီရိုရှီးမား မေ ၂၇**

ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်အတူ ဟီရိုရှီးမားမြို့ရှိငြိမ်းချမ်းရေး အမှတ်တရပြတိုက်နှင့် ငြိမ်းချမ်းရေး အမှတ်တရ ဥယျာဉ်တို့သို့ မေ ၂၇ ရက်က သွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လက်ရှိ အမေရိကန်သမ္မတ တစ်ဦးက ဟီရိုရှီးမားမြို့သို့ သွားရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် အဏုမြူဗုံးဖြင့် တိုက်ခိုက်ခံခဲ့ရသော ဟီရိုရှီးမားမြို့၌ ရောက်ရှိနေစဉ် သမ္မတအိုဘားမားက အဏုမြူဗုံး ဒဏ်ခံ ပြည်သူများအတွက် လွမ်းသူ့ပန်းခွေ ချခဲ့သည်။



၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်က ဟီရိုရှီးမား မြို့ပေါ်သို့ အမေရိကန်က အဏုမြူဗုံး ကြဲချခဲ့ရာတွင် လူထောင်ပေါင်းများစွာမှာ ပွဲချင်းပြီး သေဆုံးခဲ့ကြရပြီး လူပေါင်း ၁၄၀၀၀၀ ခန့် အထိမှာ ယင်းနှစ်ကုန်ဆုံးချိန်ဝန်းကျင်တွင် သေဆုံးခဲ့ကြရသည်။

လွန်ခဲ့သည့် ၇၁ နှစ်က ကောင်းကင်ယံမှ ကျလာသော မရဏလက်နက်ကြောင့် ကမ္ဘာကြီးမှာ ပြောင်းလဲသွားခဲ့ရကြောင်း အိုဘားမားက ၎င်း၏ မိန့်ခွန်းတွင် ဖော်ပြသည်။

နျူကလီးယား လက်နက်ဖျက်သိမ်းရေး အရေးကြီးပုံကို အိုဘားမားက ပြောကြားခဲ့ပြီး နျူကလီးယား လက်နက်ကင်းရှင်းသော ကမ္ဘာကြီး အဖြစ်သို့ တည်ဆောက်ရန် ၎င်းက တိုက်တွန်းသည်။

**ရိုက်တာ။**

## မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် အိန္ဒိယနှင့်တရုတ်ခေါင်းဆောင်များကတိပြု

**ပေကျင်း မေ ၂၇**

တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်သည့် အိန္ဒိယသမ္မတ ပရာနတ်မူခါဂျီးနှင့် သမ္မတရှီကျင့်ဖျင်တို့သည် မေ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်နှင့် မိတ်ဖက်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ၎င်းတို့က ကတိပြုခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မကြာသေးမီနှစ်များမှစ၍ တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာခဲ့မှုကိုကြိုဆိုကြောင်း အိမ်နီးချင်းကောင်းပီသသော ရင်းနှီးချစ်ကြည်မှုနှင့်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ကို နှစ်နိုင်ငံစလုံးက မြဲမြံစွာကျင့်သုံးကြခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံရေးနှင့် အကျိုးစီးပွားရေးဖြစ်ထွန်းရေးအတွက် အားဖြည့်ပေးနိုင်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား မဟာဗျူဟာအရ ဆက်ဆံရေးထိန်းသိမ်းခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုကိုခိုင်မာစေနိုင်ကြောင်း တရုတ်သမ္မတက ပြောကြားသည်။

နှစ်နိုင်ငံဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် နိုင်ငံရေးအရ ယုံကြည်မှုရရှိစေနိုင်ကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုဇုန်များ၊ ခေတ်မီမြို့ပြများ၊ စွမ်းအင်နည်းပညာသစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာများနှင့် စက်မှုထုတ်ကုန်စွမ်းပကားများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ခရီးသွားလုပ်ငန်းများစသည့်လုပ်ငန်းနယ်ပယ်များအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ကြကြောင်း တရုတ်သမ္မတက ပြောကြားသည်။

ယဉ်ကျေးမှုအစီအစဉ်များ၊ ပြည်သူမှ ပြည်သူသို့ ဖလှယ်ရေးအစီအစဉ်များ အကောင်အထည်ဖော်သင့်ပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြုလုပ်သွားရန်ဖြစ်ကြောင်း ရှီကပြောကြားသည်။ **ဆင်ဟွာ။**

# ဆီးရီးယားစစ်ပွဲအတွင်း လူပေါင်း ၂၈၀၀၀၀ ကျော်သေဆုံးခဲ့ရ

**လန်ဒန် မေ ၂၇**

လွန်ခဲ့သည့် ၂၀၁၁ ခုနှစ် မတ်လမှ စတင်ဖြစ်ပွားသည့် ဆီးရီးယားပြည်တွင်းစစ်အတွင်း သေဆုံးသူ ၂၈၂၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ဆီးရီးယားပြည်တွင်းစစ်ကို စောင့်ကြည့်နေသည့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာရာ၌ သေဆုံးသူများတွင်



အကြမ်းဖျင်းအားဖြင့် အရပ်သား ၈၁၀၀၀ ပါဝင်သည်ဟု ဆိုသည်။ ၎င်းတို့အနက် ကလေးသူငယ် အနည်းဆုံး ၁၄၀၀၀ နှင့် အမျိုးသမီး ၉၀၀၀ ခန့်ပါဝင်ကြောင်း ပြောကြားသည်။

သေဆုံးသူအများစုသည် ဆီးရီးယားအစိုးရတပ်နှင့် အတိုက်အခံလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားသည့် တိုက်ပွဲများအတွင်း သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

အရပ်သားသေဆုံးမှုမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ မေ ၂၃ ရက်က ဆီးရီးယားနိုင်ငံတစ်ဝန်း ဗုံးပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားမှုကြောင့် ကလေးသူငယ်နှင့် အမျိုးသမီးများအပါအဝင် လူပေါင်း ၁၅၀ ကျော် သေဆုံးခဲ့ရသည်။ ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် အိုင်အက်စ်အဖွဲ့၏ လက်ချက်ဖြစ်မည်ဟု ယူဆရသည်။

ကုလသမဂ္ဂထောက်ခံအားပေးသည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေးမှာလည်း နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတက်ဖန်ဒီမစ်တူရာက အနည်းဆုံး လာမည့်သီတင်း နှစ်ပတ်၊ သုံးပတ်အတွင်း ဆွေးနွေးပွဲသစ်များပြုလုပ်သွားရန် အစီအစဉ်မရှိသေးကြောင်း မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆီးရီးယားအစိုးရတပ်များနှင့် အတိုက်အခံလက်နက်ကိုင်တပ်ဖွဲ့များကြား သဘောတူညီချက် တစ်စုံတစ်ရာမရရှိသေးသကဲ့သို့ ငြိမ်းချမ်းရေးအတွက် ထောက်ခံအားပေးသည့်နိုင်ငံများကြားတွင်လည်း သဘောတူညီမှုမရရှိသေးပေ။

**အင်န်အိတ်ချ်ကေ။**

## ဆေးပညာသုံးပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် ၂၀၁၅ ခုနှစ်အတွင်း သေဆုံးသူ ၁၈၄ ဦးရှိ

**ပေကျင်း မေ ၂၇**

တရုတ်နိုင်ငံတွင် ဆေးပညာသုံးပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် ၂၀၁၅ ခုနှစ်အတွင်း သေဆုံးသူ ၁၈၄ ဦးရှိခဲ့ကြောင်း တရုတ်အစားအစာနှင့် ဆေးဝါးစီမံခန့်ခွဲရေး (စီအက်ဖ်ဒီအေ)၏ နှစ်စဉ် အစီရင်ခံစာတစ်ရပ်အရ သိရသည်။

၂၀၁၅ ခုနှစ်တွင် ဆေးပညာသုံးပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် ဖြစ်ပွားခဲ့သောဖြစ်စဉ် ၄၇၂၄၉ ခုရှိသည့်အနက် ၁၈၄ ဦးခန့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းသေဆုံးမှုအရေအတွက်သည် ယမန်နှစ်သေဆုံးမှုအရေအတွက်ထက် ၁၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဘေးထွက်ဆိုးကျိုးဖြစ်စေတတ်သော ဆေးပညာသုံးပစ္စည်းများမှာ ဆေးပညာသုံး ပေါ်လီမာ (အခြေခံမော်လီကျူးကလေးများစုစည်းမှုဖြင့် မော်လီကျူးအကြီးစားများဖြစ်လာသည့် သဘာဝရှိသော သဘာဝနှင့် လူလုပ်ဒြပ်ပေါင်း)၊ ဆေးထိုးအပ်များ၊ အပေါက် အဖာများရှိသည့် ကိရိယာတန်ဆာပလာများ၊ ဓာတ်ခွဲခန်းသုံးဝတ်စုံများ၊ ကိုယ်ကာယ လေ့ကျင့်ခန်းကိရိယာများ၊ အစားထိုးကုသမှုများအပါအဝင် ဖန်တီးထားသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများဖြစ်သည်။

အဆိုပါဆေးပညာသုံးပစ္စည်းများတွင် ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်စေနိုင်သည့်အတွက် ယင်းပစ္စည်းများအား ထုတ်လုပ်ဖြန့်ချိသူများကို စစ်မှန်ပြီး ဘေးထွက်ဆိုးကျိုးမဖြစ်ပွားစေသော ပစ္စည်းများကိုသာ ထုတ်လုပ်ဖြန့်ချိကြရန် တာဝန်ရှိသူများက တိုက်တွန်းထားကြောင်း သိရသည်။ **ဆင်ဟွာ။**

# ဦးရာလူစနစ်ဖြင့် ရုပ်ရှင်ကြည့်ခွင့်လက်မှတ်များ အခမဲ့ထုတ်ယူနိုင်

**ရန်ကုန် မေ ၂၇**

မြောက်ဥက္ကလာပမြို့နယ် ( Kantharyar Shoppingmall) ၌ မေ ၂၈ ရက်တွင် အသစ်ဖွင့်လှစ်မည့် ကန်သာယာရုပ်ရှင်ရုံသစ် ဖွင့်ပွဲအထိမ်းအမှတ် အနေဖြင့် အနုပညာကိုချစ်မြတ်နိုးသည့် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် အခမဲ့ရုပ်ရှင်ကြည့်ရှုခွင့်လက်မှတ်များ မေတ္တာလက်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ( MegaAce ) ကုမ္ပဏီမှသိရသည်။

"အခမဲ့ရုပ်ရှင်ကြည့်ရှုခွင့်လက်မှတ်တွေကို တစ်ဦးကို တစ်စောင်နှုန်းပေးသွားမှာပါ။ အသစ်ဖွင့်မယ့် ကန်သာယာရုပ်ရှင်ရုံမှာပဲ မည်သူမဆို ဦးရာလူစနစ်နဲ့ လာထုတ်လို့ရပါတယ်။ ရရှိထားတဲ့ လက်မှတ်တွေကို ရုံဝင်ခွင့်လက်မှတ်တွေနဲ့ နာရီဝက်အလိုမှာ လဲလှယ်ကြည့်ရှုရမှာပါ "ဟု ရုပ်ရှင်ရုံမှ တာဝန်ရှိသူ မက်ဂီက ပြောသည်။

အဆိုပါအခမဲ့ရုပ်ရှင်ကြည့်ရှုခွင့် လက်မှတ်များကို မေ ၂၆ ရက်နှင့် ၂၇ ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိနှင့် ဖွင့်ပွဲပြုလုပ်မည့် မေ ၂၈ ရက်တွင် နံနက် ၈ နာရီခွဲမှ ၁၀နာရီအတွင်း ဦးရာလူစနစ်ဖြင့် တစ်ဦးလျှင် လက်မှတ်တစ်စောင်နှုန်း ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ရုပ်ရှင်ရုံသစ်ဖွင့်လှစ်မည့် မေ ၂၈ ရက် ညနေ ၅နာရီတွင် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင် နေတိုး၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်နှင့် အနုပညာရှင်များစွာမှ အမှတ်တရ မေတ္တာလက်မှတ်များ လာရောက်ရေးထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

# ယခုနှစ်ရာသီတွင် မည်သည့်အဖွဲ့က ပေါ့ပ်ဘုရင်မများဖြစ်လာမည်နည်း



တောင်ကိုရီးယား ဂီတလောကတွင် အဖွဲ့လိုက်အဆိုတော်များ၏ ပြန်လည် လှုပ်ရှားကြချိန်ဖြစ်သည့်နည်းတူ အများကြိုက် အမျိုးသမီးပေါ့ပ်အဖွဲ့များဖြစ်ကြသည့် Wonder Girls၊ SISTAR နှင့် GFRIEND အဖွဲ့တို့သည်လည်း အများနည်းတူ ပရိသတ်များရှေ့မှောက်သို့ အသစ်အသစ်သော ဂီတပုံစံများဖြင့် ပြန်လည်ရောက်ရှိရန် စိုင်းပြင်းနေကြသည်။

SISTAR အဖွဲ့အနေဖြင့် လာမည့် ဇွန်လနောက်ဆုံးပတ်တွင် သီချင်းအသစ်များဖြင့် ပရိသတ်ထံပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပရိသတ်များကလည်း ၎င်းတို့အဖွဲ့အနေဖြင့် မည်သည့်ဂီတပုံစံအမျိုးအစားများဖြင့် တင်ဆက်မည်ကို စိတ်ဝင်တစားရှိနေကြသည်။

ထို့အပြင် SISTAR နှင့် GFRIEND အဖွဲ့တို့အနေဖြင့် ဇူလိုင်လလယ်ခန့်တွင် ပရိသတ်ထံသို့ ပြန်လည် ရောက်ရှိလာမည်ဖြစ်ပြီး Wonder Girls အဖွဲ့သည် ကိုယ်တိုင်ထုတ်လုပ်သူများ အနေဖြင့်လည်း အယ်လ်ဘမ်သစ်တစ်ခုကို ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ရော့ခ်ဆန်ဆန် သီချင်းများဖြင့် ပရိသတ်တစ်ခဲနက်အားပေး ထောက်ခံမှုရရှိကာ အောင်မြင်ခဲ့သည့် GFRIEND အဖွဲ့အနေဖြင့် အချိန်တိုအတွင်း ပရိသတ်ကျေနပ်နှစ်သက်စေမည့် သီချင်းများကို ဖန်တီးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

အမျိုးသမီးတေးဂီတအဖွဲ့ အတော်များများအနေဖြင့် အသစ်အသစ်သော ဖန်တီးမှုများနှင့် အသင့်ပြင်နေကြပြီး သီချင်းသစ်များထွက်ရှိမည့် ရက်စွဲများကိုတော့ အတိအကျထုတ်ပြန်ထားခြင်းမရှိသေးပေ။ အခြားသော နာမည်ကြီး အဖွဲ့များဖြစ်သည့် 2NE1၊ EXID နှင့် FIESTAR အဖွဲ့တို့သည်လည်း သီချင်းသစ်များဖြင့် ပွင့်လင်းရာသီကို ကြိုဆိုရန် အသင့်ဖြစ်နေကြပြီဖြစ်သည်။ ယခုနှစ် လာမည့်ရာသီအတွင်း မည်သည့်အဖွဲ့က ပေါ့ပ်ဘုရင်မများ ဖြစ်လာမည်ကိုတော့ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

# သိပ္ပံအက်ရှင်ဇာတ်ကား X-Men:Apocalypse

လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက လူသားတွေ ကမ္ဘာမြေပေါ်မှာ စတင်ထွက်ပေါ်လာကတည်းကတည်ရှိနေခဲ့တဲ့ သန္ဓေပြောင်း Mutant တို့၏ ဆရာသခင်ဖြစ်သူ Apocalypse သည် တစ်ဖန်ပြန်လည်ပေါ်ထွက်လာခဲ့သည်။

ပြန်လည်နိုးထလာချိန်မှာတော့ သူမူလမျှော်လင့်ထားတဲ့ Mutant တွေကြီးစိုးတဲ့အနေအထားမဟုတ်တော့တာကြောင့် သူ့လိုပဲ စိတ်ပျက်ကြေကွဲနေတဲ့ Mutant တစ်ဦးဖြစ်သူ Magneto အပါအဝင် အခြား Mutant တွေကို စည်းရုံးစုစည်းပြီး လူသားတွေကို ကမ္ဘာကြီးပေါ်က ဖယ်ရှားကာ Mutant တွေကြီးစိုးတဲ့ ကမ္ဘာကြီးအဖြစ် ပြန်လည်ဖန်တီးဖို့ ကြံစည်ပါတယ်။ အဲဒါကြောင့် Mutant လူစွမ်းကောင်းမလေး RAvan သည် သိပ္ပံပညာရှင် ဆရာကြီး Professor X ရဲ့ အကူအညီနဲ့ ငယ်ရွယ်တဲ့ Mutant လူစွမ်းကောင်းတွေဖြစ်တဲ့ X-Men တွေကို ဦးဆောင်ပြီး Apocalypse နှင့် ၎င်း၏ Mutant အပေါင်းအပါတို့၏ လူသားတွေကို ကမ္ဘာကြီးပေါ်က ဖယ်ရှားမယ့် အကြံအစည်ကို အချိန်မီတားဆီးကယ်တင်ပုံကို ရိုက်ကူးတင်ဆက်ထားတဲ့ သိပ္ပံအက်ရှင် ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။




မျိုးစန္ဒာမောင် ရေးသားသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈- ၅ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ ပြည်သူ့အတွက် ပထမရက် (၁၀၀) "နိုင်ငံခြားရေးဝန်ကြီးဌာန"
- ၉း၃၅ Business News
- ၁၀း၃၅ ကဗျာရိပ်မြုံ"မြန်မာကျောင်းသူ"
- ၁၁း၄၅ "အများအကျိုးသယ်ပိုး ဆောင်ရွက်ရှင်သန်ရေးကူညီမှု အသင်းရဲ့ဆောင်ရွက်ချက်"
- ၁၁း၁၅ ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး(သရက်သီး)
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၃၀)
- ၂း၂၀ ချစ်သော၌ကမ္ဘာမြေ
- ၃း၃၅ "မြန်မာ့ရုပ်မြင်ဖန်သားပြင်မှ ကြည်နူးခံစားတစ်ခါကတေးများ"
- ၄း၃၅ "ရတနာမြေမှ ရတနာစီမံကိန်း"
- ၄း၅၀ "ပန်းတိုင်းပွင့်ကြပါစေ"
- ၅း၁၅ Tasty Trip
- ၅း၄၅ နိုင်ငံတကာခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အမျိုးသားလက်ရွေးစင်) (မြန်မာလက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်း)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ပြည်သူ့အတွက်ပထမရက် (၁၀၀)"(ပြည်ထဲရေးဝန်ကြီးဌာန)
- ၉း၀၀ ပြည်တွင်းသတင်း
  - -သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား"
  - -ဂီတတံခါးလေးဖွင့်ပါဦး
  - -ပြည်သူ့နီတိ "မွေ့ခံထိုက်စေ"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ဗဟုသုတဖြန့်ဝေသူလေး
- ၆း၄၀ တေးဂီတအစီအစဉ်
- ၇း၀၀ ကတ်ဆက်ဇာတ်လမ်း "မကြည်ဖြူ လင်ငါးယောက်ယူသည်"
- ၈း၃၀ တေးဂီတအစီအစဉ်
- ၉း၀၀ စာရေးဆရာ ချစ်ဦးညို (အပိုင်း-၁)
- ၉း၂၀ အညာမြေခရီးစဉ်
- ၉း၄၀ မြန်မာရုပ်ရှင် "သမီးမိုက်"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "သစ်တုံးကြီး ဥပမာ" တရားတော် [ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၅)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) နွေရာသီအားကစားသင်တန်းဆင်းပွဲအခမ်းအနား)
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၈၅+၈၆)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [နှလုံးသားလှပါစေ(အပိုင်း-၂)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၅)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၆)
- ၇း၂၀ Let's Talk
- ၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရမ္မက်လွန်ပန်းတစ်ပွင့် (အပိုင်း-၁)]
- ၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃)
- ၉း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၈၇+၈၈)
- ၁၀း၀၅ World of Knowledge (Built For The Kill : Undersea Deception)

## MWD

- ၆း၀၃ တရားတော်
- ၇း၀၀ မေတ္တာပို့
- ၇း၁၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၂၅ ပျော်ရွှင်လေ့လာနွေရာသီမှာ
- ၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၉း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၀း၁၅ စာပေအလင်းစာပေသတင်း
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ Happy Time
- ၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၁း၃၀ တစ်ပတ်အတွင်းအားကစားသတင်း
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -"အပိုင်ရေးတဲ့ဆေးမင်ရည်" ဖြိုးငွေစိုး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ် (အပိုင်း-၆၄)
- ၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၂၄)
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကေရီ (အပိုင်း-၃၄)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -အမျိုးသားရေးတေးကဗျာ
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -အနားမညီတြိဂံ(အပိုင်း-၁)

# သုံးရက်ကြာဆွေးနွေးပြီး မန်ယူနှင့် မော်ရင်ဟို သဘောတူညီမှုရရှိ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ပရီမီယာလိဂ်ဖလားရပါက ပေါင် ၇ ဒသမ ၅ သန်းအပိုရရှိမည်



နည်းပြမော်ရင်ဟိုသည် မန်ယူအသင်းနည်းပြဖြစ်လာမည့် စာချုပ်တစ်ရပ် ချုပ်ဆိုရန်အတွက် သုံးရက်ကြာဆွေးနွေးခဲ့ပြီးနောက် မန်ယူအသင်းနှင့်မော်ရင်ဟိုတို့ သဘောတူညီမှုရရှိသွားခဲ့ပြီဖြစ်သည်။

ယင်းသို့ သဘောတူညီမှုရရှိခဲ့သော်လည်း မော်ရင်ဟို၏ ကိုယ်စားလှယ်ဖြစ်သူ ဂျော့ဂျ်မန်းဒက်စ်နှင့် မန်ယူအသင်း၏ ထိပ်တန်းတာဝန်ရှိသူများ၏ ဆွေးနွေးမှုရလဒ်သည် ချုပ်ဆိုမည့်စာချုပ်သက်တမ်းကာလမပါဝင်ဘဲ ပြီးဆုံးသွားခဲ့ကြောင်း သိရသည်။

သို့ရာတွင် အသက်(၅၃)နှစ်အရွယ်ရှိ မော်ရင်ဟိုသည် မန်ယူအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုဖွယ်ရှိနေကြောင်းလည်း သိရသည်။ ထိုသို့ချုပ်ဆိုပါက မန်ယူအသင်းအနေဖြင့် ပေါင်သန်း ၃၀ ပေးမည်ဟု သတင်းထွက်နေသော်လည်း နည်းပြမော်ရင်ဟိုကမူ တစ်နှစ်လျှင် ပေါင် ၁၅ သန်းရလိုကြောင်း ပြောကြားထားသည်။

မန်ယူအသင်းသည် ယခင်နည်းပြဟောင်း ဗန်ဟားလ်အား ပေးခဲ့သည့် လစာထက်နှစ်ဆ ရရှိလိမ့်မည်ဖြစ်ပြီး ဗန်ဟားလ်မှာ တစ်နှစ်ပေါင် ငါးသန်းသာရရှိခဲ့ရာ မော်ရင်ဟိုမှာ ပေါင် ၁၀ သန်း ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ မော်ရင်ဟိုသည် မန်ယူအသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါက အပိုဆုကြေးငွေအဖြစ် ပေါင်ငါးသန်းနှင့် ပေါင် ၂ ဒသမ ၅ သန်း ထပ်မံရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

နည်းပြမော်ရင်ဟိုသည် နည်းပြဗန်ဟားလ်နေရာတွင် အစားထိုးနည်းပြဖြစ်လာမည်ဖြစ်ပြီး ဗန်ဟားလ်မှာ မန်ယူအသင်းက အက်ဖ်အေဖလားရယူဆွတ်ခူးခဲ့ပြီးနောက် နှစ်ရက်အကြာတွင် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။

ဂိုးသမားဟောင်း ရှမိုက်ကယ်နှင့် ဟားစီးတီးအသင်းနည်းပြ စတိဗ်ဘရစ်တို့အပါအဝင် မန်ယူကစားသမားဟောင်းတချို့ကမူ မော်ရင်ဟိုအား မန်ယူအသင်းနည်းပြအဖြစ် ခန့်အပ်မည်ဆိုသည်ကို ထောက်ခံခဲ့ကြသည်။ ထို့ပြင် နောက်တန်းကစားသမားဟောင်း ဖာဒီနန်ကလည်း မော်ရင်ဟိုအား ချီးကျူး စကားဆိုခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ပေါ်တိုအသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်စဉ်က အနိုင်ရလဒ် ၇၅ ရာခိုင်နှုန်းကျော်အထိ အောင်မြင်မှုရရှိခဲ့သည်။ ချယ်လ်ဆီးအသင်းသို့ ပထမအကြိမ် ရောက်ရှိတာဝန်ထမ်းဆောင်စဉ်တွင် မော်ရင်ဟို၏ အောင်မြင်မှုသည် ၇၀ ရာခိုင်နှုန်းကျော်၊ အင်တာမီလန်အသင်းတွင် ၆၅ ရာခိုင်နှုန်း၊ ရီးယဲလ်မက်ဒရစ်အသင်းတွင် ၇၅ ရာခိုင်နှုန်းကျော်၊ ချယ်လ်ဆီးအသင်းသို့ ဒုတိယအကြိမ် ရောက်ရှိတာဝန်ယူစဉ်တွင် ၆၀ ရာခိုင်နှုန်းသာ အောင်မြင်မှုရရှိခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းက မော်ရင်ဟိုအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်မူ ၅၅ ရာခိုင်နှုန်းနီးပါးအထိ အောင်မြင်မှုရရှိထားခဲ့သည့်နည်းပြတစ်ဦးဖြစ်သည်။ မန်ယူအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အီဘရာဟီမိုဗစ်ချ်သည် မော်ရင်ဟို၏ မန်ယူအသင်းအတွက် စာချုပ်ချုပ်ဆိုခေါ်ယူမည့် ပထမဆုံးကစားသမားလည်း ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် အင်တာမီလန်အသင်း၌ ကစားစဉ်က နည်းပြမော်ရင်ဟိုလက်အောက်တွင် ကစားခဲ့ဖူးသူဖြစ်သည်။ လက်ရှိတွင် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် နည်းပြမော်ရင်ဟိုရှိရာ မန်ယူအသင်းသို့ ပြောင်းရွှေ့လာလိမ့်မည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်နေသည်။

မန်ယူအသင်းသည် ချယ်လ်ဆီးအသင်းမှ ဘရာဇီးကြယ်ပွင့် ဝီလီယံအား ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်နှစ်နှစ်ကျန်သေးသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းကလည်း ဝီလီယံအား စာချုပ်သစ်ချုပ်ဆိုမည်ဟုဆိုသည်။

ဝီလီယံသည် ၂၀၁၃ ခုနှစ်အတွင်းက နည်းပြမော်ရင်ဟိုအနေဖြင့် အန်ဇီအသင်းမှ ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူခဲ့သူဖြစ်ပြီး နည်းပြမော်ရင်ဟိုရှိရာ မန်ယူအသင်းသို့ ပြောင်းရွှေ့လာမည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **(ငွေကြယ်)**

# ချန်ပီယံလိဂ်ဆုဖလားက လာလီဂါနှင့် ကိုပါဒယ်ရေးဖလားနှစ်ခု ရရှိခြင်းထက် သာလွန်ဟု စီရိုနယ်လ်ဒို ယုံကြည်



ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ချန်ပီယံလိဂ်ဖလားရရှိခြင်းက အခြားပြည်တွင်း ဆုဖလားများဖြစ်သည့် လာလီဂါနှင့် ကိုပါဒယ်ရေးဖလားနှစ်လုံး တစ်ပြိုင်နက်တည်း ရရှိခြင်းထက်ပင် သာလွန်သောကြောင့် အက်သလက်တီကိုအား အနိုင်ကစားကာ ချန်ပီယံလိဂ်ဖလားအား ရယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ အစဉ်အလာ ပြိုင်ဘက်ဘာစီလိုနာအသင်းမှာ လာလီဂါနှင့် ကိုပါဒယ်ရေးဖလားများ ဆွတ်ခူးရရှိခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခွာခဲ့ရရာ စီရိုနယ်လ်ဒိုက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါတွင် ဘာစီလိုနာအောက် ရမှတ်တစ်မှတ်လျော့နည်းကာ လာလီဂါဖလားအား လက်လွှတ်ခဲ့ရသလို ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်လည်း ပွဲပယ်ပြစ်ဒဏ်ကျခံနေရသော ချီရီချက်ဗ်အား ထည့်သွင်းကစားစေမိသဖြင့် ပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်ခွင့် တားမြစ်ခံခဲ့ရသည်။ **(မေလဲ့သင်း)**

# ခြေစွမ်းပြနိုင်တဲ့ လျှို့ဝှက်ချက်ကို ဂရစ်ဇ်မန်းထုတ်ပြောပြီ



အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက ယခုနှစ်တွင် ခြေစွမ်းပိုမိုပြသလာနိုင်ခြင်းမှာ နည်းပြ ဆီမြွန်နီ၏ နေရာပြောင်းလဲကစားစေမှုကြောင့်ဖြစ်ကြောင်း ဆိုလိုက်သည်။ ဂရစ်ဇ်မန်းမှာ ယခင်က တောင်ပံတိုက်စစ်၊ ကွင်းလယ်နေရာတို့သာ ကစားခဲ့ရသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ဗဟိုတိုက်စစ်မှူးနေရာတွင် ပြောင်းလဲကစားလာခဲ့ရသူဖြစ်သည်။

ဂရစ်ဇ်မန်းက ယခင်အချိန်က ၎င်းကိုယ်တိုင်ပင် ဗဟိုတိုက်စစ်မှူးအဖြစ် ကစားနိုင်သည်ကို မသိရှိခဲ့သော်လည်း နည်းပြဆီမြွန်နီက တာဝန်ရောက်ရှိလာပြီးနောက်ပိုင်း ၄-၄-၁-၁ ကစားကွက်ကို ပြောင်းလဲအသုံးပြုခဲ့ရာ ဂရစ်ဇ်မန်းဇ်အား နေရာပြောင်းလဲကစားစေခဲ့ခြင်းဖြစ်သည်။ ဂရစ်ဇ်မန်းမှာ ယခုနှစ်တွင် ပြိုင်ပွဲစုံ သွင်းဂိုး ၃၂ဂိုး သွင်းယူထားပြီး ရီးယဲလ်မက်ဒရစ်အသင်းနှင့်တွေ့ဆုံခဲ့သည့် လာလီဂါပွဲစဉ်၌ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ **(မေလဲ့သင်း)**

# ပြဿနာတွေ ထွေးလုံးရစ်ပတ်နေတဲ့ ယူရို-၂၀၁၆ အိမ်ရှင် ပြင်သစ်

**ပြင်သစ်**အသင်းဟာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားတဲ့ ယူရို-၂၀၁၆ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ အားခဲထားပေမယ့် ဘင်ဇီမာ-ဗယ်ဘူနာတို့ရဲ့ ညစ်ညမ်းခွေ ငွေညှစ်မှုဖြစ်စဉ်အစပြုလို့ ပြိုင်ပွဲနီးကပ်လာချိန်ရောက်မှ နောက်ခံလူတွေ ဆက်တိုက်ဒဏ်ရာရခဲ့လို့ ခံစစ်ကြောင်း ပြဿနာရင်ဆိုင်နေရတာအဆုံး အကျပ်အတည်းတွေ တောက်လျှောက် ကြုံတွေ့နေရပါတယ်။ ပြင်သစ်အသင်းဟာ ဥရောပဖလားအိမ်ရှင်အဖြစ် ၁၉၆၀ နဲ့ ၁၉၈၄ ခုနှစ်၊ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ၁၉၃၈နဲ့ ၁၉၉၈ခုနှစ်တွေမှာ လက်ခံကျင်းပခဲ့ပြီး ယူရို-၁၉၈၄ နဲ့ ၁၉၉၈ ကမ္ဘာ့ဖလား ပြိုင်ပွဲတွေမှာတော့ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပြင်သစ်ဟာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရင် ချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်မှု ၅၀ရာခိုင်နှုန်း (ရာခိုင်နှုန်း တစ်ဝက်) လောက်ရှိတဲ့ အသင်းဖြစ်တယ်လို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအနေအထားမှာတော့ ဥရောပအနောက်ပိုင်း နိုင်ငံတွေမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဆက်တိုက်ဖြစ်နေပြီး ပြင်သစ်နိုင်ငံမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က ချာလီဟတ်ဒို သရော်စာ မဂ္ဂဇင်းတိုက်ကို အကြမ်းဖက်သမားတွေ ဝင်ရောက်တိုက်ခိုက်ခဲ့တာကြောင့် လူရှစ်ဦးသေဆုံးခဲ့ကာ ခုနစ်ဦး ဒဏ်ရာရခဲ့ရသလို တစ်နေ့တည်းမှာပဲ စူပါမားကတ်တစ်ခုအတွင်း အကြမ်းဖက်သမားတစ်ဦးက ဓားစာခံလေးဦးကို ပစ်သတ်ခဲ့သေးပါတယ်။ အဲဒီနောက် နိုဝင်ဘာ ၁၃ ရက်မှာတော့ လူ ၁၂၉ ဦး သေဆုံးခဲ့တဲ့ ပဲရစ်ပုံးခွဲတိုက်ခိုက်မှု ဖြစ်ခဲ့ပါသေးတယ်။ ဒါကြောင့် ဒီလိုဖြစ်စဉ်တွေ ဖြစ်ပွားခဲ့တဲ့ ပြင်သစ်နိုင်ငံမှာ တစ်နှစ်မပြည့်ခင် ဥရောပဖလား ကျင်းပမယ့်ဖြစ်စဉ်အပေါ် စိုးရိမ်မှုတွေလည်း မြင့်တက်နေပါတယ်။

ဒီလို လုံခြုံရေးအခြေအနေအပေါ် စိန်ခေါ်မှုတွေ ကြုံတွေ့နေရသလို တစ်ဖက်မှာလည်း ကစားသမားရွေးချယ်မှုအပိုင်းအတွက် ဝေဖန်ချက်တွေ၊ ဖြေရှင်းချက်တွေ ပိုမိုပြင်းထန်နေတဲ့အပြင် ဒဏ်ရာပြဿနာများပြားလာမှုတွေဟာလည်း ချန်ပီယံအိပ်မက်အားကောင်းနေတဲ့ ပြင်သစ်အသင်းအတွက် ထိုးနှက်ချက်တွေပါ။ အဓိကတိုက်စစ်မှူး ဘင်ဇီမာဟာ ပြင်သစ်အသင်းဖော် ဗယ်ဘူနာရဲ့ လိင်မှုညစ်ညမ်းခွေကိစ္စရပ်အတွက် တရားရုံးမှာ ဖြေရှင်းနေရတာကြောင့် ပြင်သစ်လူစာရင်းက ချန်လှပ်ခံထားရတာ လအတန်ကြာနေပြီဖြစ်ပါတယ်။ ဒီကိစ္စကြောင့်ပဲ ဗယ်ဘူနာလည်း အသင်းလူစာရင်းမှာ ပါဝင်ခွင့်မရတော့တာကြောင့် ပြင်သစ်အသင်းအနေနဲ့ တိုက်စစ်ပိုင်း အနည်းငယ် အခက်ကြုံရဖွယ်ရှိတယ်လို့ ဝေဖန်ခဲ့ပေမယ့် နည်းပြဒက်စ်ချမ့်စ်ကတော့ သူတို့နှစ်ဦးစလုံး အသင်းနဲ့ ပူးပေါင်းခွင့်ကို လျစ်လျူရှုခဲ့ပါတယ်။

ပြင်သစ်အသင်းကစားသမားဟောင်း အဲရစ် ကန်တိုနာကတော့ နည်းပြ ဒက်ချမ့်စ်ဟာ လူမျိုးရေးခွဲခြားမှုကြောင့် ဘင်ဇီမာ ယခုလိုကိစ္စဖြစ်လာမှုအပေါ် အခွင့်အရေးယူပြီး အသင်းလူစာရင်းကနေ ချန်လှပ်ခဲ့တာဖြစ်သလို ခြေစွမ်းကောင်းပြသနိုင်တဲ့ နိုက်စ်အသင်းကစားသမား ဘင်အာဖာကိုလည်း မရွေးချယ်ခဲ့တာကလည်း အာဖရိကန်နွယ်ဖွားတစ်ယောက်မို့သာ ဖြစ်လို့ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ ဒီလိုမှတ်ချက်ကြောင့် ဒက်စ်ချမ့်စ်က ကန်တိုနာအပေါ် တရားဥပဒေအရ စွဲချက်တင်သွားမှာဖြစ်တယ်လို့ ဒက်ချမ့်စ်ရဲ့ ကိုယ်စားလှယ် ကားလို့စ် ဘရူဆာက မေ ၂၇ ရက်က တုံ့ပြန်လိုက်ပါတယ်။ နိုက်စ်ကွင်းလယ်ဖန်တီးရှင် ဘင်အာဖာဟာ ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံး ခြေစွမ်းကို ပြသပြီး သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပေမယ့် ပြင်သစ်ပဏာမလူစာရင်းမှာတောင် ပါဝင်လာခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။

အခုနောက်ဆုံးဖြစ်လာတာကတော့ နောက်တန်းကစားသမားတွေ တောက်လျှောက်ဒဏ်ရာရရှိလာတဲ့ ပြဿနာဖြစ်ပါတယ်။ ပြင်သစ် အဓိကနောက်ခံလူ ဗာရာနီဟာ ပေါင်ဒဏ်ရာကြောင့် ယူရိုပြိုင်ပွဲကို လွဲချော်မှာဖြစ်သလို တားမြစ်ဆေးသုံးစွဲမှုကြောင့် ဆာခိုကလည်း ပွဲပယ်ပြစ်ဒဏ်ကျခံရမှာဖြစ်လို့ ပြင်သစ်ခံစစ်ကျစ်လျစ်မှုကိုတည်ဆောက်ဖို့ နည်းပြ ဒက်ချမ့်စ်ခေါင်းခဲနေမှာ သေချာပါတယ်။ ဒါကြောင့် ဒက်ချမ့်စ်က ဗာရာနီနေရာမှာ ဆီဗီလာနောက်ခံလူ ရာမီကို အစားထိုးခေါ်ယူခဲ့ပါတယ်။

မေ ၂၆ ရက်မှာ ပြင်သစ်အသင်း စွယ်စုံရနောက်ခံလူဖြစ်တဲ့ အသက်(၃၂)နှစ်အရွယ် မက်သယူးလေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရရှိသွားတာကတော့ ချန်ပီယံဆုမှန်းထားတဲ့ အိမ်ရှင်အသင်းအတွက် တကယ့်ကို အကျပ်ရိုက်သွားစေမှာပါ။ မက်သယူးဟာ ခြေသလုံး ဒဏ်ရာရခဲ့တာကြောင့် မေ ၃၀ ရက်မှာ ကစားမယ့် ခြေစမ်းပွဲတွေမှာ ပါဝင်ကစားဖို့ မရှိပေမယ့် ဒဏ်ရာသက်သာလာရင် အသင်းရဲ့ လူစာရင်းမှာ ရွေးချယ်ဖို့ရှိနေတယ်လို့ ဒက်ချမ့်စ်က သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ပြင်သစ်အသင်းဟာ လက်ရှိမှာ လက်ရွေးစင်အသင်းအတွက် ပဏာမ ကစားသမား ၃၁ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး လာမယ့် မေ ၂၉ ရက်မှာတော့ အပြီးသတ် ၂၃ ဦး စာရင်းကို ထုတ်ပြန်ကြေညာသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဘယ်သူတွေကို ချန်လှပ်ခဲ့လို့ ဘယ်လို ထပ်ပြီးဝေဖန်မှုတွေ ထွက်ပေါ်ဦးမလဲ၊ နောက်ဆုံးဆန်ခါတင်စာရင်းမှာ ရွေးချယ်ထားတဲ့ လူစာရင်းထဲကမှ ဘယ်သူတွေ ဒဏ်ရာပြဿနာ ကြုံရဦးမလဲဆိုတဲ့ မေးခွန်းကိုလည်း ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။ ဒီလို ဝေဖန်မှုတွေနဲ့ ဖိအားတွေကို ပြင်သစ်အသင်းနည်းပြနဲ့ ကစားသမားတွေက ပြိုင်ပွဲအတွင်း အကောင်းဆုံးတုံ့ပြန်ပြီး အစဉ်အလာကောင်းကို ဆက်ထိန်းနိုင်ဖို့ ကြိုးပမ်းရတော့မှာဖြစ်ပါတယ်။

**(မေလဲ့သင်း)**



# ရက် ၁၀၀ စီမံချက်အရ မော်လူးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေး

**မော်လူး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် မေ ၂၆ ရက် နံနက် ၈ နာရီခွဲမှ နံနက် ၁၀ နာရီခွဲအထိ ရက် ၁၀၀ စီမံချက်ဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်တိုက်မှုအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေးတို့အတွက် ရှောင်တခင်စစ်ဆေးကာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို စုပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မော်လူးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်လူးအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရာအိမ်မှူးများပါဝင်သောပူးပေါင်းအဖွဲ့တို့သည် မော်လူးမြို့ပေါ်ရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်ရှိ တံတားအမှတ်-၁၀/၁၆၂ စီးမော်တွင် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်ကြီးများ၊ ယာဉ်ငယ်များ၊ သုံးဘီးများ၊ မော်တော်ဆိုင်ကယ်များကို ရှောင်တခင်စုပေါင်းစစ်ဆေးကာ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထူးကြပ်မတ်စစ်ဆေးကာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**နီတိုး**



## ရက် ၁၀၀ စီမံချက်ဖြင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိရန်ဆောင်ရွက်

**နတ်တလင်း မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရန်ကုန်-ပြည်လမ်းရှိ ရွှေလင်းခန်းမရှေ့၌ ပြည်သူ့အကျိုးပြုရက် ၁၀၀ စီမံချက်ဖြင့် မေ ၂၆ ရက် နံနက်ပိုင်းက ပြည်သူများ ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်စေရန် ရဲမှူးအောင်မိုး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒုရဲအုပ်ခင်မောင်ဝင်းနှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆိုင်ကယ်စီးသူများအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ သုံးယောက်မစီးရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးခဲ့သည်။ **ဝ၇၁**

# ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား ရက် ၁၀၀ စီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ် ဆောင်ရွက်ပေး

**မိတ္ထီလာ မေ ၂၇**

မိတ္ထီလာမြို့နယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ရက် ၁၀၀ ကာလအတွင်း သစ္စာစီမံချက်ဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ရက် ၁၀၀ ကာလအ တွင်း သစ္စာစီမံချက်ဖြင့် မိတ္ထီလာမြို့ပေါ် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၈ အုပ်စုအတွင်းရှိ ကျေးရွာများသို့ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင်မေ ၂၅ ရက်အထိ အိမ်ထောင်စု ၂၄ စုမှ လူဦးရေ ၁၁၆ဦးတို့အားစာရင်းပြုစုပြီး အလုပ်သမား ၁၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသူများကိုလည်း ဆက်လက်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရက် ၁၀၀ စီမံချက်အရ ဟင်္သာတခရိုင်ရဲတပ်ဖွဲ့က ပြည်သူအားရေးရှုသော ရဲလုပ်ငန်းဆိုင်ရာများရှင်းလင်း

**ဟင်္သာတ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်ရဲတပ်ဖွဲ့က ပြည်သူအားရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ခရိုင်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး သိန်းလှိုင်က ရှင်းလင်းပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ရက် ၁၀၀ စီမံချက်အရ ပြည်သူရှေ့ရှုသော ရဲလုပ်ငန်းဝန်ဆောင်မှု ငါးချက်အား အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းက ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းဆောင်ရွက်ရန်များ၊ မှုခင်းကျဆင်းရေးများ၊ ကြိုတင်ကာကွယ်ရေး၊ ကျေးရွာများအထိ တိုးမြှင့်အကာအကွယ်ပေးရေးများအား အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦး၊ ဦးကျော်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စခန်းများမှ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၆၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၇၀၀)**

## ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ တွေ့ဆုံ

**ပေါက် မေ ၂၇**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဝင်းတို့က ပြည်သူကို ဗဟိုပြုဝန်ဆောင်မှု ရဲလုပ်ငန်းစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ကို ပေါက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ မြို့မိမြို့ဖများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များNGOအဖွဲ့အစည်းနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲ ကို မေ ၂၅ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဗဟို)မှ ညွှန်ကြားထားသည့် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူကိုအကျိုးပြုရင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် လုပ်ငန်းစဉ်များကို စီမံချက်ပါ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရပ်ရွာ အခြေပြုပြည်သူလူထုနှင့်အတူ ဌာန ဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ NGOအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန် တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

## ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ ပညာပေးဆွေးနွေး

**ကျွန်းလှ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့ ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပညာပေး ဆွေးနွေးပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့ကအမှာစကား ပြောကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှု ရဲလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## ပွင့်ဖြူတွင် ပြည်သူ့အတွက် ပထမရက် ၁၀၀ အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်

**ပွင့်ဖြူ မေ ၂၇**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘုန်းမြင့်၊ မြို့မရဲစခန်းစခန်းမှူး ဒုတိယရဲမှူးလှစိုးတို့ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးရှိန်းမင်းထက်တို့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက ဆိုင်ကယ်မောင်းသူများ လိုက်နာရန် သတိပေးနိုးဆော်ဆိုင်းဘုတ်နှစ်ခုအား ပွင့်ဖြူမြို့အဝင် လမ်းဆုံနှင့် ပွင့်ဖြူ-စလင်းသွားကားလမ်း မုန်းချောင်းတံတားထိပ်တို့တွင် စိုက်ထူပေးခဲ့သည်။

ယင်းနောက် ဆိုင်ကယ်ဖြင့် ခရီးသွားပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြပြီး စည်းကမ်းလိုက်နာရန်အချက်များနှင့် ဥပဒေအရအရေးယူဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ **သူရထွန်း(ပွင့်ဖြူ)**

## ရက် ၁၀၀ စီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းနှင့် ဟောပြောပွဲပြုလုပ်

**စစ်ကိုင်း မေ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး(စစ်ကိုင်း) မှ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် မေ ၂၄ ရက်မှ ၂၅ ရက်အထိ စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်ခရိုင်ရုံး(စစ်ကိုင်း) ယာဉ်မောင်းသင်တန်းခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းနှင့် ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲနှင့် သင်တန်းပို့ချရာတွင် မော်တော်ယာဉ်ဥပဒေ၊ လမ်းညွှန်မှုများ၊ လမ်းအမှတ်သားများနှင့် အချက်ပြများ၊ မော်တော်ယာဉ်သွားလာမှု စည်းကမ်းများ၊ ယာဉ်သွားလာမှုနှင့်ပတ်သက်သည့်အချက်များ၊ အမြန်လမ်းမကြီးတွင် လိုက်နာရမည့် စည်းကမ်းများ၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုဖြစ်စေသည့်ကိစ္စရပ်များနှင့် ဖြစ်စဉ်များ၊ ဆိုင်ကယ်စီးသူ စည်းကမ်းများ၊ ခြေကျင်လျှောက်သူလိုက်နာရမည့်စည်းကမ်းများ၊ မိမိဒေသနှင့်ပတ်သက်၍ အထူးဂရုပြုလိုက်နာရန်အချက်များ (မြို့တွင်းမောင်းနှင်မှု၊ တောင်ပေါ်လမ်းမောင်းနှင်မှု၊ မြစ်ချောင်းများဖြတ်ကျော်မောင်းနှင်မှု) ယာဉ်မောင်းလိုင်စင် စစ်ဆေးခြင်းလုပ်ငန်းဆိုင်ရာ ပညာပေးဗီဒီယိုအား Projector ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲနှင့် ပညာပေးသင်တန်းပို့ချပွဲသို့ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှပြည်သူ ၃၆၁ ဦးခန့် တက်ရောက်ခဲ့ပြီး တက်ရောက်ခဲ့သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကရည်မှန်းချက်သည် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး၊ လမ်းအသုံးပြုသူများနှင့်ယာဉ်မောင်းသူများ ယာဉ်မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန်၊ ယာဉ်မတော်တဆမှု၊ ထိခိုက်မှုများလျော့နည်းကျဆင်းစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လေးစားလိုက်နာ ဆောင်ရွက်တတ်စေရန်ရည်ရွယ်ပြီး အထူးကိစ္စရပ်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းနှင့် ဟောပြောပွဲများကို ကျယ်ပြန့်စွာဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းလှမင်း (မီဒီယာဂရု)**

ကြေးမုံ
မေ ၂၈၊ ၂၀၁၆ (စနေနေ့)





၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ မေ ၆ ရက်က လာအိုနိုင်ငံတွင် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

# ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်မှုနှင့် နိုင်ငံသားဟောင်းများ၏ စွမ်းအားများပါဝင်လာစေရေး ဦးတည်ဆောင်ရွက်မည့် ရက် ၁၀၀

သတင်းဆောင်းပါး - ဟန်နီဝင်း၊ ဓာတ်ပုံ - ကိုကိုလေး

**လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းမှစတင်ကာ ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်အထိ အစဉ်အဆက် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ စီရရီချိတ်ဆွဲထားသည်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ရှိရသည်မှာ သမိုင်းစာမျက်နှာတစ်ခုကို လှစ်ဟပြသနေသကဲ့သို့ပင်။**

**ကမ္ဘာကြီးနှင့်ချိတ်ဆက်ကာ နိုင်ငံအတွက်အကျိုးဆောင်ပေးရသည့် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကိုထမ်းဆောင်သော ဝန်ကြီးများတွင် လက်ရှိတာဝန်ယူနေသည့် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။**

ပြည်ပရောက်နိုင်ငံသားများအတွက် သံရုံးများသည် အားကိုးအားထားရာ မိဘအိမ်ရိပ်သဖွယ် ပြောင်းလဲဖြစ်ပေါ်လာစေရန်နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးကို တွန်းအားပေးဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

သံရုံးများသည် မိဘအိမ်ရိပ်သဖွယ် ပြည်ပရောက် မြန်မာနိုင်ငံသားများ အားကိုးအားထားရာအဖြစ် ကြိုးပမ်းဖော်ဆောင်သွားမှုနှင့်အတူ ပြည်ပရောက်နိုင်ငံသားများသည် သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံ၏ ဥပဒေနှင့်အညီ အခွင့်အရေးများ အပြည့်အဝရရှိရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ရက် ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်

ထို့အတူ ပြည်ပရောက်မြန်မာနိုင်ငံသားများအနက် ရာဇဝတ်မှုကင်းရှင်းပြီး ယုံကြည်ချက်ကြောင့် သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုကြောင့် အမည်မည်းစာရင်း(Black List) ထည့်သွင်းခံထားရသူများကို အမည်မည်းစာရင်းမှ ထုတ်ပယ်နိုင်ရေး၊ မြန်မာနိုင်ငံသားဟောင်းများ၏ စွမ်းအားအရင်းအမြစ်များကို နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်လာစေရန် ပြည်ဝင်ဗီဇာလွယ်ကူစွာရရှိရေး၊ ပြည်တွင်းနေထိုင်ခွင့်ပိုမိုရရှိရေးတို့ကို ရက် ၁၀၀ အတွင်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

ထိုအကြောင်းကို ဒုတိယဝန်ကြီး ဦးကျော်တင်က "ပြည်ပရောက် မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွား ကာကွယ်မြှင့်တင်ဖို့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးတွေက ပိုပြီးတော့ လျင်လျင်မြန်မြန် လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပြည်ပမှာ လက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ မြန်မာသံအမတ်ကြီးတွေ၊ သံရုံးအကြီးအကဲတွေကိုလည်း နေပြည်တော်မှာပဲဖြစ်ဖြစ်၊ ပြည်ပမှာပဲဖြစ်ဖြစ် မကြာခင် စုပေါင်းခေါ်ယူတွေ့ဆုံပြီးတော့ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့ တရားဝင်အကျိုးစီးပွားတွေ ကာကွယ်ပေးဖို့၊ အစိုးရသစ်ရဲ့ ပြောင်းလဲလာတဲ့မူဝါဒတွေ အသိပေးပြောကြားဖို့နဲ့ အမြင်ချင်းဖလှယ်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံသားဟောင်းတွေရဲ့ အတွေ့အကြုံနဲ့ နည်းပညာစွမ်းအားစုတွေကိုလည်း မြန်မာနိုင်ငံရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ တိုးမြှင့်ပါဝင်လာကြစေဖို့၊ ပြည်ဝင်ဗီဇာ ပိုမိုလွယ်ကူစွာရရှိဖို့နဲ့ ပြည်တွင်းနေထိုင်ခွင့် ပိုပြီးရရှိဖို့ လုပ်ထုံးလုပ်နည်းတွေကို သိသိသာသာ ဖြေလျှော့ဆောင်ရွက်မှာပါ။ ကိုယ်ရေးရာဇဝင် အရှည်ကြီးတွေ ဖြည့်ရတာမျိုးတွေကို တစ်မျက်နှာလောက် လွယ်လွယ်ကူကူ ဖြည့်စွက်နိုင်ဖို့၊ လူမှုရေးဗီဇာနဲ့ ပြည်ဝင်ခွင့် ၂၈ ရက်သာခွင့်ပြုတာမျိုးကို သုံးလကနေ ခြောက်လအထိ တိုးမြှင့်နေထိုင်ခွင့်ရဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ Brain drain ကနေ Brain gain အသွင်ပြောင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ပါတယ်။

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲနဲ့ နိုင်ငံရေးယုံကြည်ချက်ကြောင့် အမည်မည်းစာရင်းတင်သွင်းခံရပြီးတော့ ပြည်ပြန်ခွင့် ပိတ်ပင်တားမြစ်ခံထားရတဲ့ကိစ္စတွေ ဖယ်ရှားပေးနိုင်ဖို့ ရက် ၁၀၀ အတွင်း ထိရောက်တဲ့ ပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသံအမတ်ကြီးတွေ၊ ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲတွေအနေနဲ့ ပြည်တွင်းခရီးသွားလာတဲ့ကိစ္စ၊ ပြည်ဝင်ဗီဇာ၊ ပြည်နေခွင့်ဒါတွေကိုလည်း ပြန်လည်သုံးသပ်ဖြေလျှော့ပေးဖို့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံနှင့် နိုင်ငံပေါင်း ၁၁၆ နိုင်ငံမှာ သံတမန်ဆက်ဆံရေး ထူထောင်ထားပြီး လာမည့် ရက် ၁၀၀ အတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ လက်ဘနွန်နိုင်ငံ၊ ဂီနီနိုင်ငံ၊ ကုတ်ဒီဗွားသမ္မတနိုင်ငံ၊ အီကွေဒေါသမ္မတနိုင်ငံနှင့် ဆေးရှဲလ်သမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေးတိုးချဲ့ထူထောင်နိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ သံတမန်ဆက်သွယ်မှု တိုးတက်များပြားလာချိန်တွင် အရည်အချင်းနှင့် ကျွမ်းကျင်မှု ပြည့်ဝသည့် သံတမန်ကောင်းများ ပေါ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးမည့် Diplomatic Academy တည်ထောင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ Diplomatic Academy တည်ဆောက်ရေးအတွက် ပြည်ပမှ ကျွမ်းကျင်သူများဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲကို ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်များတွင် ပါဝင်နေပြီး "အိမ်နီးချင်းနိုင်ငံတွေနဲ့ သာမက ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် နိုင်ငံခေါင်းဆောင်တွေ အပြန်အလှန် ချစ်ကြည်ရေးခရီးသွားရောက်တာဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရသစ်တာဝန်ယူပြီး ရက်ပိုင်းအတွင်းမှာပဲ ရပ်ဝေးရပ်နီးနိုင်ငံတွေက ချစ်ကြည်ရေးခရီးစဉ်တွေကို စတင်လက်ခံဆောင်ရွက်ပေးခဲ့ပြီး နောက်ထပ်ခရီးစဉ်တွေကို ဆက်လက်ညှိနှိုင်းစီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ လာအိုနိုင်ငံကို ပြီးခဲ့တဲ့ မေ ၆ ရက်က သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ လာအိုနဲ့ ချစ်ကြည်ရေးမြှင့်တင်ရုံသာမက အာဆီယံနဲ့ ဆက်ဆံရေးကို အလေးထားတဲ့ ကျွန်တော်တို့ မူဝါဒကိုလည်း ထင်ဟပ်ပြသနိုင်ခဲ့ပါတယ်။

မေလအတွင်း အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးတက်ရောက်ဖို့ ရုရှားနိုင်ငံကို နိုင်ငံတော်သမ္မတ မေ ၁၈ ရက်ကနေ ၂၂ ရက်ထိ သွားရောက်ခဲ့ပြီး ရုရှားသမ္မတပူတင်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံအစိုးရသစ်ကို ထောက်ခံအားပေးမှုကို ပြသတဲ့အနေနဲ့ မြန်မာနိုင်ငံကို မေ ၂၂ ရက်က လာရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ စိန်ခေါ်မှုများစွာကျန်ရှိနေသေးပေမယ့် အမေရိကန်က မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့ကန့်သတ်မှုတွေအနက် စီးပွားရေးတိုးတက်မှုအပေါ် အဟန့်အတားဖြစ်နေတဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ပထမတစ်လအတွင်းမှာ တရုတ်၊ အီတလီ၊ ကနေဒါ၊ ဂျပန်၊ ထိုင်း စတဲ့နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့ရဲ့ ခရီးစဉ်တွေကို စီစဉ်ပေးနိုင်ခဲ့ပါတယ်။ သူတို့က ကျွန်တော်တို့နိုင်ငံအတွက် ဘက်ပေါင်းစုံက ကူညီပံ့ပိုးမှုတွေ၊ ငွေကြေးအကူအညီနဲ့ နည်းပညာအကူအညီတွေ ကူညီပံ့ပိုးပေးဖို့ ကတိပြုပြောကြားသွားကြတာတွေရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံသားတွေအကျိုး၊ အထူးသဖြင့် ပြည်ပရောက် မြန်မာနိုင်ငံက အလုပ်သမားတွေ၊ ရွှေ့ပြောင်းနေထိုင်ကြသူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်မြှင့်တင်ပေးနိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတဲ့ စင်ကာပူလို အာဆီယံနိုင်ငံတွေနဲ့ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်မှုတွေဖြစ်မြောက်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

လုံခြုံရေးအရ ခရီးစဉ်တွေအားလုံးကို ကြိုတင်ပြောကြားလို့မရပေမယ့် ဒီလိုခရီးစဉ်တွေကနေတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမြှင့်တင်ဖို့ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ယခုအစိုးရသစ်လက်ထက် အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် နိုင်ငံတကာအသိုက်အဝန်းက ကူညီပံ့ပိုးမှုများပေးအပ်ရန် အထူးစိတ်အားထက်သန်လျက်ရှိကြပြီး နိုင်ငံအတွင်း အမှန်တကယ်လိုအပ်သည့် နေရာများတွင် ကူညီပံ့ပိုးပေးနိုင်ရေးအတွက် အမျိုးသားအလှူရှင်များညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ ရုရှားနိုင်ငံ ဆိုချီမြို့ရှိ Radission Blu Resort and Congress Centre ၌ မေ ၁၉ ရက်က တွေ့ဆုံဆွေးနွေးကြစဉ်။

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက်သည့် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ဖော်ဆောင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် ဝေဖန်ဖိအားပေးမှုများကို ယခုအထိ ရင်ဆိုင်နေခဲ့ရပြီး လူ့အခွင့်အရေးနှင့်ပတ်သက်သည့် နိုင်ငံတကာချဉ်းကပ်ဆောင်ရွက်မှုကို ထိပ်တိုက်ရင်ဆိုင်မှုအစား ထိတွေ့ပူးပေါင်းမှုပုံစံဖြင့် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးဘက်တွင် မိမိတို့အားနည်းချက်များအပေါ် ဝေဖန်ပြောကြားလာမှုများကို အလေးပေးနားထောင်ရန်၊ မိမိတို့ပြည်သူများကို လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ကြိုးပမ်းပေးလိုသူအဖြစ် လက်ကမ်းကြိုဆိုကြရန်၊ လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများအား မိမိတို့ဖြေရှင်းရာတွင် ရင်ဆိုင်နေရသည့် အခက်အခဲများ၊ အကဲဆတ်မှုများကို နိုင်ငံတကာမှ နားလည်မှုရရှိလာစေရေးအတွက် မိတ်ဆွေနိုင်ငံများကို စည်းရုံးခြင်း၊ အမြင်မကြည်လင်သူများကို မိတ်ဆွေများဖြစ်လာစေရန်နှင့် မိမိအတွက် အင်အားတစ်ရပ်ဖြစ်လာစေရန် ဆွဲဆောင်စည်းရုံးခြင်းများ ပြုလုပ်သွားမည့် ချဉ်းကပ်မှုပုံစံသစ်ဖြင့် ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းမှာကြားထားသည်။

ထို့ပြင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စုဆောင်းအသုံးပြုမှု၊ အဓမ္မခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် တိုင်းရင်းသားလူနည်းစုများအပေါ် ကျူးလွန်သည့်ကိစ္စများနှင့် ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်းများအကြား တင်းမာမှုများ ဖြစ်ပွားနေသည့်ကိစ္စတို့နှင့် ပတ်သက်သည့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ စိန်ခေါ်မှုများကို မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

ကလေးသူငယ်များ စုဆောင်းအသုံးပြုမှုနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် ထည့်သွင်းခံထားရမှုမှ ပယ်ဖျက်ပေးရန် ရည်မှန်းချက်ထားလျက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် ကတိကဝတ်ပြုပါဝင်ဆောင်ရွက်ရန်ရှိသည့် လူ့အခွင့်အရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်များအား လက်မှတ်ရေးထိုးသွားမည်ဖြစ်ပြီး မကြာမီကာလအတွင်း နျူကလီးယားစမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်(CTBT) သို့လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်(Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict)သို့လည်းကောင်း အတည်ပြုပါဝင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စတင်ဆောင်ရွက်သွားရန် ရည်မှန်းထားသည်။

အချုပ်အားဖြင့်ဆိုရသော် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်အပေါ် အခြေခံ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ပိုမိုပွင့်လင်းစွာဖြင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသွားရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို အလေးထားပြီး ကမ္ဘာ့လူသားအားလုံးအတွက် အေးချမ်းသာယာသည့် လူမှုဘဝတည်ဆောက်ရန်၊ ပုဂ္ဂိုလ်ရေးရင်းနှီးသည့် ဆက်ဆံရေးနှင့် ပြည်သူများအချင်းချင်းဆက်ဆံရေး (people to people relations)ကို အခြေပြုဆောင်ရွက်ရန်၊ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အကူအညီများရရှိရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ မတူကွဲပြားခြားနားမှုများအတွင်း ညီညွတ်မှု(unity in diversity)ရရှိရေးထက် သဟဇာတရှိရှိ သင့်မြတ်စွာနေထိုင်ခြင်းဖြင့် မတူကွဲပြားမှုမှ အကျိုးစီးပွားဖြစ်ထွန်းမှု (harmony and interests from diversity) ရရှိအောင်ဆောင်ရွက်ရန်အတွက် ကုသလမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများ လေးစားလိုက်နာပြီး နိုင်ငံတကာပြဿနာရပ်များကို ဖြေရှင်းရာတွင် အပြန်အလှန်နားလည်ညှိနှိုင်းမှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပထမရက် ၁၀၀ စီမံချက်တွင် ရခိုင်ပြည်နယ်၌ သောက်သုံးရေကန် ၁၀၀ တူးဖော်ခြင်းလုပ်ငန်းများပါဝင်



**နေပြည်တော် မေ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရက် ၁၀၀ စီမံကိန်းတွင် သောက်သုံးရေကန်များအား ပြန်လည်တူးဖော်ဆောင်ရွက်ပေးရာတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ရေကန် ငါးကန်၊ မြောက်ဦးမြို့နယ်တွင် ရေကန်ငါးကန်၊ မြေပုံမြို့နယ်တွင် ရေကန်လေးကန်၊ မင်းပြားမြို့နယ်တွင် ရေကန်လေးကန်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် ရေကန် ခုနစ်ကန်၊ တောင်ကုတ်မြို့နယ်တွင် ရေကန် လေးကန်၊ အမ်းမြို့နယ်တွင် ရေကန် သုံးကန်၊ ပေါက်တောမြို့နယ်တွင် ရေကန် ငါးကန်၊ ကျောက်ဖြူမြို့နယ်တွင် ရေကန်ခုနစ်ကန်၊ ရမ်းဗြဲမြို့နယ်တွင် ရေကန် လေးကန်၊ မာန်အောင်မြို့နယ်တွင် ရေကန် လေးကန်၊ မောင်တောမြို့နယ်တွင် ရေကန် ငါးကန်၊ ဘူးသီးတောင်မြို့နယ်တွင် ရေကန် လေးကန်၊ ရသေ့တောင်မြို့နယ်တွင် ရေကန် ခုနစ်ကန်နှင့် သံတွဲမြို့နယ်တွင် ရေကန် လေးကန် တူးဖော်ပေးခဲ့ရာ စုစုပေါင်း မြို့နယ်(၁၅) မြို့နယ်တွင် ရေကန်အရေအတွက် ၇၂ ကန် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုးရာသီမတိုင်မီ လုပ်ငန်းများပြီးစီးရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရက် ၁၀၀ စီမံချက်ဖြင့် မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများအား အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ မေ ၂၇**

ရက် ၁၀၀ စီမံချက်ဖြင့် မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန အနေနဲ့ ရက် ၁၀၀ စီမံချက် ချမှတ်ပြီးတော့ ပြည်သူတွေကို အသိပညာပေးလုပ်ငန်း ဆောင်ရွက်ပေးနေတာပါ။ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်အပြင် ပျော်ဘွယ်၊ ရမည်းသင်းမြို့တွေမှာလည်း စားသုံးသူပြည်သူတွေကို စားသုံးရန်မသင့်တဲ့ အစားအစာတွေ မစားသုံးဖို့၊ စားသုံးမိရင် ဘယ်လိုကျန်းမာရေးဆိုးကျိုးတွေရရှိနိုင်တယ် ဆိုတာမျိုးကို အသိပညာပေးဆောင်ရွက်တာပါ။ ပြီးတော့ စားသုံးကုန်ရောင်းချတဲ့ ဈေးတွေနဲ့ရေသန့်စက်ရုံတွေကိုလည်း စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလထဲမှာ အသိပညာပေးလုပ်ငန်း ၁၃ ခု၊ စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်း သုံးခု ဆောင်ရွက်ပြီးစီးပါပြီ။ နောက်လတွေအတွက် ဆက်လက်ဆောင်ရွက်မယ့် စီမံချက်တွေကိုတော့ ရေးဆွဲနေဆဲဖြစ်ပါတယ်" ဟု မိတ္ထီလာခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိတ္ထီလာခရိုင်အတွင်း စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်သည့် သောက်ရေသန့်များ၊ စားသုံးကုန်များအား စစ်ဆေးဆောင်ရွက်ရာတွင် စားသုံးရန်မသင့်ဟု သက်ဆိုင်ရာမှ သတ်မှတ်ထုတ်ပြန်ထားသည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ၊ သတ်မှတ်လုပ်ငန်းလိုင်စင်များ ပြုလုပ်ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုသာ စစ်ဆေးဆောင်ရွက်နိုင်သေးပြီး စားသုံးကုန်များအား အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေမထွက်ပေါ်လာသေးသောကြောင့် စစ်ဆေးအရေးယူဆောင်ရွက်မှုအပိုင်းတွင် လိုအပ်ချက်များရှိနေပြီး ဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် မည့်သည့်စီးပွားရေး လုပ်ငန်းရှင်များမဆို ထောင်ဒဏ် သုံးနှစ် သို့မဟုတ် ငွေဒဏ်ငွေကျပ် သိန်းငါးဆယ်အထိ ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ခုစလုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း ယင်းဥပဒေတွင် ဖော်ပြပါရှိသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရက် ၁၀၀ အတွင်း ကျောက်စီမြေထိန်းနံရံဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု



**မင်းတပ် မေ ၂၇**

မင်းတပ်မြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အဖြစ် မင်းတပ်မြို့နယ် လာလောင်းထွီအုပ်စု ထင်ချောင်းကျေးရွာတွင် အလျား ၁၉၅ ပေနှင့် အမြင့် ၁၃ ပေရှိသည့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်လျက်ရှိသည်။

ယင်းကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှုအား မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာ၊ မင်းတပ်မြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်ကြည်နှင့် မြို့နယ်ဦးစီးမှူး(မြို့ပြ) ဦးမေလိန်းတို့က မေ ၂၅ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကျောက်စီမြေထိန်းနံရံမှာ မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာနှင့် မကွေးတိုင်းဒေသကြီး စံကျေးရွာတို့တွင် သွယ်ယူလျက်ရှိသည့် ရေသွယ်မြောင်းကို ထိန်းပေးသည့် မြေထိန်းနံရံဖြစ်ကြောင်းနှင့် ယခင်တည်ဆောက်ထားပြီး ဖြစ်သော်လည်း၂၀၁၅ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သဖြင့် မိုးရာသီမရောက်မီ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ရက် ၁၀၀ စီမံချက်တွင် လျာထားရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီး(မြို့ပြ)မှူး ဦးမေလိန်းကပြောသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့တွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်

**ညောင်လေးပင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းကြီးကျေးရွာအုပ်စု ပန်းတင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၆ ရက်က အဆိုပါ ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က ဆေးခန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဆေးခန်းအား နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၁၂၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ဆေးခန်းတွင် ကျန်းမာရေးမှူးတစ်ဦး၊ သူနာပြုဆရာမတစ်ဦး၊ သားဖွားဆရာမနှစ်ဦးထားရှိကာ ဆေးခန်းသစ်ဖွင့်လှစ်နိုင်ခြင်းကြောင့် စမ်းကြီးကျေးရွာ အုပ်စုတွင်ရှိသော စမ်းချောင်း၊ ပန်းတင်၊




လေးအိမ်စု ရွာများအတွက်သာမက အနီးပတ်ဝန်းကျင်တွင်ရှိသော ဇီးကုန်းကြီးကျဆန်းကျေးရွာအုပ်စု၊ ဖိုးတုံပုံကျေးရွာအုပ်စုတွင်ရှိသော ပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကျောင်းထောက်ပံ့ကြေးပေးရေး အစီအစဉ်အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေး

**ကျောက်မဲ မေ ၂၇**

ကျောင်းထောက်ပံ့ကြေးပေးရေး အစီအစဉ် အကောင်အထည်ဖော်ရေး (မြို့နယ်အဆင့်) အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်က ကျောက်မဲမြို့ အထက (၄) ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အထူးအစီအစဉ်တစ်ရပ် အနေနဲ့ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံပညာရေးအတွက် အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နဲ့ ဩစတြေးလျနိုင်ငံ MDTF က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါငွေများဖြင့် အခြေခံပညာကျောင်းများသို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကစပြီး လေးနှစ်ဆက်တိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ကျောင်းထောက်ပံ့ရေးကော်မတီအတွင်းရေးမှူး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအုန်းသန်းက ကျောင်းထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၁၈၃ ဦးတို့ တက်ရောက်ကြပြီး ပြည်နယ်အဆင့် ဆွေးနွေးပွဲတက်ရောက်ခဲ့သူ ကိုးဦးတို့က နှစ်ရက်တာ ဆွေးနွေးပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများသို့ ကျောင်းထောက်ပံ့ကြေးပေးအပ်ရခြင်းမှာ အခြေခံပညာအရည်အသွေးကို ပိုမိုမြင့်မားလာစေရန် ပြည်သူလူထုထံမှ ထည့်ဝင်နေရသည့် ထောက်ပံ့ငွေပမာဏကို လျှော့ချနိုင်စေရန် အရည်အသွေးမီ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ဖြစ်ထွန်း ပေါ်ပေါက်စေရန်ရည်ရွယ်၍ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**မလတ် (ကျောက်မဲ)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဇိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အစိုးရအုပ်ချုပ်ပုံ စနစ်ကောင်းအတွက် လမ်းပြမြေပုံ

ဆူဇိုနင်

### "အိုင်"ကိုးလုံး ပုံစံ

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ စစ်တကောင်းတက္ကသိုလ် ဈေးကွက်ပညာ တွဲဖက်ပါမောက္ခ Syed Ahsanul Alam က ပြောပါတယ်။

"အစိုးရအုပ်ချုပ်ပုံစနစ်ကောင်းတစ်ရပ်အတွက် လိုအပ်တာက ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ လူ့ဘောင်အတွက် ထိရောက်တဲ့ ဒီမိုကရေစီနည်းကျ အဖွဲ့အစည်း ထုံးဓလေ့တွေပါပဲ။ အုပ်ချုပ်ရေးမှာ လူထုပါဝင်ဆောင်ရွက်ခွင့်မရရင်၊ လူ့အခွင့်အရေးတွေကို လေးစားမှုမရှိရင်၊ သတင်းအချက်အလက်တွေ စီးဆင်းမှုမရှိရင်၊ အရပ်ဘက်လူ့ဘောင်ရယ်၊ တရားစီရင်ရေးရယ်တို့ အားပျော့နေရင် လူတွေရဲ့ လူနေမှုအဆင့်အတန်းက တိုးတက်လာမှာ မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံမှာ အစိုးရအုပ်ချုပ်ပုံစနစ်ကောင်း ရှိ၊ မရှိ ဆုံးဖြတ်ရာမှာ သုံးနိုင်တဲ့ မှတ်ကျောက် ကိုးခု ရှိပါတယ်"တဲ့။

အဲဒီမှတ်ကျောက်ကိုးခုက -အိုင်- ကိုးလုံးဖြစ်ပါတယ်။ မူရင်း အင်္ဂလိပ်လိုကတော့ အောက်ပါအတိုင်းပါပဲ။

1. INDEPENDENT AND NON PARTISAN ELECTION COMMISSION
2. INDEPENDENT JUDICIARY AND THE RULE OF LAW
3. INDEPENDENT MEDIA AND FREEDOM OF SPEECH
4. INDEPENDENT ANTI-CORRUPTION COMMISSION
5. INVESTING IN THE PEOPLE
6. INDEPENDENT AND EFFECTIVE PARLIAMENT
7. INDEPENDENT HUMAN RIGHTS COMMISSION
8. INDEPENDENT OMBUDSMAN SYSTEM
9. INVESTMENT FRIENDLY GOVERNMENT.

**(ဘာသာပြန်)**

၁။ မှီခိုမှုကင်းရှင်း လွတ်လပ်သလို ပါတီစွဲလည်းကင်းတဲ့ ရွေးကောက်ပွဲကော်မရှင်၊
၂။ မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ တရားစီရင်ရေးနဲ့ တရားဥပဒေစိုးမိုးရေး၊
၃။ မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ မီဒီယာနဲ့ လွတ်လပ်စွာ ပြောဆိုခွင့်၊
၄။ မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကော်မရှင်၊
၅။ တိုင်းသူပြည်သားတွေအတွက် ရင်းနှီးမြှုပ်နှံမှု၊
၆။ မှီခိုမှုကင်းရှင်း လွတ်လပ်သလို ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ လွှတ်တော်၊
၇။ မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ လူ့အခွင့်အရေး ကော်မရှင်၊
၈။ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေနဲ့ပတ်သက်လို့ မကျေနပ်တာ၊ တိုင်ကြားတာတွေကို စုံစမ်းတင်ပြရမယ့်သူကလည်း မှီခိုမှုကင်းရှင်း လွတ်လပ်ရမယ်၊
၉။ ရင်းနှီးမြှုပ်နှံမှုအတွက် အဆင်ပြေတဲ့ အစိုးရ။

(မှတ်ချက် - Independent ကို မှီခိုမှု ကင်းရှင်းလွတ်လပ်တဲ့ လောက်သာ ခပ်တိုတို ပြန်ဆိုလိုက်ပါတယ်။ အဲဒီ ဝေါဟာရရဲ့ အနက်ထဲမှာ "ဘယ်သူတွေ၊ ဘယ်အဖြစ်အပျက်တွေ၊ ဘယ်အရာတွေရဲ့ ဩဇာလွှမ်းမိုးမှု၊ ထိန်းချုပ်မှုမှ မရှိတာ"ကို ဆိုလိုပါတယ်။ မြန်မာလိုဆိုရင်တော့ "အဂတိလေးပါး ကင်းတဲ့" လို့ ပြောရင် ပိုအဆင်ပြေမလား မသိဘူး။ "ဘယ်သူ့မှ ကြောက်မနေရတဲ့" ဆိုတဲ့အချက်လည်း ပါသလို "ကျေးဇူးရှင်တွေ" "အစ်ကိုကြီးတွေ" "စီနီယာတွေ" "မျက်နှာနာစရာတွေ"ကိုလည်း ထည့်တွက် ငဲ့ကွက်ခြင်း မရှိတဲ့၊ ဒါမှမဟုတ် "ဘယ်မျက်နှာမှ ထောက်ထားမနေတဲ့"ဆိုတာလည်း ပါပါတယ်။)

"ဒီမိုကရေစီနိုင်ငံတစ်ခု မှန်မှန်ကန်ကန်လည်ပတ်နေနိုင်ဖို့အတွက် သတင်းအချက်အလက်တွေ၊ စိတ်ကူးစိတ်သန်းတွေ လွတ်လွတ်လပ်လပ် ဖလှယ်နိုင်အောင် ဖန်တီးပေးထားရပါမယ်။ အဲသလိုဖြစ်အောင် အကောင်းဆုံး လုပ်ဆောင်နိုင်တာကတော့ လွတ်လပ်ပွင့်လင်းတဲ့ မီဒီယာနဲ့လွတ်လပ်စွာ ပြောဆိုဖော်ထုတ်ခွင့်များကို ဖန်တီးပေးခြင်းပါပဲ။"

စိတ်ဝင်စားစရာ ကောင်းတာက ဒီ "အိုင်" ကိုးလုံးပုံစံကို အနောက်တိုင်းသား လူဖြူတွေက ပုံသေနည်း ထုတ်လိုက်တာမဟုတ်ဘဲ ကျွန်တော်တို့နဲ့ မြေချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံက ကျွန်တော်တို့လိုပဲ အသားအရောင်ရှိသူ ပါမောက္ခရဲ့ စာတမ်းပါ အချက်တွေ ဖြစ်နေတာပါပဲ။

မူရင်းကို ရှာကြည့်တဲ့အခါ Bangladesh Watchdog ဆိုတဲ့ ပင့်ကူအိမ်စာမျက်နှာမှာ အလွယ်တကူတွေ့ရပြီး အိုင်တစ်လုံးစီကို အောက်ပါအတိုင်း ဆက်ရှင်းထားတာတွေ့ရလို့ တချို့နေရာတွေမှာ ချုံ့ပြီး ဘာသာပြန်ပေးလိုက်ပါတယ်။

### မှီခိုမှုကင်းရှင်း လွတ်လပ်သလို ပါတီစွဲလည်း ကင်းတဲ့ ရွေးကောက်ပွဲ ကော်မရှင်

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေအတွက် မှီခိုမှုကင်းရှင်း လွတ်လပ်သလို ပါတီစွဲလည်းကင်းတဲ့ ရွေးကောက်ပွဲ ကော်မရှင်ဟာ ကြိုတင်လိုအပ်ချက်ပါပဲ။ ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီရဲ့ တစ်ခုတည်းသော အုတ်မြစ်တော့ မဟုတ်ပါဘူး။ တာဝန်ခံနိုင်၊ တာဝန်ယူနိုင်တဲ့ ခေါင်းဆောင်မှု၊ လူထုရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမှုများက မရှိမဖြစ် လိုအပ်ပါတယ်။ ဒါမှသာ ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီနည်းကျတဲ့ လူ့ဘောင်ကို ဖော်ဆောင်ပေးမယ့် နည်းလမ်းဖြစ်လာမှာပါ။ ရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ လမ်းဆုံး မဟုတ်ပါဘူး။

မှီခိုမှုကင်းရှင်း လွတ်လပ်သလို ပါတီစွဲလည်း ကင်းတဲ့ ရွေးကောက်ပွဲကော်မရှင်၊ ဖြောင့်မတ်ပြီး အများလက်ခံနိုင်တဲ့ ရွေးကောက်ပွဲတွေကို ကျင်းပပေးနိုင်အောင် လျော်ကန်တဲ့ စွမ်းရည်တွေ၊ ကျွမ်းကျင်မှုတွေရှိတဲ့ ရွေးကောက်ပွဲကော်မရှင်က လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို အာမခံပေးသင့်ပါတယ်။ အဲလိုရွေးကောက်ခံပြီးပေါ်လာတဲ့ အစိုးရကသာ နိုင်ငံသူနိုင်ငံသားတွေအတွက် တာဝန်ယူပေး၊ တာဝန်ခံပေးမှာပါ။ မဲဆန္ဒရှင်တွေဟာလည်းပဲ နိုင်ငံရေးလုပ်ငန်းစဉ်မှာ နိုင်ငံရေးပါတီတွေက တစ်ဆင့်ဖြစ်စေ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေက တစ်ဆင့်ဖြစ်စေ လွတ်လွတ်လပ်လပ် ပါဝင်ဆောင်ရွက်နိုင်ဖို့လိုပါတယ်။

### မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ တရားစီရင်ရေးနဲ့ တရားဥပဒေစိုးမိုးရေး

အစိုးရအုပ်ချုပ်ပုံစနစ်ကောင်းအတွက် နောက်ထပ် စံတစ်ခုကတော့မှီခိုမှုကင်းရှင်းလွတ်လပ်တဲ့ တရားစီရင်ရေးပါပဲ။ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းဖို့ အလွန်အရေးကြီးတဲ့ မဏ္ဍိုင်ပါ။ နိုင်ငံရဲ့ ဥပဒေတွေ အစဉ်တစိုက် မျှမျှတတ အာဏာသက်ရောက်နေစေဖို့ ခိုင်မာအားကောင်းတဲ့ တရားစီရင်ရေးစနစ်နဲ့ တရားရုံးတွေကို အထူးလိုအပ်လှပါတယ်။ အစိုးရဌာနတွေ အားလုံးကလည်း ဥပဒေကို လိုက်နာကြရပါမယ်။

စီးပွားရေးဖွံ့ဖြိုးမှုကို ကျောထောက်နောက်ခံပြုရာ လွတ်လပ်တဲ့ ဈေးကွက်ထူထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့စည်းရေးတို့အတွက်လည်း တရားဥပဒေစိုးမိုးရေက အခြေခံပဲဖြစ်ပါတယ်။

နောက်တစ်ချက်က နိုင်ငံရေးအာဏာနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရကန့်သတ်ထားတာဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုလည်းရှိ၊ ယုံလည်းယုံရ၊ အချိန်မှန်လည်းကျင်းပတဲ့ ရွေးကောက်ပွဲတွေ၊ တရားစီရင်ရေးက အာမခံချက်ပေးနေတဲ့ အခြေခံအခွင့်အရေး၊ လူ့အခွင့်အရေးတွေ ရှိရပါမယ်။ နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ သူတို့ရဲ့အခွင့်အရေးကို အကာအကွယ်ရယူနိုင်ဖို့၊ အစိုးရရဲ့ လုပ်ဆောင်ချက်ကြောင့် နစ်နာသွားရင် တရားသဖြင့် ဖြစ်အောင် တရားစီရင်ရေးက ဆောင်ရွက်ပေးနိုင်ဖို့ လိုပါတယ်။

အဲသလို ကန့်သတ်မှသာ အစိုးရဌာနတွေဟာ အချင်းချင်းရော၊ လူထုအပေါ်မှာပါ တာဝန်ခံ၊ တာဝန်ယူကြမှာပါ။ နိုင်ငံတစ်နိုင်ငံမှာ အစိုးရအုပ်ချုပ်ပုံစနစ်ကျင့်သုံးမှု ရှိ၊ မရှိကို ဆုံးဖြတ်ရာမှာ တစ်ကမ္ဘာလုံးက တာဝန်ခံမှု၊ တာဝန်ယူမှုကို အရည်အချင်းအဖြစ် ယူဆကြပါတယ်။

ဥပဒေကို အာဏာသက်ရောက်စေရုံ၊ လိုက်နာနေစေရုံနဲ့ မပြီးပါဘူး။ အာဏာသက်ရောက်မှု၊ လိုက်နာအောင် လုပ်ဆောင်မှုတွေဟာ မျှမျှတတရှိဖို့လိုသလို ဘယ်လို ခွဲခြားမှုမျိုးမှ မရှိရပါဘူး။ အစိုးရ အုပ်ချုပ်ပုံစနစ်ကောင်းဆိုတာ ကျား-မ၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းစတာတွေနဲ့ပတ်သက်လို့ ဘယ်လိုခွဲခြားမှုမှ မရှိစေဘဲ အားလုံးကို အညီအမျှ ကာကွယ်စောင့်ရှောက်မှုကို ဆိုလိုပါတယ်။

တရားစီရင်ရေး၊ အုပ်ချုပ်ရေးစနစ်တွေကို လွယ်လွယ်ကူကူ ပွင့်ပွင့်လင်းလင်း သွားရောက်နိုင်ရမယ်၊ အကူအညီတောင်းနိုင်ရမယ်။ နိုင်ငံရဲ့ တရားရုံးတွေဟာလည်း လူတချို့အတွက်သာ ဖွင့်ထားတာမဟုတ်ရဘူး။ အစိုးရဌာနတွေကလည် စည်းမျဉ်းစည်းကမ်းတွေကို အယူခံတာကို ခွင့်ပြုကြရမှာ ဖြစ်တဲ့အပြင် ဌာနတွေက ဆုံးဖြတ်ချက်ချရာမှာ နိုင်ငံသူ နိုင်ငံသားတွေက ပါဝင်ဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံသူ နိုင်ငံသားတွေဟာ အဲဒီဌာနဆိုင်ရာတွေကို အချိန်မီ လွယ်လွယ်ကူကူ သွားရောက်တွေ့ဆုံတင်ပြပြီး အကူအညီ ရယူနိုင်ရပါမယ်။

### မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့မီဒီယာနဲ့ လွတ်လပ်စွာ ပြောဆိုခွင့်

ဒီမိုကရေစီနိုင်ငံတစ်ခု မှန်မှန်ကန်ကန်လည်ပတ်နေနိုင်ဖို့အတွက် သတင်းအချက်အလက်တွေ၊ စိတ်ကူးစိတ်သန်းတွေ လွတ်လွတ်လပ်လပ် ဖလှယ်နိုင်အောင် ဖန်တီးပေးထားရပါမယ်။ အဲသလိုဖြစ်အောင် အကောင်းဆုံး လုပ်ဆောင်နိုင်တာကတော့ လွတ်လပ်ပွင့်လင်းတဲ့ မီဒီယာနဲ့လွတ်လပ်စွာ ပြောဆိုဖော်ထုတ်ခွင့်များကို ဖန်တီးပေးခြင်းပါပဲ။

မှီခိုမှု ကင်းရှင်း လွတ်လပ်တဲ့ မီဒီယာက မဲဆန္ဒရှင်တွေအနေနဲ့ အကြောင်းစုံကို ကောင်းစွာသိရှိပြီးမှ ဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့ လိုအပ်တဲ့ သတင်းအချက်အလက်တွေကို ရရှိစေပါတယ်။ သည်မီဒီယာကနေ နိုင်ငံရေးအရ အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ဘယ်အမြင်ကိုမှ လျစ်လျူမရှုဘဲ အကောင်းဆုံးအမြင်တွေကို ရွေးချယ်တဲ့ စိတ်ကူးစိတ်သန်းတွေအတွက် လမ်းဖွင့်ထားသော နေရာလပ်ကို ဖန်တီးပေးတာပါ။

ဗျူရိုကရေစီ၊ မဏ္ဍိုင်သုံးရပ်က တာဝန်ရှိသူတွေ အစိုးရဌာနတွေဟာ လူထုအတွက် အစဉ်တစိုက် တာဝန်ယူပေး၊ တာဝန်ခံပေးနေအောင် အစိုးရအာဏာကို စစ်ဆေးခြင်းဝန်ကိုလည်း လွတ်လပ်တဲ့မီဒီယာက ထမ်းဆောင်ရပါတယ်။ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်း၊ စီးပွားရေးတို့နဲ့ စပ်လျဉ်းပြီး သတင်းပေးနိုင်တဲ့ မီဒီယာရဲ့စွမ်းရည်က လွတ်လပ်တဲ့ စီးပွားရေးကို လူထုက ယုံကြည်လာရေး၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ရေးတို့အတွက် အရေးပါလှပါတယ်။ လွတ်လွတ်လပ်လပ် ထုတ်ဝေဖို့၊ စာတည်းမှတ်ချက်တွေ ရေးဖို့၊ ဝေဖန်ဖို့၊ သတင်းပေးဖို့ဆိုတဲ့ အခွင့်အရေးဟာ ဒီမိုကရေစီရဲ့ အခြေခံကျတဲ့ မူတစ်ခုပါပဲ။

### မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်

အစိုးရအုပ်ချုပ်ပုံစနစ်ကောင်းဆိုရာမှာ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ခြင်းလည်း ပါပါတယ်။ အကျင့်ပျက်ခြစားမှု ရှိနေတယ်ဆိုရင် အဲဒီတိုင်းပြည်မှာ အစိုးရအုပ်ချုပ်ပုံစနစ်ကောင်းတယ်လို့ မဆိုနိုင်ပါဘူး။ ဒီမိုကရေစီရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ အစိုးရတွေဟာ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူတွေ ကင်းပအောင် အစွမ်းကုန် အားထုတ်ရမှာလည်းပဲဖြစ်ပါတယ်။

အကျင့်ပျက်ခြစားမှုက စီးပွားရေးအခြေခံအုတ်မြစ်တွေကို ဖျက်ဆီးပစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်စွမ်းကိုလည်း အဟန့်အတားဖြစ်စေပါတယ်။ ဒီမိုကရေစီနည်းကျတဲ့ အဖွဲ့အစည်း ထုံးဓလေ့တွေ အညွန့်မလူအောင်လည်း နှောင့်ယှက်တဲ့အပြင် အာဏာဟာ ငွေရှိသူ၊ လက်နက်ရှိသူတွေဆီမှာသာ စုနေပါတော့တယ်။

အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရာမှာ အစိုးရတွေအတွက် အကောင်းဆုံး နည်းလမ်းကတော့ ပွင့်လင်းမြင်သာမှု ရှိနေကြဖို့ပါပဲ။ နိုင်ငံတော်လုံခြုံရေးနဲ့ အလားတူကိစ္စတွေမှာ အစိုးရတွေအနေနဲ့ လျှို့ဝှက်ပေးရ၊ သိုသိပ်ထားရမယ့် တာဝန်ရှိလင့်ကစား အဲဒါတွေက လွဲရင်တော့ အားလုံးကို လူသိရှင်ကြားဖြစ်နေစေဖို့ လိုပါတယ်။

အကျင့်ပျက်ခြစားမှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ခိုင်မာတဲ့ ဥပဒေတွေ ပြဋ္ဌာန်းရုံနဲ့လည်း မပြီးဘူး။ အဲဒီဥပဒေတွေကို ထိထိရောက်ရောက် အသုံးချ၊ အကျင့်ပျက်ခြစားမှုတားဆီးနှိမ်နင်းရေးဌာနတွေကလည်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို တကယ်လုပ်ပြမှသာ အစိုးရဘက်က သည်ကိစ္စကို အလေးထားကိုင်တွယ် တိုက်ဖျက်နေတယ်ဆိုတာ ပြနိုင်မှာပါ။

### တိုင်းသူပြည်သားတွေအတွက် ရင်းနှီးမြှုပ်နှံမှု

အစိုးရအုပ်ချုပ်ပုံစနစ်ကောင်းမှာ တိုင်းသူပြည်သားတွေအတွက် အစိုးရက ရင်းနှီးမြှုပ်နှံဖို့ လိုပါတယ်၊ ကျား-မ၊ လူမျိုး၊ ဘာသာ မခွဲခြားဘဲ နိုင်ငံသူနိုင်ငံသားများရဲ့ ကောင်းကျိုးချမ်းသာကို မပျက်ယွင်းအောင် ထိန်းသိမ်းပေးဖို့လည်း လိုပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရ၊ အိမ်ရာ၊ ပညာရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် အစိုးရတွေအနေနဲ့ ရင်းနှီးမြှုပ်နှံသင့်တယ်။ အလုပ်အကိုင်တွေ ရှာဖွေနိုင်၊ စီးပွားရေးလုပ်ငန်းတွေ ထူထောင်နိုင်တဲ့ စီးပွားရေးပတ်ဝန်းကျင်ရှိနေအောင်လည်း ဆောင်ရွက်ပေးရပါမယ်။ ဒီမိုကရေစီ နည်းကျကမ္ဘာကြီးမှာ အစိုးရတွေ အဖြစ်ရှိ၊ မရှိကို အစိုးရရဲ့ အလုပ်အကိုင်ရရှိအောင်၊ နိုင်ငံသူနိုင်ငံသားတွေ လူနေမှုအဆင့်အတန်းမြင့်မြင့်နဲ့ နေနိုင်အောင် ဆောင်ရွက်ပေးနိုင်စွမ်းများနဲ့လည်း တိုင်းတာပါတယ်။

(ကျန်တဲ့ လေးချက်ကိုတော့ အဲဒီဆောင်းပါးမှာ နေရာအခက်အခဲကြောင့် ဆက်ဆွေးနွေးမထားပါဘူး။)

### သုံးသပ်ချက် (သူ့နိဂုံး)

ဒီအိုင်ကိုးလုံးကို ကျင့်သုံးမှသာ ဒီမိုကရေစီနိုင်ငံအတွင်း မှီတင်းနေထိုင်သူ လူထုဟာ မျှော်လင့်ချက်တွေ၊ လိုအင်တွေပြည့်စုံနိုင်မှာပါ။ အဲတော့မှလည်း လွတ်လပ်တဲ့ ဈေးကွက်တွေ ဖန်တီးနိုင်မှာ ဖြစ်သလို အဲဒီဈေးကွက်ကိုလည်း ရင်းနှီးမြှုပ်နှံသူတွေ၊ ငွေကြေးအဖွဲ့အစည်းတွေက ယုံကြည်လာမှာလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၂၀ သို့

# ဘဝထဲကလွန်ပွဲ

**à pJ&T**

ဘဝဟူသည် လွန်ပွဲတစ်ခုဟု တင်စားနိုင်ပေသည်။ အနိုင်၊ အရှုံး၊ အစ၊ အဆုံး ဆုံးဖြတ်ပေးတတ်ကြသည်။ နေ့စဉ်လွန်ပွဲများစွာကို တွေ့ကြုံကြရမြဲပင်ဖြစ်သည်။ ထမင်းထပ်ထည့်မယ်၊ မထည့်ဘူး၊ အိပ်ရာထမယ်၊ မထဘူး၊ သွားမယ်၊ မသွားဘူးမှအစ အသေးအဖွဲ့ဟုဆိုကြသော အမှုကိစ္စတို့ကိုပင် လွန်ဆွဲနေတတ်ကြပေသည်။

ထိုလွန်ပွဲ၊ ဘဝလွန်ပွဲတွင် အဖြေနှစ်ခု၊ မေးခွန်းနှစ်ခုထဲမှ တစ်ခုကိုသာလျှင် ဆုံးဖြတ်အနိုင်ပေးရပေမည်။ ထိုအရာသည်ကား ကောင်းတာအားသာမလား၊ ဆိုးတာအားသာမလားဟူ၍ပင်ဖြစ်ပေသည်။

လောကကြီးက လူသားတိုင်းကို ရွေးချယ်ခွင့်တစ်ခုတော့ မေတ္တာလက်ဆောင်ပေးထားတတ်ပေသည်။ ရွေးချယ်ရုံသာလျှင် ရှိပေသည်။ လောကကြီးက လူသားတိုင်းကို အပိုအဖြစ်ပေးထားသော အသက်ရှင်သန်ဆေးတစ်ခွက်ကို ရက်ရောစွာ မျှဝေထားပါသေးသည်။ ထိုဆေးသည်ကား မျှော်လင့်ချက်ပင်ဖြစ်ပေသည်။ မျှော်လင့်ချက်ရှိသည်နှင့် ရှင်သန်ဖို့အဓိပ္ပာယ်ပြည့်စုံသွားတတ်ပေသည်။ မျှော်လင့်ချက်ရှိက ဘဝအဓိပ္ပာယ်ရှိ၍ မျှော်လင့်ချက်မရှိသမျှ ဘဝကအဓိပ္ပာယ်မဲ့ကာ မနက်ဖန်တိုင်း၏ အဓိပ္ပာယ်သည် ကိုယ်နှင့်မဆိုင်သလို ဖြစ်သွားတတ်ပေသည်။

သို့အတွက် တစ်ရက်တည်းသာရှင်သန်လိုက်ရပါစေ ကောင်းတဲ့ဘက်ကိုအားသာတဲ့ လွန်ပွဲဖြစ်စေရပေမည်။ ခဏလေးသာ ရှင်သန်ခွင့်ကြုံရပါစေ အကောင်းဆုံးမျှော်လင့်ချက်ဖြင့် ရှင်သန်ကြရပေမည်။

လူတစ်ကိုယ် ဘဝအဖုံဖုံနှင့် ခံစားမှုအထွေထွေနှင့် ရှင်သန်ကြရစမြဲပင်ဖြစ်သည်။ လူငယ်ဘဝ၊ လူလတ်ဘဝ၊ လူကြီးဘဝ၊ အလုပ်အမျိုးမျိုး၊ ခံစားချက်အလီလီကြားတွင် အခက်အခဲတို့ကို ကျော်ဖြတ်ကြရပေသည်။ ထိုရုန်းကန်မှုအတွေ့ကို အလွယ်အဓိပ္ပာယ်ဖွင့်ဆိုကြသည်က "ဘဝအတွေ့အကြုံ" ပင်ခေါ်တတ်ကြပေသည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဘဝအထွေထွေတွေ့ကြုံမှုအသီးသီးကို တသသ ပြောဆိုတတ်ကြပေသည်။ ပြောခွင့်ရှိသည်မို့ ပြောကြသည့်တိုင်အောင် အပြောထဲမှ အကောင်းတို့ကို ရွေးထုတ်ကာ အားသာမှုကိုရယူ၍ အောင်မြင်ခြင်းဘက်သို့ပါအောင် လွန်ဆွဲကြရပေမည်။ သရေပွဲမရှိသည့် လွန်ပွဲတွင် အကောင်းကိုအားသာရေး လွန်ဆွဲပေးဖို့ လိုအပ်လှပေသည်။

**လောကကြီးက လူသားတိုင်းကိုအပိုအဖြစ်ပေးထားသော အသက်ရှင်သန်ဆေးတစ်ခွက်ကို ရက်ရောစွာ မျှဝေထားပါသေးသည်။ ထိုဆေးသည်ကား . . .**

လူသား မကောင်းမှုများဝန်းရံထားသည်ဟုဆိုကြသည်။ ထိုဝန်းရံမှုအကြား ကောင်းမှုကိုဖက်တွယ်ထားရဲကြရပေမည်။ သတ္တိ၏အဓိပ္ပာယ်ထဲတွင် ကောင်းမှုမြတ်နိုး၍ကောင်းအောင် ကြိုးစားရဲခြင်းတို့ ပါဝင်နေတတ်မြဲပင်ဖြစ်ပေသည်။ ကောင်းမှုနှင့် မကောင်းမှုက လွန်ဆွဲကြသည်။ ကြိုးစားမှုနှင့် မကြိုးစားမှု လွန်ဆွဲကြပါသည်။ အချိန်သုံးမှု၊ အချိန်ဖြုန်းမှုတို့ လွန်ဆွဲကြပါသည်။ ကျေးဇူးသိမှုနှင့် ကျေးဇူးကန်းမှု လွန်ဆွဲကြပါသည်။ အချစ်နှင့် အမုန်း လွန်ဆွဲကြသည်။ ကောင်းသောလုပ်ငန်းနှင့် မကောင်းသောလုပ်ငန်း လွန်ဆွဲနေကြမြဲပင်ဖြစ်သည်။ ဘဝထဲမှ လွန်ပွဲအား ကောင်းခြင်းများဘက် အားသာအောင်စွမ်းဆောင်ရမည် ဖြစ်ပေသည်။

# လတ်တလော သောက်သုံးရေလိုအပ်နေသည့် မုံရွာမြို့နယ်ရှိ ညောင်ပင်ရွာသစ်သို့ သောက်သုံးရေများ သွားရောက်လှူဒါန်း



**မုံရွာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် သောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မေ ၂၄ ရက် ညနေပိုင်းက မုံရွာမြို့နယ် ညောင်ပင်ရွာသစ်ကျေးရွာတွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရွာမှာက အများသုံးရေတွင်း တစ်တွင်းပဲ အားထားပြီး တစ်ရွာလုံး သောက်ရေသုံးရေသုံးစွဲနေရတယ်။ လတ်တလောကာလမှာ ရာသီဥတုက အလွန်ပူကာ မြေအောက်ရေကြောတွေ ပြောင်းလဲလာမှုကြောင့် ရွာကအများသုံး ဘုံရေတွင်းမှာ ရေနည်းလာပြီး ရေက အရသာပါ ပြောင်းလဲလာကာ ငန်ပြီး ခါးလာတာကို တွေ့ရတယ်။ အဲဒီတော့ ရေတွင်းက သုံးရေအတွက်ပဲ အဆင်ပြေပြီး သောက်သုံးဖို့နဲ့ ချက်ပြုတ်ဖို့အတွက် အဆင်မပြေတော့ဘူး။ တချို့တွေဆို ပဲပြုတ်တာတောင် ရေကြောင့် ပဲက မနပ်တော့ဘူးဆိုပြီး ပြောဆိုသံတွေ ကြားနေရပြီ။ ဒီလိုရေအခက်အခဲတွေ ကြုံတွေ့နေချိန်မှာ အခုလို ရေလာရောက်လှူဒါန်းကြတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်မိပါတယ်" ဟု ညောင်ပင်ရွာသစ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

အဆိုပါ ညောင်ပင်ရွာသစ် ကျေးရွာသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးနှင့် ဇနီးတို့က မွေးနေ့အလှူအဖြစ် သောက်ရေသန့်ဘူးကြီး၁၁၀ နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ရေဂါလန် ၁၂၀၀ ဆံ့ ကားတစ်စီးတို့ဖြင့် သောက်သုံးရေများ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**စာမျက်နှာ ၁၉ မှ**

အစိုးရအုပ်ချုပ်ပုံ စနစ်ကောင်းဟာ ဘယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်မဆို မရှိမဖြစ်လိုအပ်ပါတယ်။ အစိုးရအုပ်ချုပ်ပုံစနစ်မှာ လူထုမပါဝင်နိုင်၊ လူ့အခွင့်အရေးတွေကိုလည်း မလေးစား၊ သတင်းအချက်အလက်တွေလည်း စီးဆင်းမှု မရှိ၊ အရပ်ဘက် လူ့ဘောင်၊ တရားစီရင်ရေးတို့လည်း အားပျော့နေမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဟာ ဘယ်လိုမှ အညွန့်လူမလာနိုင်ပါဘူး။

ခြွင်းချက်အနည်းငယ်ကလွဲရင် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတွေဟာ ကမ္ဘာမှာ ဒီမိုကရေစီနည်းအကျဆုံး အစိုးရအုပ်ချုပ်ပုံစနစ်ရှိတဲ့ နိုင်ငံတွေဖြစ်နေပါတယ်။ သည်တော့ကာ အစိုးရအုပ်ချုပ်ပုံ စနစ်ကောင်းမရှိရင် ဒီမိုကရေစီလည်းမရှိဘူးဆိုတာကိုတော့ မမေ့သင့်ပါဘူး။ အစိုးရအုပ်ချုပ်ပုံစနစ်ကောင်းကို ဖော်ဆောင်ဖို့ ထက်သန်မှုနဲ့အတူ ဆင်ခြင်တုံတရားရှိရှိ အုပ်ချုပ်တဲ့ အစိုးရတွေဟာ ဒီမိုကရေစီနည်းကျလာမှာ ဖြစ်သလို ပြုပြင်ပြောင်းလဲရေးအတွက် အဲဒီအစိုးရတွေရဲ့ အားထုတ်မှုကိုလည်း အဲဒီနိုင်ငံသူ နိုင်ငံသားတွေကသာ မကဘဲ ဒီမိုကရေစီနည်းကျ ကမ္ဘာကြီးကပါ ထောက်ခံပံ့ပိုးသွားကြလေမှာ မလွဲပါဘူး။

**ကျွန်တော့်နိဂုံး**

အထက်က ဖော်ပြခဲ့သမျှ ၉၉ ရာခိုင်နှုန်းဟာ အဲဒီပါမောက္ခရေးထားတဲ့ စာကိုဆီလျော်အောင် ပြန်ဆိုထားတာ ဖြစ်ပါတယ်။ မူရင်းကို http://goo.gl/fkkmhp မှာ ဖတ်ရှုနိုင်ကြပါလိမ့်မယ်။ အဲဒီစာမျက်နှာထိပ်က နိဒါန်းတိုလေးကလည်း စိတ်ဝင်စားစရာ ကောင်းလှတာမို့ တစ်ပါတည်း ပြန်ဆိုပေးလိုက်ပါရစေဦး။

"နိုင်ငံတော်ရဲ့ နိုင်ငံရေးမှာ ကာကီတွေ ဝင်ရောက်စွက်ဖက်ခြင်းဟာ ထိရောက်တဲ့ ဒီမိုကရေစီရဲ့ အဖွဲ့အစည်းထုံးဓလေ့များပေါ် ထွန်းမှု၊ အစိုးရအုပ်ချုပ်ပုံစနစ်ကောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ ပုံမှန် လူမှုရေး၊ နိုင်ငံရေး ကိစ္စတွေမှာ ဘာသာအယူဝါဒတွေ မပါဝင် မပတ်သက်ရေးတို့ကို ထိခိုက်ပျက်စီးစေပါလိမ့်မယ်။ လူယုတ်မာတွေ၊ လူဆိုးလူညစ်တွေက လူမှုရေးတရားမျှတမှုအတွက် တက်ကြွလှုပ်ရှားသူတွေ၊ ဝေဖန်ရေးဆရာတွေ၊ နိုင်ငံရေးသမားတွေ၊ စာနယ်ဇင်းဆရာတွေကို ကြောက်ကြပါတယ်"တဲ့။

စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာမို့ မနေနိုင်မထိုင်နိုင် ဘာသာပြန်ဆို တင်ပြလိုက်တာဖြစ်ပါတယ်။ ဒီမိုကရေစီ လမ်းကြောင်းပေါ် တက်လှမ်းဖို့ အားထုတ်နေဆဲ ကျွန်တော်တို့နိုင်ငံအတွက် တစ်နည်းတစ်ဖုံ အသုံးတည့်တန်ကောင်းရဲ့ဆိုတဲ့ မျှော်လင့်ချက် ပါးပါးလျလျလေးနဲ့ပါပဲ။

သေချာတာကတော့ နိုင်ငံရေးကို စိတ်ဝင်စားသူ လူအများ သိထားသင့်တဲ့အချက်လို့ ယူဆပါတယ်။ ဒီ အိုင်ကိုးလုံးကို တစ်နေ့ တစ်ရက် တစ်မနက်တည်းနဲ့ တည်ဆောက်ယူလို့ရမှာ မဟုတ်သလိုလေနဲ့၊ အပြောနဲ့တင်လည်း လုပ်ရမှာ မဟုတ်ပါဘူး။ ဒီမိုကရေစီ လူ့ဘောင်ကို ရောက်ဖို့ ခရီးကရှည်ဦးမှာပါ။ နှစ်ပေါင်းများစွာ ပျက်ချင်တိုင်းပျက်ခဲ့တဲ့နိုင်ငံကို ငါးနှစ်၊ ဆယ်နှစ်မျှနဲ့ ဘယ်တန်ခိုးရှင်ကမျှ ဖွဟဲ့ဆိုပြီး ဒီမိုကရေစီသွားအောင် လုပ်နိုင်မှာလည်း မဟုတ်ပါဘူး။

ယခုအစိုးရမှသည် နောင်လာမယ့် အစိုးရအဆက်ဆက်အနေနဲ့ ဒီ အိုင်ကိုးလုံးကို အစဉ်တစိုက်တည်ဆောက်သွားနိုင်ကြမယ်ဆိုရင်တော့ ရွှေပြည်တော်ကို မျှော်နိုင်မှာ ဖြစ်တဲ့အကြောင်း မရဲတရဲ ပြောလိုက်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားမယ်လို့ မျှော်လင့်မိကြောင်းပါခင်ဗျား။ ။

# ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးလုပ်ငန်းစဉ်များကို စာစောင်များဝေငှ၍ ပြည်သူ့လက်ဝယ်အရောက် ဖြန့်ဝေအသိပေး

**မုံရွာ မေ ၂၇**

မုံရွာခရိုင် နယ်မြေအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေးလုပ်ငန်းစဉ်များကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးကူညီဆောင်ရွက်ပေးလျက်ရှိရာမေ ၂၃ ရက် နံနက်ပိုင်းက မုံရွာကားလေးဝင်းနှင့် သာစည်ဈေးများသို့ ဥပဒေရေးရာသိမှတ်စရာ မူခင်းပညာပေးစာစောင်များကို မုံရွာခရိုင်ရဲမှူးကြီးနှင့်အဖွဲ့က ပြည်သူ့လက်ဝယ်အရောက် ဖြန့်ဝေအသိပေးခြင်း ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူတို့၏အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိရာ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ထိရောက်အောင်မြင်စေရေး ပူးပေါင်းပါဝင်လာကြသည်ကိုလည်း တွေ့ရသည်။

"ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်နေပါတယ်။ ပြည်သူလူထုက ပူးပေါင်းကူညီပါဝင်လာကြတာ တွေ့ရသလို ဆက်လက်ပြီးတော့လည်း ပါဝင်ကူညီဖို့ အများကြီးလိုပါတယ်။ ပြည်သူ့ဘဝလုံခြုံရေးအတွက် ကိုယ်တိုင်ပါဝင်ပြီး ဝန်ဆောင်မှုတွေပေးလိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဝင်ရောက်ဖို့ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံးကို ဆက်သွယ်နိုင်ပါတယ်" ဟု မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်က ပြောသည်။

ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာရေးအတွက် မျက်မှောက်တွင် ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟုတွေ့လျှင်၊ မြင်လျှင် နီးစပ်ရာရဲစခန်းသို့ သတင်းပို့ရန်လိုသလို ရာဇဝတ်ပြစ်မှုတစ်ခုခုကို ကျူးလွန်လာသူဖြစ်ကြောင်း မသင်္ကာဖွယ်ရာတွေ့လျှင်၊ သိလျှင်လည်း သတင်းပို့ရမည်ဖြစ်ကြောင်း မူခင်းကျဆင်းရေး ပညာပေးစာစောင်ဝေငှနေသူ ရဲမေတစ်ဦးကပြောသည်။

"ရာဇဝတ်ပြစ်မှုကျူးလွန်ရာမှာ အားပေးကူညီသူလို့မြင်ရင် တွေ့ရင်လည်း နီးစပ်ရာရဲစခန်းကို သတင်းပို့ရမှာပါ။ ဒါ့အပြင် ရာဇဝတ်မကင်းတဲ့ သက်သေခံပစ္စည်းတွေကို လက်ခံထားတာပဲဖြစ်ဖြစ်၊ သိမ်းထားတာပဲဖြစ်ဖြစ်၊ ထုခွဲပေးတာပဲဖြစ်ဖြစ် သိရရင်လည်း သတင်းပို့ကူညီရပါမယ်။ အရေးကြီးဆုံးက လူငယ်တွေကို ပျက်စီးစေတဲ့ မူးယစ်ဆေးဝါးလက်ဝယ်ထားပြီး လက်လီလက်ကားရောင်းနေတယ်လို့သိရရင်လည်း သတင်းပို့ပေးရပါမယ်။ ဒုစရိုက်လုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းလုပ်နေတယ်လို့ သိရ မြင်ရရင်ပဲဖြစ်ဖြစ်၊ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းတွေကို ကိုယ်ကျိုးအတွက်ဖြစ်ဖြစ်၊ အလွဲသုံးစားပြုနေတာပဲဖြစ်ဖြစ်၊ ဖျက်ဆီးနေတာပဲဖြစ်ဖြစ် တွေ့ရင်လည်း သတင်းပေးရပါမယ်" ဟု ယင်းက ပညာပေးလက်ကမ်းစာစောင်ဝေငှရင်း ပြောပြသည်။

မုံရွာခရိုင် ရဲတပ်ဖွဲ့အနေဖြင့် မေ ၂၃ ရက် နံနက်ပိုင်းတွင် မုံရွာကားလေးကွင်းနှင့် သာစည်ဈေးများသို့ ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်း၊ အများမြင်သာသောနေရာများတွင် ပညာပေးစာစောင်များကပ်ခြင်း၊ ချိတ်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ည ၇ နာရီတွင် မုံရွာမြို့ပြင် စာသင်ကျောင်းဖြစ်သည့် TOP စာသင်ကျောင်း၌ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ဥပဒေရေးရာနှင့် ပညာရေးတို့ဖြင့် ပူးပေါင်း၍ ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ယင်းအပြင် မေ ၂၄ ရက် နံနက်ပိုင်းတွင်လည်း ချင်းတွင်းမြစ်တစ်လျှောက် စုန်ဆန်သွားလာနေကြသော စက်လှေ၊ မော်တော်နှင့် ရေကြောင်းပြေးဆွဲယာဉ်များမှ ရေယာဉ်မောင်းနှင့် လုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ခရီးသည်များ သိရှိစေရန် မူခင်းပညာပေးစာစောင်များကို ဝေငှပေးခဲ့သည်။

"ဘာကြောင့် ဒီအမှုတွေဖြစ်တတ်တယ်ဆိုတာသိရသလို ဘယ်လိုအမှုတွေဖြစ်ရင် ဘယ်လိုပြစ်ဒဏ်တွေခံရမယ်ဆိုတာ အခုလို မူခင်းပညာပေးစာစောင် ဝေငှမှသာ သိရတာပါ။ ဒီလိုအမှုတွေဖြစ်ရင် ဘယ်လိုပြစ်မှုတွေခံရတယ်ဆိုတာ သိလာရတော့ အဲဒီအမှုတွေ မဖြစ်ချင်တော့ဘူး။ အဲဒီလိုမဖြစ်ချင်ရင် ဘယ်လိုကာကွယ်ရမယ်ဆိုတာတွေ ပြည့်ပြည့်စုံစုံသိရတော့ တန်ဖိုးရှိပါတယ်။ သိချင်တဲ့သူရှိရင်လည်း စာစောင်တွေကို မိတ္တူဆွဲဝေသွားဦးမှာပါ။ များများသိမှ မလုပ်သင့်တာတွေ များများရှောင်နိုင်မှာပါ" ဟု သာစည်ဈေးမှ ဈေးသည်တစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ထူးဆန်းထွေလာ အံ့ဩဖွယ်ရာ လက်ဆေးကန်

ခဲ ဂျူးနက်

ကလေးမြို့၏ ထူးဆန်းထွေလာ အံ့ဩဖွယ်ရာ လက်ဆေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၃၀၆၉ ပေ မြင့်သော တောင်ပေါ်တွင်တည်ရှိသည့် ရေကန်ဖြစ်ပြီး မော်လိုက်ခရိုင်နှင့် ကလေးခရိုင် နယ်စပ်နေရာတွင် တည်ရှိကာ ကလေး-တမူး မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးကားလမ်းမကြီးဘေး ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာအနီးမှ ပြောင်ဘုတ်-မော်လိုက် လမ်းအတိုင်း ၁၄ မိုင်ခန့်တောင်တက်ခရီးသွားကာ မော်လိုက်မြို့မှ ၁၉ မိုင်ဝေးသည့် နေရာတွင် တည်ရှိသည်။

မြတ်ဗုဒ္ဓငါးဝါအရတွင် ချင်းတွင်းမြစ်အထက်ပိုင်း မော်လိုက်မြို့အနီး နန်းဇလိန်ရွာ၏အနောက်ဘက် ဆွမ်းဘုဉ်းတောင်သို့ ကြွရောက်ခဲ့သည့်အတွက် ယခုတိုင် "ဆွမ်းဘုဉ်းတောင်" ဟုအမည်တွင်ပြီး ထိုဆွမ်းဘုဉ်းတောင်ပေါ်တွင် ညီတော်အာနန္ဒာက လက်ဆေးရန် ရေခပ်ပေးသည့်ကန်ကို "လက်ဆေးကန်" ဟု ယနေ့တိုင်ခေါ်တွင်ခဲ့ကာ ဆွမ်းဘုဉ်းဘုရားကိုလည်း ယနေ့တိုင် ဖူးမြော်နိုင်သည်။

လက်ဆေးကန်ရေပြင်သည် အကျယ် ၁၈ ဧကခန့်ရှိပြီး မြတ်ဗုဒ္ဓ၏လက်ဆေးကန်ဝန်းကျင်တွင် ဝါးခါးရေစိုတောရှိခြင်း၊ နွေ-မိုး-ဆောင်း ရေပြင်အတက်အကျ မရှိခြင်း၊ အမြဲတမ်းကြည်လင်အေးမြခြင်း၊ ရေကန်အတွင်း အမှိုက်ကင်းစင်ခြင်း၊ ကန်တွင်းရှိ အမှိုက်နှင့် သစ်ရွက်ခြောက်များကို ငှက်ကောင်အဖွဲ့လိုက်ဖြင့် ကိုက်ချီပြီး သန့်ရှင်းရေးလုပ်ခြင်း၊ ရေအမျိုးအစား PH-7 ရှိခြင်းတို့ကြောင့် အလွန်ထူးဆန်းသည့် ရေကန်ဖြစ်သည်။

ယင်းအပြင် ကလေးသမိုင်းနှင့်ဆက်စပ်သည့် သမိုင်းတစ်ခုတွင်လည်း အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မှပြေးလာခဲ့ကြသော အဇာတသတ်မင်း၏ ဆွေတော်မျိုးတော် မြေးတော် မြစ်တော်များတွင် ရဟန္တာအရှင်မြတ် ၅၀၀ လိုက်ပါခဲ့ရာ ယခုလက်ဆေးကန်နေရာတောထဲတွင်ပင် သီတင်းသုံးခဲ့ကြကြောင်း ကလေးမြို့သမိုင်းအကြောင်း စုဆောင်းသူတို့က ဆိုသည်။

ယခုအခါ လက်ဆေးကန်တွင် ဆရာတော်ဦးကုမာရ (ဂန့်ဂေါ) ကျောင်းထိုင်သီတင်းသုံးတော်မူသည့် လက်ဆေးကန်တောင်ထိပ်ပေါ်တွင် ရွှေကံသာမုနိစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုနိုင်ပြီး ဘုရားရင်ပြင်တော်မှ ကလေးမြို့နယ်တစ်ခွင်လုံး၏ အလှရှုခင်းများကို ကြည့်ရှုခံစားနိုင်သည်။

လက်ဆေးကန်သည် ယခုတိုင် တောတောင်ရေမြေ မပျက်ယွင်းသေးသည့်နေရာဖြစ်ပြီး ဆွမ်းဘုဉ်းတောင်တွင် သစ်တော၊ ဝါးတောကြီးများကျန်သေးသည့်အပြင် ဆရာတော်ဦးကုမာရ၏ အဆိုအမိန့်စကားအရ သဘာဝတောကောင်၊ သားကောင်များ၊ ကျား၊ ဝက်ဝံ၊ ပြောင်စသည့် အကောင်ကြီးများ ကျန်သေးသည်ဟုဆိုသည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဘုရား၊ ကျောင်းကန်၊ ဇရပ်တို့ဖြင့် ပြည့်စုံလာသည့်အတွက် ဘုရားဖူးခရီး၊ လေ့လာရေးခရီးသွားရောက်သူများပြားလာပြီး အထူးသဖြင့် သီတင်းကျွတ်ချိန်၊ ကထိန်ခင်းချိန်နှင့် သင်္ကြန်ကာလတို့တွင် ဘုရားဖူးသွားရောက်သူ၊ လေ့လာရေးခရီးသွားရောက်သူ အများဆုံးနေရာဖြစ်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။



# ရေမျောပါ၍ အိုးအိမ်ဆုံးရှုံးခဲ့ရသည့် ရေဘေးသင့်မိသားစုများအား အိမ်အလုံးပေါင်း ၁၈၃ လုံး ဆောက်လုပ်ပေးမှုပြီးစီး၍ မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်



**ကလေး မေ ၂၇**

၂၀၁၅ မိုးရာသီ ရေကြီးရေလျှံ၍ အိုးအိမ်ဆုံးရှုံးခဲ့ကြရသည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၂ ရွာမှ အိမ်ထောင်စုပေါင်း ၁၈၃ စုအတွက် နေအိမ်များကို နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သန်း ၃၆၉ ဒသမ ၅၀ ဖြင့် ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီး၍ မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်ပြီဖြစ်ကြောင်း ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မျိုးက ပြောသည်။

"ကလေးမြို့ပေါ် ရပ်ကွက်တွေမှာလည်း ရေဘေးသင့်လို့ အိမ်ပျက်စီးသွားတာရှိပါတယ်။ ရပ်ကွက်နှစ်ရပ်ကွက်မှာ အိမ်လေးလုံးဖြစ်ပါတယ်။ ကျန်တာတွေကတော့ ရွာတွေမှာ ဆောက်လုပ်ပေးရတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအိမ်တွေကို အချိန်နဲ့တစ်ပြေးညီ ပြီးစီးအောင် ရပ်ရွာကဒေသခံတွေကိုလည်း လက်သမားပညာသင်တန်းတွေ လက်တွေ့သင်ကြားပေးရပါတယ်။ ပြီးတော့ လုပ်အားခ၊ လက်နက်ကိရိယာတွေ ထူထောင်ပေးပြီး ဆောင်ရွက်ခဲ့ရတာပါ" ဟု ဦးစီးမှူးက ပြောသည်။

ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီ ရေကြီးရေလျှံမှုကြောင့် ရွာပေါင်း ၆၂ ရွာနှင့် ရပ်ကွက်ကြီးငါးရပ်ကွက် ရေဘေးသင့်ခဲ့ပြီး ရွာပေါင်း ၁၂ ရွာ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ယခုအခါ ကလေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ဆက်သွယ်ရေး၊ လမ်းတံတားများဆောက်လုပ်ပေးလျက်ရှိပြီးအသက်မွေးဝမ်းကျောင်းပညာများပါ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ပန်းသဇင်(ကလေး)**

# အင်းတော်မြို့နယ် အုန်းဒုတ်ရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်တင်

**မော်လူး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာ အခြေခံပညာမူလွန်ကျောင်းတွင် ကျောင်းအဆင့်တိုးမြှင့်၍ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့တိုးမြှင့်သည့် ဆိုင်းဘုတ်တင်အခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းမှာဦး၌ ကျင်းပသည်။

မြို့နယ်ဒုတိယပညာရေးမှူး ဦးသိန်းဆွေဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးနှင့် ကျောင်းအကျိုးတော်ဆောင်အတွင်းရေးမှူး ဦးတင်ငွေတို့က အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းကာ ဆုတောင်းမင်္ဂလာပို့သပြီး အခြေခံပညာအလယ်တန်းကျောင်းခွဲဆိုင်းဘုတ်ကို စုပေါင်းတင်ကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်ချစ်နှင့် ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၅၈)**

# တောင်ကျရေကြောင့် ရေထဲမျောပါသွားသည့် အင်းပတ်လည်-ဘုံတောတံတားအား ဂျပန်နိုင်ငံ Jip အဖွဲ့ဆောက်လုပ်လှူဒါန်းမည်

**ကျောက်တံခါး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာအုပ်စု အင်းပတ်လည်-ဘုံတောလူကူးတံတားသည် ၂၀၁၅ ခုနှစ် မိုးတွင်းကာလ၌ တောင်ကျရေကြောင့် အိုင်တုံချောင်းအတွင်း ရေစီးနှင့်မျောပါသွားခဲ့ရာ ၎င်းလူကူးတံတားအား အမှီပြုသွားလာနေသော ကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအခက်အခဲနှင့် ကြုံတွေ့နေသည့်အတွက် ယခုနှစ်မိုးရာသီအကုန်တွင် ဂျပန်နိုင်ငံ Jip အဖွဲ့မှ ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများဖြင့် အဆိုပါလူကူးတံတားအား လာရောက်ဆောက်လုပ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောက်လုပ် လှူဒါန်းနိုင်ရေးအတွက် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ဂျပန်နိုင်ငံသားပညာရှင်သုံးဦး လာရောက်၍ အဆိုပါတံတားတည်ဆောက်မည့် မြေနေရာအားကြည့် ကြည့်ရှုစစ်ဆေးခြင်းနှင့် MOU လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ကျောက်တံခါးမြို့စည်ပင်သာယာ ဧည့်ရိပ်သာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# ကျောက်ကြီးမြို့မ စည်ပင်သာယာဈေး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ကျောက်ကြီး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ စည်ပင်သာယာဈေးဝင်းပတ်လည် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ လူအင်အား စက်အင်အားဖြင့် ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်များရှင်းလင်းခြင်းနှင့် ရေမှုတ်စက်ဖြင့် ရေစီးရေလာပြုပြင်ခြင်းများကို မေ ၂၆ ရက်က မြို့မဈေးမျက်နှာစာများတွင် ဆောင်ရွက်ခဲ့ကြသည်။

လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကြီး၊ အမှုဆောင်အရာရှိ ဦးဟန်ရှိန်၊ အင်ဂျင်နီယာ ဦးဝဏ္ဏမောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစောနောင်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြသည်။

"မိုးရာသီ ရေစီးရေလာကောင်းမွန်ဖို့ အဓိကဆောင်ရွက်သွားပါ့မယ်။ ဈေးပတ်လည်လမ်းကိုလည်း ကတ္တရာလမ်းခင်းသွားဖို့ စီစဉ်ထားပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာက ရှင်းပြသည်။

"ပြည်သူဘက်က လိုအပ်ချက်ကို တင်ပြသွားပါ့မယ်။ စည်ပင်သာယာက မိုးရာသီ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရမှုများကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးသွားဖို့ လိုအပ်ပါတယ်" ဟု ကပ်ကျေးရပ်ကွက်နေ ဦးသန်းထွန်းက ပြောသည်။

မိုးဦးရာသီ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမှ ခြင်၊ ယင်အန္တရာယ်ကင်းရှင်းပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **(၁၂၂)**

# စိုက်ပျိုးရေးချေးငွေများ ထုတ်ချေး

**ပေါင် မေ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများအား မေ ၁၇ ရက်က စတင်ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၅၇ အုပ်စုတို့မှ ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို အစောဆုံးပြေကျေစွာ ပေးဆပ်ခဲ့ကြသော ပေါင်မြို့နယ် ကဒိုင်ကျေးရွာမှ လယ်သမား ၄၉ ဦး၊ ဆင်ရွာကျေးရွာမှ လယ်သမား ၂၄ ဦး စုစုပေါင်း လယ်သမား ၇၃ ဦးတို့အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၇၆၂ သိန်းကို မန်နေဂျာနှင့်ဝန်ထမ်းများက စတင်ထုတ်ချေးပေးခဲ့သည်။

ယခင်နှစ်က မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို လယ်တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့်သာ ထုတ်ချေးပေးခဲ့သော်လည်း ယခုနှစ်တွင် မိုးစပါးစိုက်ချေးငွေများကို တစ်ဧကကျပ် ၁၅၀၀၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ပေါင်မြို့နယ်အနေဖြင့် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ဧကပေါင်း ၈၀၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၂၀၀၀၀ ကိုထုတ်ချေးပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**






MADE IN THE UK.
VALUED WORLDWIDE.

# MBA Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

မြန်မာနိုင်ငံတွင်တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင်အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံးဖြစ်သော UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA, MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ်ယူဆောင်လာခဲ့ပြီဖြစ်ပါသည်။

UK, Scotland ရှိ Heriot-Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက်သက်တမ်းအရှည်ဆုံး အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည်နံပါတ် (၁၈) နေရာရရှိထားပြီး QS World's Ranking အရကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များတွင် အဆင့် (၃၁၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံမှ တက်ရောက်နေကြပြီး တက်ရောက်နေသူများထဲတွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ဩဇာအကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံအနည်းဆုံး (၃) နှစ်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS 6.5 ရရှိထားရန် လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်း လုပ်သက်အတွေ့အကြုံကောင်းမွန်သော လုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာလိုအပ်ချက်ပြည့်မီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ ပထမ Core Module သုံးခုအောင်မြင်မှသာ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

သင်တန်းကြေးများမှာ MBA (General) 9675 USD + 5,000,000 Kyats နှင့် MBA (with Specialism) 11800 USD + 5,000,000 Kyats ဖြစ်ပြီး ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေး ဆုံးဖြတ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University မှ ချီးမြှင့်သောဘွဲ့ကို ရယူနိုင်ပါသည်။ UK, Malaysia နှင့် Dubai တို့ရှိ Heriot-Watt University Campus များတွင် Revision အတန်းများသွားရောက်သင်ယူလိုပါက တစ်ဘာသာလျှင် ပေါင် ၃၀၀ ထပ်မံ ပေးသွင်းပြီးတက်ရောက်နိုင်ပါသည်။ မအားလပ်သောအလုပ်ရှင်မှ အရာရှိများအတွက်အဆင်ပြေစေရန် အတန်းချိန်များသည်ရုံးပိတ်ရက်များနှင့်ရုံးချိန်လွတ်သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။



■ သင်တန်းများကို ဇွန်လ (၄) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။

သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - မေလ (၃၀) ရက်

■ သင်တန်းကြေးကို (၁၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပါသည်။

Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 31 May 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

**Apply Now - (09) 450177770**

## ကြော်ငြာ

# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဇော်မြင့်(ရွှေအိမ်စည်စတိုး)-(ဒေါ်ထွေးကြည်)တို့၏ သားငယ်

### မောင်လွှမ်းမိုးဇော် B.E (Mechatronics)

**Principal Engineer (Switer Engineering (FE) Pte Ltd, Singapore)**

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးအေးမင်း(ဦးစီးအရာရှိ-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)- ဒေါ်တင်တင်နွယ်တို့၏ သမီးငယ်

### မမေသူကျော် B.E(Civil)

**Specialist Diploma in Building Cost Management (BCA Academy, Singapore)**
**Quantity Surveyor (Song Furniture Construction and Trading Pte Ltd, Singapore)**


တို့၏ ၁၉-၅-၂၀၁၆ရက်(ကြာသပတေးနေ့)၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော သူငယ်ချင်းသီဟအောင်နှင့်ဇနီး ဥသဍ္ဍာကျော်တို့အားလည်းကောင်း၊ ၂၀-၅-၂၀၁၆ ရက် (သောကြာနေ့) ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေကျင်မစိုးရိမ်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် တက်ရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်ဆွေမျိုးသင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၂၂-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ ရန်ကုန်မြို့ Novotel Yangon Max Hotel (Yangon Ball Room)၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေး၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဘဘဦးအုန်းမြင့်(ဒုတိယဝန်ကြီး-ငြိမ်း၊-လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး အန်တီဒေါ်သက်ဝါတို့အား အထူးကျေးဇူးတင်ရှိပါသည်။ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် မင်္ဂလာပွဲမတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်တေးသီချင်း သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ ဂီတမှူးစန္ဒယားသိန်းမြင့်သန်းနှင့် အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မသဲနုစံနှင့် မအိမ့်ခြူးကဗျာဗိုလ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဇန်းကိုင်ဆောင်ပေးပါသော Dr.ယမုံ၊ မင်္ဂလာလက်ထပ်လက်စွပ်ဇန်းကိုင်ပေးပါသော မလဲ့ယဉ်ဝင့်၊ မင်္ဂလာသတို့သားအရံ မောင်ဇံဖြိုးမောင်၊ မောင်ဖြိုးထက်သော်၊ မင်္ဂလာသတို့သမီးအရံ မဆုမွန်ကျော်၊ မနှင်းနုရည်၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာမပို့ (My Favourite)၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော မေဦးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ပန်းအလှ ဆင်နှင့် မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော "Lovey Dovey"မှ သူငယ်ချင်း ကိုစိုင်းလင်းနောင်နှင့် မမေမြတ်မွန်၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်လွှမ်းမိုးဇော်နှင့် မမေသူကျော်**

**အမည်ပြောင်း** ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အမက(၁၁)၊ သရက်မြို့၊ စတုတ္ထတန်း၌ ပညာသင်ကြားမည့် အဖ ဦးသော်တာဆွေ၏သမီး မဟန်နီဦးအား မဟန်နီဝင်းမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

## MECHINICAL CAR PARKING




**TPW**

**No. (31), Room (5), 7 Miles, Pyay Road, Yangon**

**T: 09.259.81.36.36**
**: 09.259.81.37.37**
**: 09.259.81.48.48**

**အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။**

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
**ချောင်းသာ/ ငွေဆောင်**
**Ph:01 707062, 09 799100100**
**01 703790, 09 797100100**

**GOLDEN STAR**
**ကျိုက်ထီးရိုး (နေ့စဉ်)**
**ချောင်းသာ (နေ့စဉ်)**
**ငွေဆောင် (နေ့စဉ်)**
**Ph: 209200, 544383, 430480**

### မင်္ဂလာသက်တမ်းနှစ်(၂၀)ပြည့်ဆုတောင်း

ဦးအောင်အောင်-ဒေါ်လှသူဇာဝင့် (A&T Fashion)တို့၏ ယနေ့ ၂၈-၅-၂၀၁၆ရက်တွင်ကျရောက်သော နှစ်(၂၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသမီးများနှင့်အတူ ပျော်ရွှင်သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး Fashion လုပ်ငန်းလည်း ဒီထက်မကအောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး - မချမ်းမြေ့ဝင့်အောင် (3rd M.B.,B.S-ဆေးတက္ကသိုလ်-၂)
သမီးငယ် - မဟေမာန်ဝင့်အောင် (Grade 5 A, အထက-၁၊ ဒဂုံ)

A &T Fashion မှ ဝန်ထမ်းများ

### ပြည်မြန်မာ

အိမ်ပြောင်း၊ အိမ်ရွှေ့၊ ကားအငှား၊ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်များ၊ တိုက်ခန်း၊ ရုံးခန်းများကို မြို့တွင်း၊ နယ်ဝေး(သို့) ကားနှင့် လုပ်သားများဖြင့် အဆင်ပြေချောမွေ့စွာ အထူးသက်သာသောဈေးနှုန်း များဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

ဖုန်း-၀၉၇၈၁၂၆၉၄၁၂၊ ၀၉၄၅၀၀၅၇၉၂၈၊ ၀၉၉၆၃၆၈၅၁၆၀၊ ၀၉၂၅၂၄၆၃၀၉၄

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ အသုံးမပြုတော့သည့်ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၂၅-၅-၂၀၁၆) မှ (၃၁-၅-၂၀၁၆) ရက်ထိ နေ့စဉ်(၉း၃၀) နာရီမှ ညနေ (၄း၀၀) နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ (၃၁-၅-၂၀၁၆) ညနေ (၄း၀၀) နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ ထံသို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**အမည်ပြောင်း** အဖ ဦးခင်မောင်အေး[၁၂/မဘန(နိုင်)၀၆၆၆၆၈]၏ သမီး မဝေလင်းထက်အား မရတနာဖြိုးဝေဟု ပြောင်းလဲခေါ်ပါရန်။



**Win & San Diamonds and Fine jewelry @ Junction (Maw Tin)**
**(ဦးဝင်းနိုင်) + သီဟသုခမ္မသိဂီ ဒေါ်စမ်းစမ်း**

Win & San Diamonds and Fine jewelry @ Junction (Maw Tin) ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖြူသန့်စိန်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများနှင့် စိန်အကြွေမျိုးစုံ၊ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပါ HRD, GIA တစ်ပွင့်စိန် ဆိုဒ်မျိုးစုံနှင့်အတူ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာ အစုံဖြင့်ပြုလုပ်ထားသောဒီဇိုင်းဆန်းသစ်အထည်မျိုးစုံတို့ကို မိတ်ဟောင်း၊ မိတ်သစ်များအတွက် တစ်မူထူးခြားသော အထူးလျှော့ဈေး (Discount 25% to 30 %) ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဖိတ်စာမရောက်ရှိသော မိတ်ဟောင်းမိတ်သစ်များလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

**Promotion Date : 27.5.2016, 28.5.2016, 29.5.2016**

နေရာ ❖ Junction Centre (Maw Tin) Promotion Area အခန်း (၁၁၄)၊ မြေညီထပ်၊ အမှတ် (၂၅၆/၂၅၀)၊ လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01 218354 Ex : 1114, 502977, 504679 , 09 -779625499, 09-5006683, 09-506-2773




**POLAR FROST® Pain Relieving Cold Gel**




Polar Frost Pain Relieving Gel သည် အရိုး၊ အကြောနှင့်ပတ်သက်သော ရောဂါများ။ အဆစ်အမျက်ရောင်ခြင်း၊ ကျိုးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာ ရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။




MM Reg No. 1809AA6180
MADE IN FINLAND

- City Mart ဆိုင်ခွဲများ၊ စိန်ဂေဟာဆိုင်ခွဲများ ၊ CAPITAL hypermarket၊ Gandamar Wholesale၊ RUBY MART၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၁၀၄


ပိုမိုတည်ဆောက်နိုင်သော မြန်မာဖြစ်စေရန်
ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
ကျွန်ုပ်တို့လုပ်ငန်း၏ အားသာသောအောင်မြင်မှုသော့ချက်သည် တီထွင်ဆန်းသစ်မှုရှိခြင်းနှင့် အရည်အသွေးမြင့်မားသောထုတ်ကုန်များဖြစ်သည်။ ဘော့ရှ်၏ လျှပ်စစ်အားသုံး လုပ်ငန်းသုံးစက်ကိရိယာများနှင့် အပိုပစ္စည်းများကို လုံခြုံစိတ်ချပြီး သက်တမ်းရှည်ကြာသုံးစွဲနိုင်ရန် တီထွင်ထုတ်လုပ်ထားခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်ကူညီလျက်ရှိပါသည်။
ကျွန်ုပ်တို့၏ စက်မှုနည်းပညာများဖြင့် လူနေမှုဘဝများခေတ်မီတိုးတက်စေရန် ပံ့ပိုးပေးပါသည်။
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

**ဦးလှဖေ (၈၈)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုရင်-ဒေါ်ဝါဝါဖေတို့၏ ဖခင်ကြီး ဦးလှဖေ (မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ငြိမ်း)သည် ၂၅-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) ည ၁၀း၄၀ နာရီတွင် ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

**ဦးလှဖေ (၈၈)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုရင်-ဒေါ်ဝါဝါဖေတို့၏ ဖခင်ကြီး ဦးလှဖေ(မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ငြိမ်း)သည် ၂၅-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) ည ၁၀း၄၀နာရီတွင် ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဆရာမဒေါ်ခင်ခင်ဌေး(ခ)ဒေါ်ဘီ (၇၇)နှစ်

ဖျာပုံမြို့နေ ဦးဘာဘာ-ဒေါ်အယ်လင်တို့၏ တတိယသမီး၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးချစ်ထွန်း၊ ဦးရယ်ဂျီနယ်၊ ဒေါ်မေမေဝင်းတို့၏နှမ/အစ်မ၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၅၃၃ နေ ဦးရွှေလွင်(သင်း ထောက်၊ ကံဘဲ့)၏ဇနီး၊ ဒေါ်ရွှေဝါလွင်-ဦးဝင်းအောင်၊ ဒေါ်ခင်မာလွင်-ဦးထွန်းဦး၊ ဦးသက်ဦးလွင်-နော်ထူးမူဖော၊ ဒေါ်စုမာလွင်-ဦးအာကာတို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဟိန်းထက်အောင်၊ ကျော်ထက်အောင်၊ အေးသဒ္ဒါဦး၊ နှင်းအိရွှေရည်၊ ဝီလျံမောင်တို့၏အဘွားသည် ၂၇-၅-၂၀၁၆ (သောကြာနေ့) နံနက် ၃း၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၃နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်ခန်းမတွင် ဝတ်ပြုကိုးကွယ်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဟာရများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ သင်္ဂြိုဟ်မည့်နေ့ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မေကြည်လွင်(ယော)

**B.Sc(Zoo) (မကွေးကောလိပ်)၊ H.G.P**

**လမ်းစဉ်လူငယ်(ဂန့်ဂေါ)**

**ဦးစီးအရာရှိ(ငြိမ်း)၊ သ/မဦးစီးဌာန**

**အသက်(၆၈)နှစ်**

ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်နေ (ဦးဟန်-ဒေါ်မြို့ဟန်)တို့၏သမီး၊ ဒေါ်ကြည်ဝင်းလွင်၊ ဦးအောင်ကြည်၊ ဒေါ်မေရီလွင်တို့၏ညီမ၊ ကိုအုန်းလွင်-ဒေါ်ညွန့်ညွန့်ကြည်၊ ဦးခိုင်တင်ထွန်း-ဒေါ်ထွန်းထွန်းလှိုင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ်(၈၈၈)၊ ပင်လုံလမ်းနေ ဦးလှသိန်း(မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း၊ ရန်ကုန်တိုင်း)၏ဇနီး၊ ဗိုလ်ကြီးနေပိုင်အောင်(ပြင်ဦးလွင်)၊ ကိုသော်ဇင်ထွန်း-မယဉ်ငြိမ်းပိုင်၊ မဆုမြတ်ပိုင် (ဧရာဝတီဘဏ်)တို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၂၆-၅-၂၀၁၆(ကြာသပတေးနေ့) ညနေ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Dr.ထွန်းထွန်းဝင်း

**(သွားနှင့်ခံတွင်းဆရာဝန်)**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်နေ (ဦးအောင်မြင့်)-ဒေါ်ခင်ဌေးဝင်းတို့၏သား၊ (ဦးပွား(ခ)ဦးကျော်စိန်-ဒေါ်မြသောင်း)တို့၏ သားသမက်၊ ဦးသန်းထွန်း-ဒေါ်ပြုံးတို့၏တူ၊Dr.မောင်မောင်အေး(မေ့ဆေးအထူးကု)-ဒေါ်ခင်သူဇာမင်း၊ ဦးစိန်လှိုင်-ဒေါ်မိနိုင် တို့၏ အစ်ကို၊ တူ/တူမ သုံးယောက် တို့၏ဦးလေး၊ ဦးခင်မောင်ထွန်း-ဒေါ်အေးအေးနိုင်၊ ဦးမျိုးညွန့်-ဒေါ်ရီရီစိန်၊ ဦးခင်မောင်မြင့်-ဒေါ်စန္ဒာဝင်း တို့၏ ညီ/မောင်၊ ဦးနိုင်ဝင်း-ဒေါ်သုသုကျော် တို့၏အစ်ကို၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးလေး၊ မောင်မင်းပြည့်ဝင်း၏ မွေးသဖခင် ကျေးဇူးရှင်၊ Dr.ရင်ရင်အေး (မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ရှမ်းမြောက်၊ 'ဝ'အထူးဒေသ (၂)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၇-၅-၂၀၁၆(သောကြာနေ့)နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၆-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် (၂)ရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ တိုက်အမှတ်(၅၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)**

## ဦးရဲရွှေ

**အသက်(၉၃)နှစ်**

**ဂုဏ်ထူးဆောင်နာယကကြီး**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး ဦးရဲရွှေသည် ၂၂-၅-၂၀၁၆(တနင်္ဂနွေနေ့) နံနက်၁၁း၁၅နာရီတွင် ကွယ်လွန်သွားပြီး ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများထံ အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

**အလ္လာအသျှင်မြတ်အမိန့်ခံယူခြင်း**

## နဂျမွန်နီဆာ(ခ)ဒေါ်မိုးမိုးကြီး

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊မြယာကုန်းလမ်းတို၊အမှတ်(၁၂၄)နေ(ဦးရာဖီးအာမက်-ဒေါ်ဟာဇရာဘီဘီ)တို့၏ သမီးထွေး၊ (ဦးမျိုးအောင်)-ဒေါ်ခင်မြသိန်းတို့၏ ချွေးမ၊ (ဦးထွန်းဇော်မျိုး)၏ဇနီး၊ နစီးရ်အာမက်(ခ)မောင်ဇော်ဝင်းနိုင်၊ အာမင်း(န်)ဟာမက်(ခ)မောင်သန့်ဇင်ဦး(ဂူးဂူး)တို့၏မိခင်သည် ၂၅-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇိုဟိုရ်အပြီး ရေဝေးသုသာန်၌ ဒါဖနာပြီးစီးကြောင်း ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား သိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ရွှေမြသူ

**ကာယဆရာမ(ငြိမ်း)**

**စစ်တွေမြို့**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၂)၊ ၄-လွှာ(B)နေ (ဦးစောထွန်းဦး)၏ဇနီး၊ (ဦးမောင်ကျော်သာ)၊ ဦးစောမြ (ကသလယ်ယာ-ငြိမ်း)-ဒေါ်မမြဝင်း၊ ဦးစောမြတ်(မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်ကြည်ကြည်ဝင်း(မြန်မာ့စီးပွားရေးဘဏ်-စစ်တွေ)၊ ဦးစောရွှေ(ရဲအုပ်-မြောက်ဦး)-ဒေါ်ဦးကျော်ရီ၊ ဒေါ်မြမြစော(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)-ဦးတင်ထွေး(City Mart)၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၏ အဘောင်ရှင်သည် ၂၇-၅-၂၀၁၆ (သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး**

## ဦးထွန်းအောင်ကျော်

**(ရေစကြို)**

**စာရင်းကိုင်(ငြိမ်း)၊ ယာဉ်/စက်**

**အသက်(၇၈)နှစ်**

ရေစကြိုမြို့နယ်နေ (ဦးအောင်တိုး-ဒေါ်သက်ဝေ) တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၇၂၅)နေ ဒေါ်ရီလှ၏ချစ် လှစွာသောခင်ပွန်း ဦးထွန်းအောင်ကျော်သည် ၂၇-၅-၂၀၁၆ရက် နံနက်၄း၄၅နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြတ်နိုင်(ခ)ဦးအန်းကူ

**အသက် (၆၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၁၀)အခန်း(၁၁)၊ လေးလွှာ နှင်းဆီလမ်းနေ (ဦးအောင်ရှင်)-ဒေါ်ကျင် (ခ) ဒေါ်ယဉ်တို့၏ သားကြီး၊ (ဦးအောင်ရွှေ)-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ ဒေါ်ခင်ဆွေကြည်(ယုဇနပလာဇာ ငွေခေါင်းလောင်းအထည်ဆိုင်)တို့၏ ချစ်လှစွာသောခင်ပွန်း၊ မအိမွန်သက်(B.A, Eng)၊ မအိမွန်မြတ်(ဒုတိယနှစ်,Eng)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ (ဦးမောင်မောင်နိုင်)-ဒေါ်မြအေး၊ ဦးသက်နိုင်-ဒေါ်ခင်မြညွန့်(ခေတ္တ-USA)၊ ဦးတက်နေ-ဒေါ်သန်းသန်းအောင်၊ ဦးမောင်မောင်-ဒေါ်ရင်ရင်အောင်တို့၏ အစ်ကိုကြီး၊ တူ/တူမခြောက်ယောက်တို့၏ဘကြီး ဦးမြတ်နိုင်(ခ)ဦးအန်းကူသည် ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမိုးသက် (ကာတွန်း)

**B.Sc (Maths) ရန်ကင်းဆေးဆိုင်**

**အသက် (၅၈) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ တိုက် (၃၅၉)၊ အခန်း (၃)၊ ရန်ရှင်းလမ်း၊ အနောက်ရန်ကင်းနေ ဦးလှမင်း-ဒေါ်လှခင်တို့၏သား၊ ဦးချာလီ-ဒေါ်အမာတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ဝင်း (ခ) Rose Cherry (ရန်ကင်းဆေးဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမြင့်-ဒေါ်ခင်စိန်းရီ၊ (ဗိုလ်မှူးဖေအောင်)-ဒေါ်မေမေခင်၊ ဒေါ်အတာညီ၊ ဦးခွန်တင်မောင်မောင်-(ဒေါ်တင်တင်ရီ)၊ ဦးရင်မောင်မောင်-ဒေါ်ခင်စန်းချစ်တို့၏တူ၊ (ဒေါက်တာဒေါ်နီနီအောင် OG)၊ (ဦးမျိုးဟိန်း)-ဒေါ်ဝါဝါအောင်တို့၏ မောင်သည် ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) ည ၁၀း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထိန်လင်း (၈၁)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ကြွေထည်ပြေလုပ်ငန်း**

**စက်မှု(၁)**

Auditor & Financial Consultant, Khin Su Htay & Associates

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ မာလာလမ်းသွယ်၊ အမှတ်(၆၁၅/၂)နေ (ဦးထိန်ဝှက်-ဒေါ်ဖိတ်ငေါ်၊ ဒေါ်ဖိတ်ကင်)တို့၏သား၊ (ဦးလူဝ-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ဒေါ်ခင်စုဌေး(ညွှန်မှူး-ငြိမ်း၊ စက်မှု-၁)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဌေးလင်း၊ ဒေါက်တာသန့်စင်-ဒေါက်တာစုစုလင်း၊ ဒေါ်ခင်ဌေးလင်း(Director Yuzana Group of Companies)တို့၏ ချစ်လှစွာသောဖခင်ကြီးသည် Bangkok Samitivej Sukhumvit Hospital၌ ၂၆-၅-၂၀၁၆(ကြာသပတေးနေ့) ည ၉း၀၃နာရီတွင် ကွယ်လွန်သွားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်လှိုင် (၇၈)နှစ်

ရန်ကုန်မြို့၊ ထီးတန်းနေ (ဦးစိန်တင်-ဒေါ်ကြည်ကြည်)တို့၏ သားလတ်၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁၁၈)နေ (ဦးအောင်တင်)၊ (ဦးဘိုးရွှေ)-ဒေါ်စန်းကြည် ၏ ညီ/မောင်၊ (ဦးဖေမြင့်)၊ ဒေါ်ခင်အေးလွင်၊ ဦးခင်မောင်စန်း-ဒေါ်လှိုင်လှိုင်မြင့်၊ (ဦးကျော်ဝင်း-ဒေါ်ခင်ဝါဝါ)၊ ဦးသန်းဝင်း-ဒေါ်ခင်ဖြူဝင်း တို့၏ အစ်ကို၊ ဦးအောင်ခင်စိုး(Uniteam Marine Co.,Ltd.)-ဒေါ်မြတ်မြတ်မွှေး၊ ဦးထွန်းသစ်အောင်(MS DA JV Co.,Ltd.)-ဒေါ်အိအိလှိုင်(ခ)ဒေါ်ဇင်မာ၊ ဦးသန့်ဇင်ထွန်း (ထူးပိုင် III)-ဒေါ်ယဉ်မွန်သွယ်၊ ဒေါ်ဇာဇာလှိုင်၊ ဦးကျော်ဇေယျ၊ ဦးကျော်မင်းသူ-ဒေါ်နန်းချိုပြုံး၊ ဦးဖြိုးသူတို့၏ ဖခင်ကြီးသည် ၂၇-၅-၂၀၁၆ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၆-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်နု (၇၈)နှစ်

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ဆန္ဒမွန်ရိပ်မြိမ်နေ (ဦးညိုလေး)၏ဇနီး၊ ဒေါ်ခင်စန်းဝေ၊ ဦးခင်ကိုနိုင်(C/E Uniteam Marine)-ဒေါ်ခင်လေးမြင့်၊ ဦးအောင်ကျော်ခင်(ကထိက၊ ပို့/ဆက်ကျောင်း)-ဒေါ်ခင်ဌေးဝေ(ဦးစီးမှူး၊ စိုက်ပျိုး ရေး)၊ ဦးတင်ကိုနိုင်(ကောင်းဆက်သာ ဆောက်လုပ်ရေး)-ဒေါ်စန်းစန်းအေး၊ ဦးညီညီလွင်(ဒါရိုက်တာညီညီ-လဝန်းသစ်)-ဒေါ်မေမြတ်မွန်၊ ဦးဇော်ဇော်ဝင်း-ဒေါ်အိအိမွန် (ဆန္ဒမွန်စတိုးနှင့် ရွှေဆိုင်)၊ ဦးခန့်မင်းသော်(SKM Decoration Co.)-ဒေါ်စောခက်မွန်၊ ဦးညီညီထွေး(Micro Aircon)-ဒေါ်အေးအေးမာ(စာရင်းစစ်မှူး)၊ ဦးစောစီးလား(ပန့်နော်ဇယ်ပြုပြင်ရေး၊ ကေတုမတီမြို့သစ်)-ဒေါ်လေးနုထွေးတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၀ယောက်တို့၏အဘွားသည် ၂၇-၅-၂၀၁၆(သောကြာနေ့) ညနေ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆(စနေနေ့) ညနေ၄နာရီတွင် မြင်တော်ကန်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်ထွန်း

BE (Mechanical) 84 Batch

**အသက်(၅၅)နှစ်**

**အင်ဂျင်နီယာမှူး(ရေနံဓာတုဗေဒပစ္စည်းများသယ်ပို့ဖြန့်ဖြူးရေးဌာန)**

ရန်ကုန်မြို့၊အမှတ်(၁၀၄)၊ ဒုတိယထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးစံထွန်း-ဒေါ်ခင်ခင်မြင့်)တို့၏ သား၊ (ဦးဝင်းကြူ-ဒေါ်မြထွေး)တို့၏သားသမက်၊ ဒေါ်ထားထားကြူ၏ခင်ပွန်း၊ မောင်စည်သူနောင် (SHOWA GLOVE MYANMAR) မောင်သီဟအောင် (IGS ကုမ္ပဏီ)၊ မမြတ်သက်ထား (YTU Frist Years CEIT)တို့၏ ဖခင်ဖြစ်သူ ဦးကျော်မြင့်ထွန်းသည် ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆ (စနေနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သင်းသင်းဝေ

**အသက် (၄၉) နှစ်**

ရန်ကုန်မြို့၊ အမှတ် (၂၉၃)၊ (၁၁) လမ်း၊ (၃) ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်လှရွှေ) တို့၏သမီး၊ (ဦးစိန်သောင်း)-ဒေါ်စန်းမြင့်တို့၏သမီး ချွေးမ၊ ဦးမင်းခိုင်သန်း-ဒေါ်ချိုချိုမာတို့၏ညီမ၊ ဦးတင်မျိုးသက်-ဒေါ်လှလှမိုး (နေပြည်တော်ဗဟိုစာတိုက်ကြီး)တို့၏အစ်မ၊ ဦးသက်နိုင်ဦး၏ ချစ်လှစွာသော ဇနီး၊ မောင်အာကာသန်းထိုက်-မငုဝါစိုး၊ မောင်ယဉ်ဖြိုး-မနှင်းဝေစိုး၊ မဖူးငုံသာ၊ မောင်ရဲ မင်းဦးတို့၏ ချစ်လှစွာမိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေး နှစ်ယောက်တို့၏ အဘွားသည် ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) ည ၈း၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၆-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမောင်

**အသက်(၈၆)နှစ်**

**အင်ဂျင်နီယာချုပ်/မြန်မာ့လေကြောင်း(ငြိမ်း)**

**ညွှန်ကြားရေးမှူး ပို့/ဆက်ဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ဘောက်ထော်စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၁)၊ ခြံအမှတ်(၃)နေ (ဦးသန်းထွန်း-ဒေါ်ငွေတင်)တို့၏ သား၊ (ဒေါ်သိန်းသိန်း)၊ (ဒေါ်စိန်စိန်)တို့၏ ခင်ပွန်း၊ ဦးကျော်ဇင်ဦး-ဒေါ်မြတ်သူတို့၏ဖခင်၊ မဇွဲယုယကျော်ဇင်ဦး၊ မောင်ဘုန်းထက်ကျော်ဇင်ဦး တို့၏ ချစ်လှစွာသောအဘိုးသည် ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၃း၅၀ နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၂၈-၅-၂၀၁၆(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးချင်ဖိုက်ရှန်း(ခ) ဦးဆန်းအောင်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် (၅၇) A2 နေ (ဦးချင်ပြန်လင်း-ဒေါ်ညွန့်) တို့၏သား၊ (ဦးစိန်ကြည်)-ဒေါ်ခင်ကြည် တို့၏ သားသမက်၊ ဒေါ်စိန်စိန်၏ခင်ပွန်း၊ မဇာနီအောင် (ခေတ္တစင်ကာပူ)၊ (ကိုဇင်ကိုကို)တို့၏ ကျေးဇူးရှင်မွေးဖခင်၊ ဒေါ်ကျင်ရွှေ-(ဦးသိန်းမောင်)၊ (ဦးမွန်ရှိန်)-ဒေါ်ဝိုင်း၊ (ဦးမောင်စိန်)-ဒေါ်ကျင်မွေး၊ (ဦးဆန်းမောင်) တို့ညီ/မောင်၊ (ဦးတင်ရွှေ)-ဒေါ်သိဂီထွေးတို့၏အစ်ကိုသည် ၂၇-၅-၂၀၁၆ (သောကြာနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်ရွှေ အသက်(၁၀၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၆)လမ်း၊ အမှတ်(၇၄၇)နေ (ဦးထွန်းလင်း-ဒေါ်ဖွားခင်)တို့၏ သမီး၊ (ဦးချမ်းမြ)၏ဇနီး၊ (ဦးလှထွန်း-ဒေါ်ခင်စန်းရီ)၊ (ဦးမြအောင်)-ဒေါ်ဝင်းမြင့်၊ ဦးတင်စီ-ဒေါ်သန်းသန်းရှိန်၊ (ဦးတိုးကြွယ်)-ဒေါ်ကျင်စီ၊ ဦးမြင့်စီ၊ ဒေါ်မြဝင်း တို့၏ မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၀ယောက် တို့၏အဘွားသည် ၂၇-၅-၂၀၁၆ (သောကြာနေ့) နံနက် ၄း၄၅ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်မီဟေဘာနူး(Daw Meher Banoo) (၉၂)နှစ်

(အာဂါမာမွတ်ရှီရာဇီ-ဇါရာဘီဘီ) တို့၏မြေး၊ (ဟာဂျီမိုဟမ္မဒ်ဟါရှင်အစ္စပါဟာနီ-ခတီဂျာဘီဘီ)တို့၏သမီး၊ (မိရ်ဇါနစ္စရုလ္လာရှီရာဇီ)၏ဇနီး၊ (ရှဟဲရ်ဘာနူးခါနွမ်း၊ မိုဟမ္မဒ်ကာဇင်၊ ရှီရင်းခါနွမ်း၊ ခုရ်ရှစ်ခါနွမ်း၊ အာဂါမာမွတ်၊ မိုဟမ္မဒ်ဂျာဖရ်)တို့၏ညီမ၊ခါဝါရ်ဆူလ်တန်နာရှီရာဇီ-ဝါဂျစ်အလီရှာကိရ်၊ နူစရတ်ဆူလ်တန်နာရှီရာဇီ-အာဆတ်အာဂါရှီရာဇီ၊ နီဇမ်းရှီရာဇီ-ရာဇီယာဘေဂွန်(ခ)ဒေါ်အေးအေးညွန့်၊ ဇရင်းဆူလ်တာနာရှီရာဇီ-မိုဟမ္မဒ်ဟါရှင်အစ္စပါလါနီ၊ (ဆလင်းရှီရာဇီ)-ရူကီ(ခ)ဒေါ်သိန်းမြတို့၏မွေးသမိခင်ကြီး၊ မြေး၁၂ယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၆ရက် မွန်းလွဲ၂း၃၀နာရီတွင် ရေဝေးမဂိုရှီအာသုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်မြ (၈၃)နှစ်

ရန်ကုန်မြို့၊ သယ်န်ကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ ဒေါ်နီလမ်း၊ အမှတ်(၆၆/၀၀၂)နေ (ဦးထွန်းမြိုင်-ဒေါ်အေးစိန်)တို့၏ သမီးလတ်၊ (ဦးသောင်းစိန်)၏ဇနီး၊ ဒေါက်တာမြင့်သိန်း-ဒေါ်အေးအေးမော်၊ (ဦးလှမြင့်)-ဒေါ်စန်းသင်၊ ဒေါ်ရီရီဝေ၊ ဒေါ်သန်းသန်းဆွေ (Pretty Curtain)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၆ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၁-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ၁၀နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းတင်(ကျုံကဒတ်) (၈၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ တိုက်(၇)၊ အခန်း(၃၀၁)နေ အဘ(ဦးထွန်းညွန့်-ဒေါ်မစိန်)တို့၏သမီးကြီး (ဦးခင်ရွှေ)၏ဇနီး၊ (ဒေါ်သင်းကြိုင်)၊ ဒေါ်မြမြညွန့်တို့၏အမ၊ ဦးမြင့်ရွှေ-ဒေါ်ခင်ဝင်းမြင့်၊ဒေါက်တာ တင်အောင်(မီးယပ်နှင့်သားဖွားအထူးကု၊ ထားဝယ်-ပြည်သူ့ဆေးရုံကြီး)-ဒေါ်နန်းအေးမေ၊ ဦးချစ်ဦး-ဒေါ်နီနီရွှေ (THE GREAT SHWE NI NI CO.,LTD)တို့၏မိခင်မောင်လင်းထက်၊ မောင်အောင်မျိုး၊ မောင်အောင်ပြည့်၊ မအင်ကြင်းမွှေး၊ မောင်ဝေယံချစ်ဦး၊ မောင်ထက်အာကာချစ်ဦးတို့၏ အဘွားသည် ၂၅-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၆(သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၀နာရီထိ အထက်ပါ နေအိမ်သို့ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထိန်လင်း (၈၁)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ကြွေထည်ပြေလုပ်ငန်း**

**စက်မှု(၁)**

Auditor & Financial Consultant, Khin Su Htay & Associates

ရန်ကုန်မြို့နေ (ဦးလူဝ-ဒေါ်ကျင်မေ)တို့၏ သားသမက်၊ (ဦးကြည်ထိန်-ဒေါ်ကြင်ရီ)၊ (ဦးလှမင်း-ဒေါ်ကြည်ကြည်)၊ ဒေါ်ရီရီ၊ ဒေါက်တာဦးအိန်ဟိုး-ဒေါက်တာဒေါ်ခင်သန်းကြွယ်၊ (ဦးစိန်လင်း)-ဒေါ်ခင်နှင်းယဉ်တို့၏မောင်၊ (ဦးမြင့်စိုး)-ဒေါက်တာဒေါ်လှမင်းတို့၏အစ်ကိုသည် Bangkok Samitivej Sukhumvit Hospital ၌ ၂၆-၅-၂၀၁၆(ကြာသပတေးနေ့) ည ၉း၀၃ နာရီတွင် ကွယ်လွန်သွားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထိန်လင်း (၈၁)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း**

**စက်မှု(၁)**

Auditor & Financial Consultant,Khin Su Htay & Associates

ရန်ကုန်မြို့နေ (ဦးထိန်ဝှက်-ဒေါ်ဖိတ်ငေါ်၊ ဒေါ်ဖိတ်ကင်)တို့၏သား၊ (ဦးဟန်စိန်-ဒေါ်တင်ကြည်)၊ (ဦးစောမြင့်ကျိန်း-ဒေါ်မြရင်)၊ (ဦးဝင်းမောင်-ဒေါ်မြမြ)၊ (ဦးအောင်သိန်း)-ဒေါ်မြင့်မြင့်တို့၏ညီ/မောင်သည် Bangkok Samitivej Sukhumvit Hospital ၌ ၂၆-၅-၂၀၁၆ (ကြာသပတေးနေ့) ည ၉း၀၃ နာရီတွင် ကွယ်လွန်သွားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုဒ်ဦး၊ လမ်း၊ ရေကန် ဒါယကာကြီး**

## သီရိသုဓမ္မမဏိဇောတဓရ ဦးရွှေမြ (၇၃)နှစ်

**(တိုင်းရင်းဆေးသမားတော်ကြီး)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မူရှင်းရွာနေ (ဦးသိုင်ညာ-ဒေါ်ရွှေလုံမ) တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၉)နေ ဒေါ်ခင်ယုံ၏ခင်ပွန်း၊ မောင်ငြိမ်းလှသိုက်၊ မအေးအေးမိုးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ကျောက်ဖြူမြို့နယ်၊ မူရှင်းရွာနေ ဒေါ်ရွှေအိမ်သာ၊ ဦးစံရွှေမြ၊ ဦးစံရွှေမောင်၊ ဒေါ်အေးသိန်းတို့၏အစ်ကိုကြီးသည် ၂၇-၅-၂၀၁၆ (သောကြာနေ့) မွန်းလွဲ၁၂း၁၅နာရီတွင် SSCရွှေဂုံတိုင်အထူးကုဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မနှင်းယုလှိုင် (၂၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးခင်ငှါ-ဒေါ်ကူးလူး၊ ဖြူးမြို့နေ ဦးကျင်သောင်း-ဒေါ်ဖွယ်ရာတို့၏မြေး ဦးစိန်မင်း-ဒေါ်လှလှမြင့်တို့၏ သမီး၊ မောင်ထွန်းလင်းအောင်-မလဲ့လဲ့အောင်ခိုင်တို့၏ ညီမသည် ၂၇-၅-၂၀၁၆(သောကြာနေ့) နံနက် ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရွှေကျင်မြို့တရုတ်သုသာန်၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသားစိစစ်ရေးနှင့် ပြည်နယ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



မေ ၂၅ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်တစ်စီးအား ကရိန်းကားဖြင့်ဖယ်ရှားရှင်းလင်းစဉ်။

# ရန်ကုန်မြို့တွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများအား အလေးထားဆောင်ရွက်သွားမည်

သတင်း- ဇာဏီ၊ ဓာတ်ပုံ- ဟန်စိန်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ လျော့နည်းကျဆင်းရေးအတွက် အလျင်အမြန်ဆောင်ရွက်သွားရန် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ မေ ၂၆ ရက်က လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း တင်သွင်းသည့်အဆိုကို အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။

ထိုနေ့ကကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် ယာဉ်များ စည်းကမ်းမဲ့မောင်းနှင်ခြင်းသည် ယာဉ်ကြောကျပ်တည်းခြင်း၏ အဓိက အကြောင်းအရင်းတွင် ပါဝင်သည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာစေရန် ပညာပေးစည်းရုံးမှုများ ပြုလုပ်ပြီးနောက် လိုက်နာခြင်းမရှိပါက ထိရောက်သည့် ပြစ်ဒဏ်ချမှတ်မှုများ ပြုလုပ်သင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ထည့်သွင်းဆွေးနွေးခဲ့သည်။

"ယာဉ်ကြောပိတ်ဆို့မှုဟာ များသောအားဖြင့် လိုင်းကားတွေ စည်းကမ်းမဲ့ ပြေးဆွဲတာ၊ ရပ်ချင်သလိုရပ်တာ၊ ကိုယ်သွားရမယ့် ယာဉ်ကြောအတိုင်းမသွားကြတာ၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့**



သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး

အာသာဝတီ (အမှတ်တံဆိပ်)
သွေးတိုးကျဆေး

TMR 013106 (0118)

၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံချိန်မီ OECD (423) Guide Line ဖြင့် ပြုလုပ်သည်။
၃။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင်နိုင်သည်။
၄။ Reference : - Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)

ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။